# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ ကဆုန်လဆန်း ၆ ရက်၊ ၂၀၀၇ ခုနှစ်၊ ဧပြီ ၂၁ ရက်၊ စနေနေ့၊ အတွဲ (၄၆)၊ အမှတ် (၁၉၈)


**စစ်မှန်သော မျိုးချစ်စိတ်ဓာတ်**

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည် ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ်ထားရှိ မွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

# ဆေးဝါးများ အရည်အသွေး အစဉ်မြင့်မားနေအောင် စနစ်ရှိရှိ ဆန်းစစ်သုံးသပ်ထုတ်လုပ်

# ဆေးဝါးထုတ်လုပ်ရေးအတွက် လိုအပ်သည့် ကုန်ကြမ်းဆေးဝါးပင်များ စုဆောင်းစိုက်ပျိုး

# အဖြစ်များသည့် ငှက်ဖျား၊ တီဘီ၊ ဆီးချို၊ သွေးတိုး၊ ဝမ်းကိုက်၊ ဝမ်းလျှောရောဂါများ ထိထိရောက်ရောက် ကုသနိုင်သည့် ကိုယ်ပိုင်ဆေးဝါးများ အမြန်ထုတ်လုပ်နိုင်ရေးကြိုးပမ်း

**နေပြည်တော် ဧပြီ ၂၀**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ်ရှိ ရတနာပုံမြို့သစ် တည်ဆောက်ရေးလုပ်ငန်းများကို ဧပြီ ၁၉ ရက်နံနက်ပိုင်းက ကြည့်ရှုစစ်ဆေးပြီး ဆေးဝါးလုပ်ငန်းစက်ရုံ(ပြင်ဦးလွင်)နှင့် ဆေးသုတေသနဦးစီးဌာန(အထက်မြန်မာပြည်)တို့၏ လုပ်ငန်းများနှင့် စပ်လျဉ်း၍ လမ်းညွှန်မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ)ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ *စာမျက်နှာ ၈ ကော်လံ ၁* ■

**လမ်းညွှန်မှာကြား**

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဆေးသုတေသနဦးစီးဌာန (အထက်မြန်မာပြည်)တွင် လမ်းညွှန်မှာကြားစဉ်။**

(သတင်းစဉ်)

**အများပြည်သူ ဝယ်ယူ အသုံးပြုနိုင်သည့်အဆင့်အထိ ဆေးဝါးများကို ကျယ်ကျယ်ပြန့်ပြန့် ထုတ်လုပ်သွားနိုင်မှသာ အမျိုးသားကျန်းမာရေး အဆင့်အတန်းသည်လည်း ထိရောက်မြင့်မားမည်။**

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း
၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

အယ်ဒီတာ့ အာဘော်
(၂၀၀၇ ခုနှစ်၊ ဧပြီလ ၂၁ ရက်)

# လျှပ်စစ်ဓာတ်အား စနစ်တကျဖြန့်ဖြူးနိုင်ရေး ကြိုးပမ်း ပြည်သူများ အကျိုးကျေးဇူး မြန်မြန်ခံစားရမည်

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့ အနောက်တောင်ဘက် ၁၇ မိုင်အကွာ မန်တက်ကျေးရွာအနီး ရွှေလီမြစ်ပေါ်၌ တည်ဆောက်လျက်ရှိသည့် ရွှေလီ(၁) ရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းကို ဧပြီလ ၁၈ ရက်နေ့တွင် သွားရောက်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာများ လမ်းညွှန်မှာကြားခဲ့သည်။

ရွှေလီ(၁) ရေအားလျှပ်စစ်စီမံကိန်းမှာ လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၆၀၀ ထုတ်ယူရရှိမည့် စီမံကိန်း ဖြစ်သည်။ စီမံကိန်းလုပ်ငန်းများဖြစ်သည့် ကွန်ကရစ်ရေထိန်းတမံ တည်ဆောက်ခြင်း၊ ရေလွှဲဥမင်လိုဏ် ဖောက်လုပ်ခြင်း၊ ရေခေါ်မြောင်းနှင့် ရေယူအဆောက်အအုံတည်ဆောက်ခြင်းနှင့် ချုံးကပ်ဥမင်လိုဏ် ဖောက်လုပ်ခြင်းစသည့် အဓိကလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယခုအခါ စီမံကိန်းတစ်ခုလုံး၏ ၅၁ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီ ဖြစ်သည်။

နိုင်ငံတော်တွင် လိုအပ်လျက်ရှိသော လျှပ်စစ်ကဏ္ဍဖွံ့ဖြိုးတိုးတက်မှုအတွက် ရွှေလီ(၂) စီမံကိန်း၊ ရွှေလီ (၃)စီမံကိန်း၊ တာပိန်(၁)စီမံကိန်း၊ တာပိန်(၂)စီမံကိန်းနှင့် အထက်သံလွင်စီမံကိန်းစသည့် ရေအားလျှပ်စစ်စီမံကိန်းများကို ဆက်လက် အကောင်အထည်ဖော် တည်ဆောက်သွားမည်ဖြစ်သည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက အကောင်အထည်ဖော် တည်ဆောက်သွားမည့် စီမံကိန်းများနှင့်စပ်လျဉ်း၍ လမ်းညွှန်ရာတွင်–

**"အထက်သံလွင်စီမံကိန်း၊ ရွှေလီစီမံကိန်းနှင့် တာပိန်စီမံကိန်းအဆင့်ဆင့်တို့ကို မြန်မြန် အကောင်အထည်ဖော် မြန်မြန်ပြီးစီးရန်လိုကြောင်း၊ လက်ရှိ လက်တွေ့တိုင်းတာသော ရေအရင်းအမြစ်များအပြင် အခြားအလားအလာရှိသော ရေအရင်းအမြစ်များကို ဆက်လက်ရှာဖွေသွားရန် ဖြစ်ကြောင်း၊ ရေအားလျှပ်စစ်ထုတ်လုပ်မှုအပိုင်းကို အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိသကဲ့သို့ ယင်းစီမံကိန်းများမှ ထွက်ရှိလာမည့် လျှပ်စစ်ဓာတ်အားကို စနစ်တကျဖြန့်ဖြူးပေးမည့် မဟာဓာတ်အား လိုင်းစနစ်ကိုလည်း အချိန်ကိုက်ပြီးစီးအောင် တည်ဆောက်သွားရန်ဖြစ်ကြောင်း"**

မှာကြားသွားခဲ့သည်။

တည်ဆောက်ဆဲ ရွှေလီ(၁) ရေအားလျှပ်စစ်စီမံကိန်း၏ အောက်ဘက် မိုးမိတ်မြို့နယ်အတွင်း ရွှေလီမြစ်ပေါ်၌ မဂ္ဂါဝပ် ၄၆၀ ရှိ ရွှေလီ(၂)စီမံကိန်းကို လည်းကောင်း၊ ရွှေလီ(၂)စီမံကိန်း၏ အောက်ဘက် မိုင် ၃၀ ခန့်အကွာ ရွှေလီမြစ်ပေါ်၌ မဂ္ဂါဝပ် ၃၆၀ ရှိ ရွှေလီ(၃)စီမံကိန်းကိုလည်းကောင်း ဆက်လက် ဖော်ဆောင်သွားမည် ဖြစ်သည်။

ရွှေလီမြစ်ပေါ်၌ တည်ဆောက်လျက်ရှိသည့် ရေအားလျှပ်စစ်စီမံကိန်း အားလုံးပြီးစီးပါက လျှပ်စစ်ဓာတ်အားမဂ္ဂါဝပ် ၁၄၂၀ ထုတ်ယူရရှိနိုင်မည် ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ စီမံကိန်းအသီးသီးမှ ထွက်ရှိလာမည့် လျှပ်စစ်ဓာတ်အားကို စနစ်တကျဖြန့်ဖြူးနိုင်ရန်အတွက် ရေအားလျှပ်စစ်စီမံကိန်းများနှင့်အတူ မဟာဓာတ်အား လိုင်းသွယ်တန်းမှုစနစ်ပါ တစ်ပြိုင်တည်းပြီးစီးစေရန် ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး အကျိုးကျေးဇူးများ မြန်မြန်ခံစားကြရမည်ဖြစ်ပါကြောင်း ရေးသားတင်ပြ လိုက်ရပေသည်။ ။

## ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**ခင်ပွန်း ဦးသိန်းဟန်(ခ) ဦးဂုဏ်စိန် တစ်နှစ်ပြည့်အား ရည်စူး၍ ရန်ကုန်တိုင်း ဗိုလ်တထောင်မြို့နယ် ၄၈လမ်း အမှတ် (၁၅၆) နေ ဇနီးဒေါ်ခင်တင့်နှင့် သားသမီး၊ မြေးများ မိသားစုက ဒဂုံမြို့နယ် အမှတ် ၁၆ စ ကား ဝါ လမ်း မင်းကွန်း ဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ် ငါးသိန်းကို တိပိဋကဓရ ဆရာတော် ဘဒ္ဒန္တကုဏ္ဍလာဘိဝံသထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ(ရန်ကုန်ဌာန) လက်ထောက်အုပ်ချုပ်ရေးမှူး ဦးထိန်ဝင်းထံ ပေးအပ်လှူဒါန်းစဉ်။** (က–ပ)

## ရဟန်းလောင်း၊ ရှင်သာမဏေနှင့် သီလရှင်တို့အား သာသနာ့ဘောင် သွတ်သွင်း

**ရန်ကုန် ဧပြီ ၂၀**

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ်နေ သီရိသုဓမ္မမဏိဇောတရေ ဦးမြင့်စိုး–ဒေါ်မြမြစိုး၊ သမီး မရတနာစိုးမိသားစုက မကွေးတိုင်း မင်းဘူး–စကုမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ စကုစာသင်တိုက်ပဓာနနာယက ဆရာတော် ဘဒ္ဒန္တ ဥတ္တမအား ဥပဇ္ဈာယ်ပြုပြီးဒုလ္လဘရဟန်း ၂၇ပါး၊ သာမဏေ ၁၁၄ ပါး၊ သီလရှင် တစ်ပါးတို့အား သာသနာ့ဘောင်သို့ သွတ်သွင်းချီးမြှင့်ပွဲကို ဧပြီ ၁၅ ရက် (မဟာသင်္ကြန်အကြတ်နေ့)တွင် စကုစာသင်တိုက်၌ ကျင်းပသည်။

**ရေစက်ချ**

ရှေးဦးစွာ ဧပြီ ၁၄ ရက် (မဟာသင်္ကြန်အကျနေ့) မွန်းလွဲပိုင်းတွင် သာမဏေ ၁၁၄ ပါး၊ သီလရှင် တစ်ပါးတို့အား သာသနာ့ဘောင်သို့ သွတ်သွင်းကာ ညပိုင်းတွင် စကု–ဆင်ဝေါင်းသွားကားလမ်းရှိ ရွှေပေါက်ကံကျေးရွာမှ အလှူရှင် ဦးမြင့်စိုးမိသားစု**(ယာပုံ)**က ငွေကျပ်သိန်း ၆၀၀ကျော် အကုန်အကျခံ တည်ထား လှူဒါန်းထားသည့် ထောင်ပြည့်ဘုရားသုံးဆူအား ဆီမီး၊ နံ့သာ ၁၈၀၀ စီဖြင့် ထွန်းညှိပူဇော်ပွဲကို ကျင်းပရာ ဘုရားများ၏သမိုင်းကိုဦးစိုးဝင်း(စဉ့်ကူ စိုးဝင်း)က ရှင်းလင်းပြောကြားပြီး ဘုရားဖူးများ၊ ဒေသခံများက ဆီမီးများနှင့် အမွှေးတိုင်များဖြင့် ထွန်းညှိ ပူဇော်ကြ၍ ဧပြီ ၁၅ရက်(မဟာသင်္ကြန်အကြတ်နေ့) တွင် စကုမြို့ ဘုရားကြီးသိမ်၌ ရဟန်းလောင်း ၂၇ပါးတို့အား မြင့်မြတ်သော ရဟန်းဘောင်သို့ ချီးမြှင့်ကာ စေတနာရှင်များက သိမ်ဆင်းလောင်းလှူကြသည်။ ထို့နောက် အလှူရှင်မိသားစုက သံဃာတော်များ၊ သာမဏေများနှင့် သီလရှင်များအား နေ့ဆွမ်းဆက်ကပ် လှူဒါန်းကာ စတုဒိသာ ကျွေးမွေးလှူဒါန်းပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှ ပေးဝေကြသည်။ **(သတင်းစဉ်)**

## သာသနာ့အကျိုးဆောင်အဖွဲ့ ဓမ္မပူဇာ တရားပွဲ

**ရန်ကုန် ဧပြီ ၂၀**

ကျောက်တံတားမြို့နယ် အမှတ် (၉)ရပ်ကွက် လမ်း(၄၀)အထက်လမ်း၊ သာသနာ့အကျိုးဆောင်အဖွဲ့က ကြီးမှူး၍ ဒုတိယအကြိမ်မြောက် ဓမ္မပူဇာသဘင်ကို ဧပြီ ၂၂ရက် (တနင်္ဂနွေနေ့)နံနက် ၉နာရီတွင် ဆွမ်းအနုမောဒနာ တရားတော်များ ဟောကြားပြီး ၂၃ရက်တွင် မိုးညိုဆရာတော် ဘဒ္ဒန္တဇာနေယျ (သာသနဓဇ ဓမ္မာစရိယ) LL.B၊ ၂၄ရက်တွင် (သာသနဓဇ သီရိပဝရ ဓမ္မာစရိယ) ဆရာတော် ဘဒ္ဒန္တရဋ္ဌသာရ (အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ) နိုင်ငံတော်ဗဟို သံဃာ့ဝန်ဆောင် မင်္ဂလာရာမ ပါဠိတက္ကသိုလ်၊ ၂၅ရက်တွင် (ဓမ္မကထိကဗဟုဇန ဟိတဓရ) မင်းကွန်းဆရာတော် ဘဒ္ဒန္တဓမ္မသာရ (ဒီဃဘာဏက)တို့က ညစဉ် ၇နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားတော်မူကြမည်ဟု သိရသည်။ **(က–ပ)**

**ရန်ကုန်တိုင်း ဒဂုံမြို့သစ်(မြောက်ပိုင်း) ၄၆ ရပ်ကွက် မိုးမခလမ်းနေ တက္ကသိုလ် စိန်တင်–ဒေါ်တင်စိန်(စိမ့်ပညာရေး)တို့က ဒေါ်တင်စိန် (စိမ့်ပညာရေး)၏ မွေးနေ့ အထိမ်းအမှတ် ဆေးပဒေသာပင် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးသောင်းထွန်းထံ ပေးအပ်လှူဒါန်းစဉ်။** (က–ပ)

## မြဝတီရုပ်မြင်သံကြား

**၂၁–၄–၂၀၀၇ (စနေနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၀ | ၁။ | မြဝတီအဖွင့် |
| ၇း၀၅ | ၂။ | အဖွင့်သီချင်း |
| ၇း၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၇း၂၀ | ၄။ | မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇း၃၀ | ၅။ | မြန်မာသံစဉ်ချိုနှားဝင် |
| ၇း၄၅ | ၆။ | မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ် |
| ၇း၅၀ | ၇။ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၇း၅၅ | ၈။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၈း၀၀ | ၉။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈း၁၀ | ၁၀။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |

**နေ့လယ်ပိုင်း**

| | | |
|---|---|---|
| ၁၂း၀၀ | ၁။ | မြဝတီအဖွင့် |
| ၁၂း၀၅ | ၂။ | အဖွင့်သီချင်း |
| ၁၂း၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၁၂း၂၀ | ၄။ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၁၂း၂၅ | ၅။ | ကျန်းမာသုတ |
| ၁၂း၃၀ | ၆။ | ရုပ်မြင်သံကြားဇာတ်လမ်း **ပုဏ္ဏရိက** သရုပ်ဆောင်–ခန့်စည်သူ၊ ထွန်းအိန္ဒြာဗို ဒါရိုက်တာ–ကျော်သူ |
| ၁၃း၅၀ | ၇။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |

**ညပိုင်း**

| | | |
|---|---|---|
| ၄း၀၀ | ၁။ | မြဝတီအဖွင့် |
| ၄း၀၅ | ၂။ | အဖွင့်သီချင်း |
| ၄း၁၀ | ၃။ | မြတ်ဘုရားဒေသနာ ရေးအတိတ်ကံအစွမ်းကြောင့် ဖြစ်ပေါ်လာ |
| ၅း၁၀ | ၄။ | မျိုးချစ်တပ်မတော် |
| ၅း၂၀ | ၅။ | ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ |
| ၅း၄၅ | ၆။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၆း၀၀ | ၇။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆း၁၀ | ၈။ | နိုင်ငံတကာသတင်း |
| ၆း၂၀ | ၉။ | မိုးလေဝသသတင်း |
| ၆း၂၅ | ၁၀။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၆း၄၀ | ၁၁။ | လျှပ်တစ်ပြက် |
| ၆း၅၀ | ၁၂။ | အံ့သြဖွယ်ရာ ဆပ်ကပ်ပညာ |
| ၇း၀၀ | ၁၃။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရှိတော့ရှိတယ် ရှားတယ်** (အပိုင်း–၁၀) |
| ၈း၀၀ | ၁၄။ | မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၅။ | ဖွံ့ဖြိုးသာယာ ပြည်မြန်မာ |
| | ၁၆။ | စိုက်ပျိုးသုတ |
| | ၁၇။ | ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် |
| | ၁၈။ | English Premier League ဘောလုံးပွဲ Manchester United Vs Middlesbrough (Live) |

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ကော့မှူးမြို့နယ် ဝါးဘလောက်သောက် စံပြကျေးရွာ လောကပြတင်း စာကြည့်တိုက်အတွက် စာအုပ်များ ပေးအပ်လှူဒါန်းစဉ်။** (သတင်းစဉ်)

❒ **ကျောဖုံးမှ**

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် တမာတကော-ထိန်ကုန်း-ဝါးရုံဆိပ်လမ်းအတိုင်း လမ်းဖောက်လုပ် ပြီးစီးမှုအခြေအနေများကို မော်တော်ယာဉ်ဖြင့် ကြည့်ရှုစစ်ဆေးပြီး နံနက်၇နာရီခွဲတွင် တွံတေးမြို့နယ် မငေးကျေးရွာ အခြေခံပညာမူလတန်းကျောင်းသို့ ရောက်ရှိကြသည်။

## ရှင်းလင်းတင်ပြ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေအား ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက တမာတကော ချောင်းကူးကွန်ကရစ်တံတားတည်ဆောက်မည့်အစီအစဉ်နှင့် ဆောင်ရွက်နေသည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တွံတေးမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်စံသာက လှိုင်သာယာ-တွံတေးကားလမ်းနှင့် ဆက်သွယ်သည့် တမာတကော-ထိန်ကုန်း-ဝါးရုံဆိပ်လမ်း ဖောက်လုပ်ပြီးစီးသည့် အခြေအနေ၊ စက်တူးမြောင်းတံတားမှ တွံတေးမြို့နယ် ဝိုင်းမြောင်းအထိ လမ်းဖြစ်၊ မြောင်းဖြစ် စက်တူးမြောင်း ပြန်လည်တူးဖော်ခြင်းလုပ်ငန်းများ အခြေအနေနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

## ပံ့ပိုးကူညီ

ရှင်းလင်းတင်ပြသည်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက သတ်မှတ်ချိန်အတွင်း ပြီးစီးအောင်ဆောင်ရွက်ရေး၊ လမ်းဖောက်လုပ်ရာတွင် ဌာနဆိုင်ရာများက လိုအပ်သည်များကို ပံ့ပိုးကူညီပေးရေးတို့နှင့်စပ်လျဉ်း၍ မှာကြားသည်။

## ဆက်လက်ဆောင်ရွက်

တမာတကော-ထိန်ကုန်း-ဝါးရုံဆိပ်လမ်းမှာ လမ်းအရှည် ၁၉၈၇၁ပေရှိပြီး လှိုင်သာယာ-တွံတေးကားလမ်းမှ ဝါးရုံဆိပ်အထိ ၁၈ပေအကျယ် မြေဖို့ခြင်းလုပ်ငန်းများပြီးစီးနေပြီး လှိုင်သာယာ-တွံတေးကားလမ်းမှ ရေငံရိုးချောင်းအထိ လမ်းမျက်နှာပြင်ချောခြင်းလုပ်ငန်းများ ပြီးစီးနေပြီဖြစ်သည်။ လှိုင်သာယာ-တွံတေးကားလမ်းမှ တမာတကောချောင်းအထိ ၁၀ပေအကျယ် တောင်မြေဖို့ခြင်းလုပ်ငန်းများ ပြီးစီးနေပြီး တမာတကောချောင်းမှ ကြည့်မြင်တိုင် နယ်စပ် ရေငံရိုးချောင်းအထိ ခြောက်ပေအကျယ် တောင်မြေဖို့ခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

တမာတကောချောင်းကူး ကွန်ကရစ် တံတားကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက မေလကုန်တွင် ပြီးစီးအောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် တမာတကောချောင်းကူး ကွန်ကရစ်တံတားကမ်းကပ်ခုံ တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

## ကြည့်ရှုစစ်ဆေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် လှိုင်သာယာ-တွံတေးကားလမ်းရှိ စက်တူးမြောင်းတံတားသို့ရောက်ရှိပြီး စက်တူးမြောင်းအား စက်ယန္တရားဖြင့် လမ်းဖြစ် မြောင်းဖြစ်တူးဖော်နေမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

အဆိုပါ စက်တူးမြောင်းမှာ စက်တူးမြောင်းတံတားမှ တွံတေးမြို့နယ် ရွှေမုယင်းဒေသပိုင်မြောင်းအထိ ၉ ဒသမ ၅ မိုင်ရှည်ပြီး ယင်းတူးမြောင်းပြီးစီးပါက လှိုင်သာယာ-တွံတေးကားလမ်းမှ တွံတေးမြို့နယ် ရွှေမုယင်းဒေသပိုင်မြောင်းအထိ ယာဉ်များသွားလာနိုင်မည့်အပြင် တွံတေးမြို့နယ်ရှိ ကံရွာ၊ တမံကြီး၊ ကလီထော်၊ ကြည်တန်းနှင့် ရေတွင်းကုန်းကျေးရွာများရှိ လယ်မြေဧက ၄၈၀ တွင် နွေစပါးများ တိုးချဲ့စိုက်ပျိုးနိုင်မည်ဖြစ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ကော့မှူးမြို့ စက်မှုလယ်ယာဦးစီးဌာန အမှတ်(၃၆)ထွန်စက်စခန်းသို့ ရောက်ရှိကြပြီး စခန်းအတွင်း၌ ရန်ကုန်တောင်ပိုင်းခရိုင် ကော့မှူးမြို့နယ် ခြစ်စည်းရိုးကြက်ဆူဧက၁၀၀၀ ပျိုးဥယျာဉ်အပိုင်း(၁) ဧက၁၀၀စိုက်ခင်းသို့သွားရောက်၍ အောင်မြင် ဖြစ်ထွန်းလျက်ရှိသည့် ခြစ်စည်းရိုးကြက်ဆူပင်များကို ကြည့်ရှုစစ်ဆေးကာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ခြစ်စည်းရိုးကြက်ဆူပင် ပျိုးပင်များကို မိုးဦးကျကာလတွင် သက်ဆိုင်ရာစိုက်ခင်းများသို့ ရွှေ့ပြောင်းစိုက်ပျိုးရန် တာဝန်ရှိသူများအား မှာကြားသည်။

## ဖဲကြိုးဖြတ်ဖွင့်လှစ်

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့်အဖွဲ့ဝင်များသည် ကော့မှူးမြို့နယ် မြို့သစ်ရပ်ကွက်၌ ကျင်းပသည့် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက လှူဒါန်းသည့် မြို့ရေပေးဝေရေး စက်ရေတွင်းဖွင့်ပွဲ အခမ်းအနားသို့ ရောက်ရှိကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူးဗိုလ်ချုပ်လှဌေးဝင်းနှင့် ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့က စက်ရေတွင်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

## အမှာစကားပြော

ထို့နောက် အခမ်းအနားကို ယာယီမဏ္ဍပ်၌ ဆက်လက်ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းက အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံ၌ လူဦးရေ၏ ထက်ဝက်ကျော်သည် ကျေးလက်ဒေသတွင် နေထိုင်ကြသဖြင့် ကျေးလက်နေပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုကို ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အပြင် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီး တည်ဆောက်ရာ၌ မြို့ပြဒေသဖွံ့ဖြိုးတိုးတက်ရေးသာမက ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကြီး (၅)ရပ်ချမှတ်ပြီး ဒေသအလိုက် စီမံချက်များချမှတ်ကာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ဤသို့ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ထဲထဲဝင်ဝင် ဆောင်ရွက်ကြရာက ကျေးလက်နေပြည်သူများ ကျန်းမာကြံ့ခိုင်ရန်အတွက် သန့်ရှင်းသော သောက်သုံးရေဖူလုံစွာ ရရှိဖို့ အထူးလိုအပ်လှကြောင်း။

## ရေအကျိုးဆယ်ပါး

ယနေ့ကော့မှူးမြို့နယ်၏ ရေပေးဝေရေး စက်ရေတွင်းများဖြစ်ပေါ်လာပုံကို အနည်းငယ်ပြောကြားလိုကြောင်း၊ ပြီးခဲ့သည့် လပိုင်းများက ကော့မှူးမြို့နယ်နှင့် ကိုးမိုင်ခန့်ဝေးသော ကွမ်းခြံကုန်းမြို့နယ်၌ ကွမ်းခြံကုန်းဇာတိသားများနှင့် မြို့သူမြို့သားများ ငွေအားလုပ်အားဖြင့် ငွေကျပ်သိန်း၂၅၀၀ခန့်သောက်သုံးရေပေးဝေရေးစနစ်ကို ထူထောင်ခဲ့ပြီး မြို့ခံလူထုသည် အိမ်တိုင်ရာရောက် သောက်သုံးရေရရှိနေပြီဖြစ်ကြောင်း၊ ကော့မှူးမြို့နယ်တွင် ကွမ်းခြံကုန်းမြို့ နယ်ကဲ့သို့ ရေရရှိရေးအတွက် မြို့လူထုနှင့်ဆွေးနွေးတိုင်ပင်ကြရာတွင် ငွေ ကျပ်သိန်း၂၅၀ ခန့်သာ ထည့်ဝင်နိုင်ကြောင်း သိရကြောင်း၊ ကျွမ်းကျင်သူ အင်ဂျင်နီယာများကို

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များ လှိုင်သာယာတွံတေးကားလမ်းရှိ စက်တူးမြောင်းအား စက်ယန္တရားဖြင့် လမ်းဖြစ် မြောင်းဖြစ် တူးဖော်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

တာဝန်ပေးပြီး ခန့်မှန်းကုန်ကျစရိတ် တွက်ချက်စေရာတွင် ငွေကျပ်သိန်း၁၃၀၀ ကျော် ကုန်ကျမည်ဟုသိရှိရကြောင်း၊ ကော့မှူးမြို့နယ် လူထုအနေဖြင့် အချိန်အများကြီးယူပြီး စုဆောင်းရမည့် ငွေပမာဏဖြစ်နေသည့်အတွက် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရန်ပုံငွေက ငွေကျပ်၂၀၃သိန်းကျော် ကျခံပြီး အိမ်တိုင်ရာရောက် ရေပေးဝေရေးစနစ်ကို ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်အကြီးအကဲ၏ စေတနာဖြစ်သည့် ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်၌ သောက်သုံးရေဖူလုံစွာ ရရှိရေးသည် အဓိကကျကြောင်း၊ "ရေအသက်တစ်မနက်၊ ထမင်းအသက်ခုနစ်ရက်" ဆိုသည့်စာဆိုနှင့်အညီ လူသားများအတွက် ရေသည်အလွန်အရေးကြီးကြောင်း၊ ထို့ထက်ပို၍ အရေးကြီးသည်က **"သန့်ရှင်းသော ကျန်းမာရေးနှင့်ညီညွတ်သော သောက်သုံးရေရရှိရန်"** ပဲဖြစ်ကြောင်း၊ တရားတော်များ၌လည်း **"ရေအကျိုးဆယ်ပါး၊ မတောင်းဘဲနှင့်ပြည့်သည်"** ဆိုကြပြီး အကျိုးကျေးဇူးကြီးမားလှပုံကို ပုံဆောင်ပြလေ့ရှိကြကြောင်း။

## အိမ်တိုင်ရာရောက်

ကော့မှူးမြို့နယ်၌ ရေပေးဝေနိုင်ရေးအတွက် ဆောင်ရွက်ကြရာ၌ Over Head Tankဖြင့်အိမ်တိုင်ရာရောက် ရေပေးဝေရန် Pipe Network System များကို မဆောင်ရွက်သေးဘဲ ရေရရှိရေးအဓိကကျသည့် စက်ရေတွင်း လေးတွင်းကိုသာ ဦးစားပေးလုပ်ကိုင်ခဲ့ကြောင်း၊ အမြင့်ရေကန်လေးကန် ဆောက်လုပ်ပေးနိုင်ခဲ့ပြီး အများသုံး ရေချိုးခန်း၊ အမျိုးသားသီးသန့်လေးခန်း၊ အမျိုးသမီးသီးသန့်လေးခန်း ဆောက်လုပ်ပေးပြီးဖြစ်သည့်အတွက် မြို့နေလူထုအနေဖြင့် သောက်သုံးရေကို လွယ်ကူဖူလုံစွာသုံးစွဲနိုင်ပြီဖြစ်ကြောင်း၊ ဆက်လက်ပြီး အိမ်တိုင်ရာရောက် ရေဖြန့်ဝေပေးနိုင်ရေးကို ကြိုးပမ်းဆောင်ရွက်သွားနိုင်ရန် ပြည်သူများအနေဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် မြို့ရေပေးရေးလုပ်ငန်းနှင့်ပတ်သက်သော စာရွက်စာတမ်းများကို တိုင်းမှူးဗိုလ်ချုပ်လှဌေးဝင်းက ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးခင်မောင်ဆန်းသို့ လွှဲပြောင်းပေးအပ်သည်။

## ကြည့်ရှုအားပေး

အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် စက်ရေတွင်းမှ သောက်သုံးရေကို ဒေသခံပြည်သူများထံ အခမဲ့ဖြန့်ပေးနေမှုကို ကြည့်ရှုအားပေးသည်။

အဆိုပါစက်ရေတွင်း (လေး)တွင်းကို မြို့သစ်ရပ်ကွက်၊ ပြည်တော်သာရပ်ကွက်၊ တောင်ပိုင်းရပ်ကွက်နှင့် ဘုရားလမ်းရပ်ကွက်များတွင် တစ်တွင်းစီကို တူးဖော်ပေးခဲ့ပြီး ကုန်ကျစရိတ်မှာ ငွေကျပ်၃၂၄၅၀၀၀ ဖြစ်သည်။ အဆိုပါ စက်ရေတွင်းတူးဖော်သည့် ကုန်ကျစရိတ်ကို ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကျခံခဲ့ပြီး ဒေသခံပြည်သူများအား သောက်သုံးရေများကို အခမဲ့ ဖြန့်ဝေပေးလျက်ရှိကြောင်း သိရှိရသည်။

## ဘုရားလမ်းစက်ရေတွင်း

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့်အဖွဲ့ဝင်များသည် ဘုရားလမ်းရပ်ကွက်ရှိ စက်ရေတွင်း သို့ ရောက်ရှိကြပြီး ဒေသခံပြည်သူများ သောက်သုံးရေသယ်ယူနေမှုကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့်အဖွဲ့ဝင်များသည် ကော့မှူးမြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းရုံးသို့ ရောက်ရှိကြပြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက လှူဒါန်းတူးဖော်ပေးသည့် နှစ်ဧကအကျယ် ရေကန်မှရေကို ရေစုပ်စက်ဖြင့်စုပ်တင်ပြီး မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းရုံးရှိ ရေလှောင်ကန်သို့ ပေးပို့သိုလှောင်ကာထိုမှတစ်ဆင့် ဒေသခံပြည်သူများအား ရေအခမဲ့ဖြန့်ဝေနေမှုကို ကြည့်ရှုအားပေးကြသည်။ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ကော့မှူး-ဝါးဘလောက်သောက်လမ်းအတိုင်း မော်တော်ယာဉ်များဖြင့်ထွက်ခွာလာကြရာ ကော့မှူးမြို့နယ် ထမ္ဘနိုင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲသို့ ရောက်ရှိကြသည်။

## ကျောင်းဆောင်သစ်

ယင်းနောက် အဆိုပါ ကျောင်းအတွင်းရှိ ယာယီမဏ္ဍပ်၌ ရန်ကုန်တိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ဆောက်လုပ်လှူဒါန်းသော ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားနှင့်တံတားသစ် လေးစင်းဖွင့်ပွဲအခမ်းအနားကိုကျင်းပရာ အခမ်းအနား၌ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက အမှာစကားပြောကြားရာတွင် ယနေ့ရန်ကုန်တောင်ပိုင်းခရိုင် ကော့မှူးမြို့နယ် ထမ္ဘနိုင်ကျေးရွာ၌ ကျင်းပသည့် ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ဆောက်လုပ်လှူဒါန်းထားသော အခြေခံပညာအထက်တန်းကျောင်းခွဲရှိ ကျောင်းဆောင်သစ် ပေးအပ်လှူဒါန်းပွဲနှင့် ထမ္ဘနိုင်တံတားသစ်လေးစင်း ဖွင့်ပွဲအခမ်းအနားသည် နိုင်ငံတော်က ချမှတ်ထားသည့် လူမှုရေးဦးတည်ချက်၊ စီးပွားရေး ဦးတည်ချက်များအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်လိုက်ခြင်းပင်ဖြစ်ကြောင်း။

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရန်အတွက် အဓိကအကျဆုံးလုပ်ငန်းသည် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ရန်ပင်ဖြစ်ကြောင်း၊ ယခုကော့မှူးမြို့နယ် ထမ္ဘနိုင်ကျေးရွာလမ်းများ တိုးတက်ကောင်းမွန်ရန်အတွက် တံတားလေးစင်းကို နိုင်ငံတော်က ထောက်ပံ့ပေးသော ကျေးလက်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေကျပ် သိန်း ၄၀ဖြင့် မတည်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း။

## ဆောက်လုပ်လှူဒါန်း

ထမ္ဘနိုင်ကျေးရွာနှင့် ပတ်ဝန်းကျင် ကျေးရွာများဖြစ်သော ကျွဲလူးအိုင်၊ မဝန်း၊ ကန်သုံးကန်၊ ကိုးထောင်၊ မျက်ဆံနီ၊ ဖရုံချောင်းကျေးရွာများရှိ ကျောင်းသားကျောင်းသူများအား ထားပြီး ပညာရည်နို့ သောက်စို့နေရသည့် ထမ္ဘနိုင်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းခွဲ၌ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ငွေကျပ်သိန်း ၂၀၀တန်းဖိုးရှိ ကျောင်းဆောင်သစ်ကြီးကို ဆောက်လုပ်လှူဒါန်းခဲ့ကြောင်း။

## နှလုံးလှလုပ်ငန်းစဉ်

မိမိဒေသ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် အခြေခံအကျဆုံးဖြစ်သည့် လမ်းပန်းဆက်သွယ်ရေး ကောင်မွန်းမှုကို အကောင်အထည်ဖော်နိုင်ခဲ့ခြင်း၊ မိမိဒေသရှိ မျိုးဆက်သစ်ကလေးသူငယ်များ၏ ပညာရည်မြင့်မားရေးအတွက် အထောက်အကူပြုနိုင်သော ကျောင်းဆောင်သစ်များ ဆောက်လုပ်ပေးနိုင်ခြင်းတို့သည် မွန်မြတ်မြင့်မားလှသည့် **"နှလုံးလှ"** လုပ်ငန်းစဉ်များဖြစ်ကြောင်း ပြောကြားသွားသည်။

## ပေးအပ်

ယင်းနောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရန်ကုန်တိုင်းတာဝန်ခံ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက ကျောင်းဆောင်သစ်နှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို အမှတ်(၃) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကိုယ်စား လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်လှထံ လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ ရန်ကုန်တောင်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်ဝင်းက တံတားလေးစင်း ဆောက်လုပ်မှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် တံတားလေးစင်းနှင့်ပတ်သက်သည့် စာရွက် စာတမ်းများကို ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးဦးလှစိုးက

**စာမျက်နှာ ၉ ကော်လံ ၁**

# လူတိုင်းအတွက် ဗီတာမင် ဒီ

ဗီတာမင်များသည် သတ္တဝါများတို့ ကြီးထွားဖွံ့ဖြိုးမှုနှင့် ခန္ဓာကိုယ်ထဲရှိ ကလာပ်စည်း (cell)များ ပုံမှန်အလုပ် လုပ်ဆောင်နိုင်ရန် မရှိမဖြစ်လိုအပ်ပေသည်။ အဓိက ဗီတာမင် ၁၃ မျိုးရှိပါသည်။ ရေတွင်ပျော်ဝင်သော ဗီတာမင် ကိုးမျိုးနှင့် အဆီတွင်ပျော်ဝင်သော ဗီတာမင်လေးမျိုးရှိပါသည်။ ၎င်းတို့အနက် ဗီတာမင်ဒီသည် အဆီတွင်ပျော်ဝင်သော ဗီတာမင်တစ်မျိုးဖြစ်ပြီး ၎င်းသည် အရိုးနှင့်အဆစ်များ သန်စွမ်းရေးအတွက် ကယ်လ်ဆီယမ်ဓာတ်ကို စုပ်ယူခြင်း၊ အရိုးတွင် ကယ်လ်ဆီယမ်ပါဝင်မှုနှင့် ကြွက်သားများလှုပ်ရှားခြင်းတို့တွင် လိုအပ်ပါသည်။

## ဗီတာမင်ဒီ အမျိုးအစားများ

ဗီတာမင်ဒီ နှစ်မျိုးရှိပါသည်၊ ပထမတစ်မျိုးမှာ **ဗီတာမင်ဒီ(၂)**ဖြစ်ပြီး ၎င်းသည်အပင်များမှ ရရှိနိုင်ပါသည်။ နောက်တစ်မျိုးမှာ **ဗီတာမင်ဒီ (၃) (Cholecalciferol)**ဖြစ်ပြီး ၎င်းကို တိရစ္ဆာန်များမှ ရရှိပါသည်။ ဗီတာမင်ဒီ(၃)သည် ဇီဝအစွမ်းသတ္တိပိုရှိပြီး ၎င်းသည် အစားအသောက်တွင် ပါဝင်၍ ခန္ဓာကိုယ်၏ ဇီဝဖြစ်စဉ်အတွက် ကောင်းကျိုးကို ရရှိစေပါသည်။ **ကျန်းမာရေးအတွက် အဓိကကျသောအချက်များမှာ ရောင်စုံအသီးအနှံနှင့် ဟင်းသီးဟင်းရွက်များ** မှန်မှန်စားသောက်ခြင်းနှင့် **လေ့ကျင့်ခန်း မှန်မှန်ပြုလုပ်ခြင်း**တို့ ဖြစ်ပေသည်။ နောက်ဆုံးပေါ်တွေ့ရှိချက်များ အရ ထပ်မံဖြည့်စွက်ရလျှင် **နေပူစာလှုံခြင်း**သည်လည်း အရေးကြီးသည့် အချက်ပင်ဖြစ်ပေသည်။

## နေရောင်ခြည်နှင့် ဗီတာမင်ဒီ

ခရမ်းလွန်ရောင်ခြည် (Ultraviolet Light) (UV Light) သုံးမျိုးရှိပါသည်။ UV-A ၊ UV-B နှင့် UV-C တို့ ဖြစ်ပါသည်။ UV-C သည် အပြင်းဆုံးရောင်ခြည်ဖြစ်ပြီး အချိန်တိုအတွင်း အနည်းငယ်ထိရုံမျှဖြင့် အရေပြားလောင်ခြင်းကို ဖြစ်စေပါသည်။ သို့ရာတွင် ၎င်းကို အိုဇုန်းလွှာ (ozone) က လျင်မြန်စွာ စုပ်ယူသွားပါသည်။ ဖလော်ရင့်ဆင့်နှင့် ဟေလိုဂျင်များထဲတွင် UV-C ပါဝင်၍ အရေပြားကင်ဆာဖြစ်ပွားစေနိုင်ကြောင်း တွေ့ရှိရပါသည်။ UV-A ရောင်ခြည်ကို (Tanning Ray) ဟုခေါ်ပြီး ၎င်းသည် အရေပြား၏ အရောင်ကို ရင့်စေပါသည်။ ၎င်း UV-A ရောင်ခြည်သည် လှိုင်းအလျား ရှည်သောကြောင့် UV-B နှင့် နှိုင်းယှဉ်လျှင် အရေပြားအတွင်းသို့ ပိုမိုထိုးဖောက် ဝင်ရောက်နိုင်ပါသည်။

**ဗီတာမင်ဒီ** ထုတ်ပေးရန်အတွက် အသင့်တော်ဆုံး ခရမ်းလွန်ရောင်ခြည်မှာ UV-B ပင်ဖြစ်ပါသည်။၎င်းကို Burning Ray ဟုလည်းခေါ်ပါသည်။ ၎င်းသည် နေလောင်ခြင်း (Sun Burn)ဖြစ်စေသော အဓိက ရောင်ခြည်ပင်ဖြစ်သည်။ သို့ရာတွင် ၎င်းသည် ခန္ဓာကိုယ်ထဲတွင် **ဗီတာမင်ဒီ**ထုတ်လုပ်ပေးရန် အရေးကြီးသော ကဏ္ဍမှလည်းပါဝင်နေပေသည်။ UV-B သည် ကိုယ်အလေးချိန်ကျခြင်းနှင့် စွမ်းအင်ထုတ်လုပ်ခြင်းတို့တွင် အဓိကပါဝင်သော ဟော်မုန်း (Melanocyte Stimulating Hormone -MSH) ထုတ်လုပ်မှုကို အားပေးပါသည်။ နံနက် ၁၀ နာရီမှ မွန်းလွဲ ၂ နာရီကြားတွင် ရရှိမည့် နေရောင်ခြည်တွင် UV-B အများဆုံး ပါဝင်၍ ၎င်း UV-B သည် ဗီတာမင်ဒီကို လုံလောက်အောင် ထုတ်လုပ်ပေးသည်။ သို့ဖြစ်၍ **နွေရာသီ၊ သို့မဟုတ် ဆောင်းရာသီများ၌ နံနက် ၁၀ နာရီမှ မွန်းလွဲ ၂ နာရီကြားတွင်** အရေပြားအရောင်အဆင်းနှင့် အမျိုးအစားပေါ် မူတည်၍ **အရေပြားလောင်ကျွမ်းမှု မဖြစ်စေဘဲ မိနစ် ၂၀ မှ ၃၀ အတွင်း နေပူစာလှုံခြင်း**ဖြင့် ကိုယ်ခန္ဓာအတွက် လုံလောက်သော ဗီတာမင်ဒီကို ရရှိနိုင်ပြီး ၎င်းဗီတာမင်အား ခန္ဓာကိုယ်ထဲရှိ အဆီများက စုပ်ယူထိန်းသိမ်းထားပါသည်။ ဗီတာမင်ဒီပါဝင်သော အဆီကိုစုပ်ယူမှုသည် မိနစ် ၃၀ မှ ၆၀ အထိ ကြာမြင့်သည်။ သို့ဖြစ်၍ **နေပူစာလှုံပြီးလျှင် တစ်နာရီခန့်နားပြီးမှ ရေချိုးသင့်ပါသည်။** တစ်နေ့လျှင် ၁၀ မိနစ်မှ ၁၅ မိနစ်အထိ တစ်ပတ်လျှင် သုံးကြိမ်ခန့် နေပူစာလှုံခြင်းဖြင့် ၂၀၀ မှ ၄၀၀ အိုင်ယူ IU (International Unit) ရှိသော ဗီတာမင်ဒီကို ရရှိပေမည်။ အသားရောင်ရင့်သူများအတွက်မူ မိနစ် ၂၀ မှ ၃၀ ခန့်အထိ နေပူစာလှုံသင့်သည်။

## ဗီတာမင်ဒီနှင့် အစားအသောက်

ဗီတာမင်ဒီကို နေရောင်ခြည်မှ ရရှိသကဲ့သို့ အစားအစာအချို့တွင်လည်း ဗီတာမင်ဒီ ပါဝင်ပါသည်။ ၎င်းတို့မှာ ဝက်၊ နွား၊ သိုး၊ ဆိတ်တို့၏ ဝမ်းတွင်းသားများနှင့် အသားများ၊ ရေငန်ငါးများ (ဥပမာ–ငါးသေတ္တာငါး) အခွံမာငါးများ၊ နို့နှင့် နို့ထွက်ပစ္စည်းများ (ချိစ်၊ ဒိန်ခဲ၊ ထောပတ်၊ မာဂျရင်း)ဖျော်ရည်များ၊ နံစားပြောင်းနှင့် ငါးအဆီတို့တွင် ပါဝင်ပါသည်။ မွေးမြူရေးငါးများတွင် ဗီတာမင်ဒီ လုံလောက်စွာ မပါဝင်ပါ။ ရေငန်ငါးများသည် သဘာဝအလျောက် ပေါက်သော ဗီတာမင်ဒီ ပါဝင်သော အပင်တစ်မျိုး (Phytoplanleton) ကို စားသောက်ခြင်းကြောင့် ၎င်းရေငန်ငါးများတွင် ဗီတာမင်ဒီ ပါဝင်မှုများပြားခြင်း ဖြစ်ပေသည်။

### အစားအစာ အမျိုးမျိုးမှရရှိသော ဗီတာမင်ဒီပါဝင်မှု

| စဉ် | အစားအစာ | ပမာဏ | ဗီတာမင်ဒီပါဝင်မှု |
|---|---|---|---|
| ၁။ | ငါးကြီးဆီ | စားပွဲတင်ဇွန်းတစ်ဇွန်း | ၁၃၆၀ IU |
| ၂။ | ဆော်လ်မွန်ငါး | ၇ ကျပ်သားခန့် | ၃၆၀ IU |
| ၃။ | တူနာငါး | ၅ ကျပ်သားခန့် | ၂၀၀ IU |
| ၄။ | ငါးသေတ္တာငါး | ၅ ကျပ်သားခန့် | ၂၅၀ IU |
| ၅။ | နို့ | လက်ဖက်ရည်ပန်းကန် တစ်လုံး | ၉၈ IU |
| ၆။ | ဥ | တစ်လုံး | ၂၄ IU |
| ၇။ | ဝက်၊ကြက်၊သိုး အသည်း | ၇ ကျပ်သားခန့် | ၁၅–၂၀ IU |
| ၈။ | ဝက်အဆီ | ၇ ကျပ်သားခန့် | ၂၈၀၀ IU |
| ၉။ | ပြည်ကြီးငါး၊ ကင်းမွန် | ၇ ကျပ်သားခန့် | ၁၇၂ IU |
| ၁၀။ | ထောပတ် | ၅ ကျပ်သား | ၅၆ IU |

### အသက်အရွယ်အလိုက် နေ့စဉ်လိုအပ်သော ဗီတာမင်ဒီ ပမာဏ

အသက် ၅ နှစ်မှ ၅၀ အထိ ၂၀၀ IU

အသက် ၅၁ နှစ်မှ ၇၀ အထိ ၄၀၀ IU

အသက် ၇၁ နှစ်နှင့် အထက် ၆၀၀ IU

ယနေ့ တိုးတက်နေသောခေတ်ကြီးတွင် လူအများစု စားသုံးသော အစားအသောက်များ၌ ဗီတာမင်ဒီလုံလောက်စွာ ပါဝင်မှုမရှိကြောင်းကို တွေ့ရှိရပါသည်။ ယခုအခါ လူအများသည် အဆီဓာတ်လွန်ကဲမှုကို

ပါမောက္ခ ဒေါက်တာပိုင်စိုး

အလွန်အမင်း ကြောက်ရွံ့နေကြသောကြောင့် အဆီဓာတ်များသော အစားအစာများဖြစ်သည့် မလိုင်အပြည့်ပါသော နို့နှင့်နို့ထွက်ပစ္စည်းများ၊ တိရစ္ဆာန်အဆီများ စားသုံးမှုကို သိသိသာသာ လျှော့ချလိုက်ခြင်းကြောင့် ဗီတာမင်ဒီကို လုံလောက်စွာ မရရှိကြတော့ဘဲ ဗီတာမင်ဒီချို့တဲ့မှုရောဂါများ ဖြစ်ပေါ်လာကြပြန်ပါသည်။ အသက်သတ်လွတ် စားသူများတွင်လည်း ဗီတာမင်ဒီ ချို့တဲ့မှုကို တွေ့ရှိရပါသည်။

## ဗီတာမင်ဒီ၏ အာနိသင်

ဗီတာမင်ဒီသည် အစာလမ်းကြောင်းများမှ ကယ်လ်ဆီယမ်စုပ်ယူမှုကို အားပေးပြီး ကယ်လ်ဆီယမ်ကို ဆဲလ်အမြှေးပါးများမှတစ်ဆင့် ဆဲလ်ထဲဝင်ရောက်ပြီး အဆစ်များနှင့် အာရုံကြောများကို သန်မာစေပါသည်။ ကယ်လ်ဆီယမ်သာမက မဂ္ဂနီဆီယမ်၊ သံဓာတ်နှင့် ဇင့် (Mg, Iron & Zinc) တို့ စုပ်ယူမှုကိုလည်း အားပေးခြင်းဖြင့် အရိုးအဆစ်များကို သန်မာစေပါသည်။ သွေးထဲရှိ ကယ်လ်ဆီယမ်၏ ပမာဏကိုလည်း ထိန်းထားပေးပါသည်။ ထို့အပြင် ဗီတာမင်ဒီသည် ကိုယ်ခံအားကောင်းစေပြီး ကြွက်သားများကို သန်စွမ်းစေပါသည်။ ထို့အပြင် အချို့သော ဟော်မုန်းများ ထုတ်လုပ်ရာတွင်လည်း အားပေးပါသည်။

ဗီတာမင်ဒီသည် ဓာတ်တိုးခြင်းကို ကာကွယ်သော သတ္တိ (Anti-oxident) အာနိသင်ရှိပြီး ၎င်းအာနိသင်သည် Vitamin E ထက် ပိုမိုသာလွန်ပါသည်။ ကာဗိုဟိုက်ဒရိတ်၊ ပရိုတင်း၊ အဆီနှင့် ဒီအင်အေ (DNA) တို့တွင်ရှိသော Free Radicals များသည် တစ်သျှူးများကို ဓာတ်တိုးစေခြင်းဖြင့် ပျက်စီးစေပြီး၊ နှလုံးသွေးကြောရောဂါ၊ ကင်ဆာရောဂါ၊ အဆစ်အမြစ်ရောင် ရောဂါ၊ အိုမင်းရင့်ရော်စေခြင်းနှင့် မျက်စိတိမ်စွဲခြင်းတို့ကို ဖြစ်ပေါ်စေပါသည်။ သို့ဖြစ်၍ ဓာတ်တိုးခြင်းကို ဆန့်ကျင်သောသတ္တိ (Anti-oxidant Activity)ရှိသော ဗီတာမင်ဒီသည် အထက်ဖော်ပြပါ ရောဂါများ ဖြစ်ပွားမှုကို ကာကွယ်တားဆီး စေနိုင်ကြောင်း လူအများစုတွင် လေ့လာတွေ့ရှိချက်များအရ သိရပါသည်။ ယခုအခါ ပြုလုပ်နေဆဲဖြစ်သော သုတေသန တွေ့ရှိချက်များအရ အချို့သော ရောဂါများကို ကာကွယ်ကုသနိုင်ယုံသာမက အိုမင်းရင့်ရော်ခြင်းကိုလည်း တားဆီးနိုင်ကြောင်း တွေ့ရှိရပါသည်။ ဗီတာမင်ဒီသည် ခန္ဓာကိုယ်ထဲရှိ ခုခံအားစနစ်ကို အားပေးခြင်းဖြင့် ရောဂါပိုးဝင်ရောက်မှုကိုလည်းကောင်း၊ ရောင်ရမ်းခြင်းကိုလည်းကောင်း ကာကွယ်ပေးပါသည်။

ဗီတာမင်ဒီသည် ခန္ဓာကိုယ်ထဲတွင် ဟော်မုန်းအသွင်ပြောင်းလဲ၍ ၎င်းသည် ပုံမှန်ဆဲလ်များ၏ ကြီးထွားမှုကို ထိန်းသိမ်းပေးပြီး ပုံမှန်မဟုတ်သောဆဲလ်များ ပွားများမှုကိုလည်း တားဆီးပေးသဖြင့် ကင်ဆာရောဂါဖြစ်ပွားမှုကို ဟန့်တားပေးနိုင်ပါသည်။

## ဗီတာမင်ဒီ နှင့် အဆီ

ခန္ဓာကိုယ်ထဲရှိ ဗီတာမင်ဒီ၏ ပမာဏသည် မိမိစားသုံးသော အဆီအမျိုးအစားအပေါ်တွင် မူတည်ပါသည်။ မပြည့်ဝဆီများ စားသုံးခြင်းဖြင့် ဗီတာမင်ဒီ ပါဝင်သော ပရိုတိန်းနည်းပါးစေပြီး ဗီတာမင်ဒီ ပမာဏ ကို နည်းပါးစေပါသည်။ ပြည့်ဝဆီ (ဥပမာ–ထောပတ်၊ ဒိန်ခဲ၊ စားအုန်းဆီ) တို့ကို စားသုံးခြင်းဖြင့် ဗီတာမင်ဒီ၏ ပမာဏကို များစေပါသည်။ ယခုအခါ အန္တရာယ်ကင်းသော မပြည့်ဝဆီများ ပိုမိုစားသုံးပြီး ပြည့်ဝဆီများနှင့် ပြောင်းလဲဆီ(Trans-fat)များစားသုံးခြင်းကို လုံးဝရှောင်ကြဉ်ခြင်းကြောင့် ဗီတာမင်ဒီချို့တဲ့မှု ပိုမိုများပြားလာပါသည်။

## ဗီတာမင်ဒီနှင့် ကယ်လ်ဆီယမ်

ကယ်လ်ဆီယမ်ဓာတ်သည် ခန္ဓာကိုယ်အတွက် မရှိမဖြစ်လိုအပ်သော သတ္တုဓာတ်တစ်မျိုးဖြစ်ပါသည်။ ကိုယ်တွင်း ဇီဝကမ္မဖြစ်စဉ်များတွင် ကယ်လ်ဆီယမ် မပါ၍ မဖြစ်ပါ။ ကယ်လ်ဆီယမ်သည် အရိုးများ သန်မာစေရေးအတွက် အထူးအရေးပါကြောင်း လူအများ သိကြပြီးဖြစ်သည်။ သို့သော် ဗီတာမင်ဒီ လုံလောက်စွာ မရရှိပါက အူလမ်းကြောင်းမှ ကယ်လ်ဆီယမ်ဓာတ်ကို လုံလောက်စွာ စုပ်ယူနိုင်ခြင်းမရှိပါ။ ထို့ကြောင့် ကယ်လ်ဆီယမ် သက်သက်သာမက ဗီတာမင်ဒီကြွယ်ဝသော အစာအာဟာရများကိုပါ စားသုံးရန် အထူးလိုအပ်ပါသည်။

ဗီတာမင်ဒီကို ခန္ဓာကိုယ်အတွက် အသုံးပြုရာတွင် အချို့သောဓာတ်သတ္တုများ အထူးသဖြင့် ကယ်လ်ဆီယမ်နှင့် မဂ္ဂနီဆီယမ်တို့သည် အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်ပါသည်။ ခန္ဓာကိုယ်ထဲတွင် ကယ်လ်ဆီယမ်နှင့် မဂ္ဂနီဆီယမ် လုံလောက်စွာ မရရှိပါက ဗီတာမင်ဒီသည် အရိုးထဲမှ ကယ်လ်ဆီယမ်ဓာတ်နှင့် အခြားသော ဓာတ်သတ္တုများကို ဆွဲယူလိုက်သည်။

ထို့ကြောင့် **ဗီတာမင်ဒီကို သောက်သုံးလျှင် ကယ်လ်ဆီယမ်နှင့် မဂ္ဂနီဆီယမ်ကဲ့သို့သော ဓာတ်သတ္တုများပါ ပေါင်းစပ်၍ သောက်သုံးသင့်ပါသည်။**

## ဗီတာမင်ဒီနှင့် ကျန်းမာရေး

**ဗီတာမင်ဒီသည်** အထက်တွင်ဖော်ပြခဲ့သော အာနိသင်များကြောင့် **ကင်ဆာရောဂါ၊ နှလုံးရောဂါ၊ အဆစ်အမြစ်ရောင်ရောဂါ၊ အရိုးရောဂါ၊ ဆီးချိုနှင့် သွားဖုံးရောဂါဖြစ်ပွားမှုတို့ကို ကာကွယ်တားဆီးပေးသည်။** အချို့သော သုတေသနတွေ့ရှိချက်များအရ **ရင်သားကင်ဆာ၊ အဆုတ်၊ ဆီးကျိတ်၊ ဆီးအိမ်၊ အစာရေမျိုပြွန်၊ အစာအိမ်၊ သားဥ၊ သားအိမ်၊ အစာဟောင်းအိမ်၊ ကျောက်ကပ်၊ ပြန်ရည်ကျိတ်ကင်ဆာ၊ သားအိမ်ခေါင်း၊ သည်းခြေအိတ်၊ ခံတွင်း၊ အသက်ရှူလမ်းကြောင်း၊ ပန်ကရိယ(မုန့်ချိုအိတ်)၊ သွေးကင်ဆာ၊ အူမကြီးကင်ဆာဖြစ်ပွားခြင်းတို့မှာ ဗီတာမင်ဒီနှင့် ဆက်စပ်နေကြောင်း တွေ့ရှိရပါသည်။** သို့ဖြစ်၍ **အထက်ပါရောဂါများနှင့် ကင်ဆာရောဂါများကို ကာကွယ်တားဆီးပေးသော ဗီတာမင်ဒီကို လူသားများကျန်းမာရေးတွင် ကောင်းစွာ အသုံးချသင့်သည်။**

**ဗီတာမင်ဒီ ချို့တဲ့ပါက သွေးတိုး၊ အဝလွန်ရောဂါ၊ ဆီးချိုနှင့် နှလုံးသွေးကြောကျဉ်း ရောဂါများ** ဖြစ်တတ်ပါသည်။ **ဗီတာမင်ဒီ ပမာဏနည်းပါးပါက သွေးကြောများတွင် ကယ်လ်ဆီယမ် စုပုံခြင်းဖြစ်ပွားပြီး သွေးကြောမာခြင်းနှင့် သွေးကြောကျဉ်းရောဂါတို့ ဖြစ်စေပါသည်။** ၎င်းမှတစ်ဆင့် နှလုံးသွေးကြော ရုတ်တရက် ပိတ်ဆို့ခြင်းနှင့် နှလုံးရပ်၍ ရုတ်တရက် သေဆုံးခြင်းတို့ ဖြစ်ပွားတတ်ပါသည်။

အချို့သော သုတေသနတွေ့ရှိချက်များအရ အသက်အရွယ်ကြီးရင့်လာသူများသည် ဗီတာမင်ဒီစုပ်ယူခြင်း နည်းပါးသည့်အပြင် ၎င်းတို့အရေပြားမှာလည်း ဗီတာမင်ဒီ လုံလောက်စွာ မရရှိတော့ပါ။ **သို့ဖြစ်၍ အသက်ကြီးသူများသည် ဗီတာမင်ဒီနှင့် ကယ်လ်ဆီယမ်ကို မှန်မှန်ဖြည့်စွက် သောက်သုံးသင့်ပါသည်။ ထိုသို့ ဖြည့်စွက်သုံးစွဲခြင်းဖြင့် အရိုးပါးခြင်း၊ အရိုးဆတ်၍ ကျိုးခြင်းတို့ကို ကာကွယ်နိုင်ပါသည်။**

## ဗီတာမင်ဒီ ချို့တဲ့လျှင်၊ နည်းပါးလျှင်

ဗီတာမင်ဒီ ချို့တဲ့လျှင် ကင်ဆာရောဂါများ၊ နှလုံးရောဂါ၊ သွေးတိုး၊ အဆစ်အမြစ်ရောဂါ၊ ဆီးချိုရောဂါ၊ သွားဖုံးရောဂါနှင့် Multiple Sclerosis ရောဂါတို့ ဖြစ်ပွားစေရန် အခွင့်အလမ်း ပိုများပါသည်။ နှလုံးရောဂါနှင့် ပတ်သက်၍ သုတေသနပြုလုပ်ချက်များအရ ဗီတာမင်ဒီသည် နှလုံးရောဂါ ဖြစ်ပွားစေသော C-reactive protein ကို နည်းပါးစေပြီး၊ သွေးပေါင်ချိန်ကိုလည်း ကျစေပါသည်။

သွေးတိုးရောဂါ သုတေသနတွေ့ရှိချက်အရ UV-B ရောင်ခြည်ထိတွေ့ခြင်းအား တစ်နေ့လျှင် မိနစ်အနည်းငယ်မျှနှင့် တစ်ပတ်ကို သုံးကြိမ်၊ ခြောက်ပတ်တိတိ ပြုလုပ်လျှင် သွေးပေါင်ကျဆင်းစေကြောင်း တွေ့ရှိရသည်။ ထို့အပြင် နေ့စဉ် ဗီတာမင်ဒီ ၁၆၀၀ IUနှင့် ကယ်လ်ဆီယမ် မီလီဂရမ် ၈၀၀ ကို ရှစ်ပတ် တိုက်ကျွေးလျှင် သွေးပေါင်ကျဆင်းစေကြောင်း တွေ့ရှိရပါသည်။

Multiple Sclerosis ရောဂါဖြစ်ပွားမှုကို သုတေသနပြုလုပ်ရာတွင် သူနာပြု ၁၈၇၅၆၃ ဦးအား ဗီတာမင်ဒီ ၄၀၀ IU နေ့စဉ် တိုက်ကျွေး၍ စမ်းသပ်ခဲ့ရာ Multiple Sclerosis ရောဂါဖြစ်ပွားနှုန်း ၄၀ရာခိုင်နှုန်း ကျဆင်းကြောင်း တွေ့ရှိရပါသည်။

အဆစ်အမြစ်ရောင်ရောဂါ (Rheumatoid Arthritis) သုတေသနတွင် အသက် ၅၅ နှစ်မှ ၆၉နှစ် အကြား အမျိုးသမီး ၃၀၀၀၀ အား ၁၁နှစ်ကြာ လေ့လာရာတွင် ဗီတာမင်ဒီ သုံးစွဲသူများမှာ ရောဂါဖြစ်ပွားနှုန်း နည်းပါးကြောင်း တွေ့ရှိရပါသည်။ ဗီတာမင်ဒီကို ပုံမှန်သုံးစွဲပါက ဆီးချိုရောဂါ ဖြစ်ပွားမှုနည်းကြောင်းကိုလည်း တွေ့ရှိရပါသည်။ သွေးထဲတွင် ဗီတာမင်ဒီ ပမာဏများပြားသူများသည် နည်းပါးသူများထက် သွားဖုံးသွေးယိုမှု ၂၀ရာခိုင်နှုန်း လျော့နည်းကြောင်း လေ့လာတွေ့ရှိပါသည်။

**စာမျက်နှာ ၅ ကော်လံ ၁ သို့**

# တောင်ကြီးခရိုင် ခြံစည်းရိုးကြက်ဆူ စုပေါင်းပျိုးထောင်ပွဲကျင်းပ တိုင်းမှူး ဗိုလ်မှူးချုပ် သောင်းအေး တက်ရောက်ပျိုးထောင်ပေး

နေပြည်တော် ဧပြီ ၂၀

**ရှမ်းပြည်နယ် တောင်ကြီးခရိုင် ခြံစည်းရိုးကြက်ဆူ စုပေါင်းပျိုးထောင်ပွဲကို ဧပြီ ၁၁ ရက် မွန်းလွဲပိုင်းက ကလောမြို့နယ် ကလော–တောင်ကြီးလမ်းနှင့် အောင်ပန်း–ပင်လောင်း လမ်းဆုံ၌ကျင်းပရာ အခမ်းအနားသို့ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေးနှင့် ဇနီး၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။**

## မျိုးကိုင်းများပေး

အစီအစဉ်အရ တိုင်းမှူးက အမှာစကားပြောကြားပြီးနောက် ခြံစည်းရိုးကြက်ဆူ မျိုးကိုင်းများကို ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံတိုင်းရင်းသားများသို့လည်းကောင်း၊ တိုင်းမှူး၏ဇနီးက မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် ဒေသခံတိုင်းရင်းသားများသို့လည်းကောင်း ပေးအပ်သည်။

## တပျော်တပါးစုပေါင်းပျိုးထောင်

ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ခြံစည်းရိုးကြက်ဆူမျိုးကိုင်းများကိုတပျော်တပါး စုပေါင်းပျိုးထောင်စိုက်ပျိုးပေးကြပြီး တိုင်းမှူးနှင့် ဇနီးတို့က ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ဒေသခံပြည်သူများ၏ ခြံစည်းရိုးကြက်ဆူ မျိုးကိုင်းများ ပျိုးထောင်စိုက်ပျိုးနေမှုကို လိုက်လံကြည့်ရှုအားပေးကာ အခမ်းအနား တက်ရောက်လာသူများကို အာဟာရ မုန့်နှင့် အချိုရည်များ ဝေငှပေးသည်။ အဆိုပါ ခြံစည်းရိုးကြက်ဆူ စုပေါင်းပျိုးထောင်ပွဲတွင် ခြံစည်းရိုး ကြက်ဆူ အပင်ပေါက် မျိုးကိုင်း စုစုပေါင်း နှစ်သိန်းတစ်သောင်း စုပေါင်းပျိုးထောင် စိုက်ပျိုးပေးခဲ့ကြောင်း သိရှိရသည်။

## ဖူးမြော်ကြည်ညို

ထိုမှတစ်ဆင့် တိုင်းမှူးသည် တောင်ကြီးမြို့နယ် အောင်သပြေစွယ်တော်ကျောင်းတိုက်သို့ ရောက်ရှိပြီး ရန်ကုန်မြို့ နာဂလိုဏ်ဂူ ကလေးဝကျောင်းဆရာတော် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ဒွိပိဋကဓရ ဒွိပိဋက ကောဝိဒ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဇာဂရာဘိဝံသနှင့် မန္တလေးမြို့ မှန်ကျောင်းဆရာတော် ဘဒ္ဒန္တဇာဂရတို့အား ဖူးမြော်ကြည်ညိုကန်တော့ကာ သက်တော် ၁၀၃ နှစ်၊ ဝါတော် ၆၇ ဝါရှိစွယ်တော် ကျောင်းတိုက်ပဓာနနာယက ဆရာ တော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပဏ္ဍိစ္စသာရ သက်တော်ရှည် ဆရာတော်ကြီး၏ အန္တိမမဟာပူဇာ သဘင်အတွက် အလှူငွေများ ဆက်ကပ် လှူဒါန်းခဲ့ကြောင်းသတင်း ရရှိသည်။ **(သတင်းစဉ်)**

**အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း (မူလကျောင်း ဟောင်း) အနောက်ဘက် တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် နှစ်ဖက်သော မိဘများကိုအမှူးထား၍ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ်(၆)ရပ်ကွက်အမျိုးသားပြန်လည် သန့်စွမ်းရေး ဆေးရုံဝင်းနေ ဒေါက်တာမိုးအောင်–ဒေါက်တာတင်တင်အေး၊ သား မောင်သူရ မိုးအောင်၊ သမီး မနိုနိုမိုးအောင်၊ သား မောင်ဇာနည်မိုးအောင် မိသားစုက အလှူငွေကျပ် တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်း မြို့နယ် မြေနီကုန်းကျောင်းလမ်း နှင့် (ဂမုန်းပွင့်ဘေးလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း အမှူးဆောင်ဆရာတော် (ပြည်တော်သာ) အရှင်စန္ဒန ဓမ္မာစရိယထံ ဆက်ကပ်လှူဒါန်းစဉ်။** (က–ပ)

# ရှင် ၁၀၈ ပါး ရဟန်းခံ၊ ရှင်ပြုအလှူမင်္ဂလာ

**ရန်ကုန် ဧပြီ ၂၀**

ရန်ကုန်အရှေ့ပိုင်းခရိုင် သာကေတမြို့နယ် ရှုခင်းသာရပ်ကွက် ရှုခင်းသာလမ်းမကြီးရှိ နတ်မောက် ပရိယတ္တိစာသင်တိုက်နှင့် ဘုန်းတော်ကြီးသင် ပညာရေး အလယ်တန်းကျောင်း အမှတ်(၁)ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တကုသလ (မဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) ဦးဆောင်မှုဖြင့် ခုနစ်ရက်သားသမီးတို့မှ ထည့်ဝင်လှူဒါန်းငွေများဖြင့် (၁၄)ကြိမ်မြောက် ရှင် ၁၀၈ ပါး ရဟန်းခံ၊ရှင်ပြု အလှူမင်္ဂလာ အခမ်းအနားကို ယုဇနပိမာန်တော်ကြီးတွင် ဧပြီ ၁၁ ရက်နှင့် ၁၂ ရက်များတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။ ဧပြီ ၁၁ ရက် ညနေပိုင်းတွင် မောင်ရှင်လောင်းများအား သာကေတမြို့နယ်အတွင်း လှည့်လည်ပြီး သာသနာ့ဘောင်အတွင်းသို့ သွတ်သွင်းချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။ **(ဝဲပုံ) (၂၅၈)**



**ရန်ကင်းပြည်သာယာ(ကျိုက္ကဆံ စုပါဝမ်းတာမွေလေး သံလမ်းအနီး) ရွှေပြည်ဟိန်းကုသိုလ်ဖြစ် ဆေးခန်း အာယုဒါန ငွေကျပ်နှစ်သိန်းကို ဒဂုံဦးဝိစာရ အိမ်ရာနေ ဗိုလ်မှူးကြီးနေထွန်း (ငြိမ်း)–ဒေါ်ခင်လှလှတို့က (၅၉)နှစ်မြောက် မင်္ဂလာ အထိမ်းအမှတ်အဖြစ်လှူဒါန်းရာ ရွှေပြည်ဟိန်း ဆရာတော် အရှင်ခေမာ သိရီလင်္ကာရက ဂုဏ်ပြုလွှာချီးမြှင့်စဉ်။** (၁၁၅)

## ဆဋ္ဌမအကြိမ် ရွှေညဝါ သင်တန်းဖွင့်မည်

ရန်ကုန် အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ် နိုင်ငံတော် သာစုပရိယတ္တိစာသင်တိုက်အတွင်း၌ ဆဋ္ဌမအကြိမ်မြောက် ဓမ္မာစရိယနှင့် အဘိဓမ္မာရွှေညဝါဆရာဖြစ်သင်တန်းကြီးကို သင်တန်းသား သံဃာတော် ၁၅၀၀ကျော်တို့ဖြင့် ဧပြီ ၂၅ရက် (ဗုဒ္ဓဟူးနေ့)မှစတင်၍ ဇွန် ၃ရက် (တနင်္ဂနွေနေ့)အထိ ရက်ပေါင်း ၄၀ ဖွင့်လှစ်ပို့ချ သင်ကြားမည်ဖြစ် သည်။ ဖုန်း–၅၁၀၅၆၆သို့ ဆက်သွယ်၍လည်းကောင်း၊ ကိုယ်တိုင်ကြွရောက်ကြည်ညိုသဒ္ဓါပွားများ၍ လည်းကောင်း လှူဒါန်းပူဇော်နိုင်ကြောင်း သိရသည်။ **(က–ပ)**

## မတ္တရာမြို့ စိုက်ကွင်း–နတ်ကြီးစင်လမ်း ကျောက်ချောလမ်းသစ်ဖွင့်

မတ္တရာမြို့နယ် ညောင်အုပ်ကျေးရွာအုပ်စု နတ်ကြီးစင်ရွာ စိုက်ကွင်း–နတ်ကြီးစင်လမ်း ကျောက်ချောလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို မတ် ၂၅ ရက် နံနက် ၉ နာရီခွဲက ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်သိန်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ဇံတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါလမ်းမှာ အကျယ် ၁၂ ပေ၊ အရှည် ၁ ဒသမ ၁၅ မိုင်ရှိပြီး ငွေကျပ် သိန်း ၁၀၀ ကုန်ကျခဲ့သည်။ **(မြို့နယ် ပြန်/ဆက်)**

## မြို့သစ်ဓမ္မာရုံကျောင်းတိုက် တရားစခန်းပွဲ

**ရန်ကုန်မြို့ အင်းစိန်မြို့နယ် ဘုရင့်နောင်လမ်းရှိ မြို့သစ်ဓမ္မာရုံကျောင်းတိုက်၌ မေ ၅ ရက်မှ ၁၄ ရက် အထိ သရက်မြို့ အလင်းရောင်ကျောင်းဆရာတော် ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တကုသလ၊ မြို့သစ်ဓမ္မာရုံကျောင်းဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ပညာဝရနှင့် သရက်မြို့ ဘာဝနာကျောင်းဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ကေသဝတို့၏ ဦးဆောင်မှုဖြင့် ဒသမအကြိမ်မြောက် မဟာစည် မဟာသတိပဋ္ဌာန် ဝိပဿနာ ၁၀ရက်တရားစခန်းပွဲကို ကျင်းပမည်ဖြစ်ရာ ဝင်ရောက်လိုသော ယောဂီများသည် ကြိုတင်စာရင်းပေးသွင်းနိုင်ပြီး မေ ၄ ရက် ညနေ ၅ နာရီခွဲအရောက် လာရောက်ကြရန်နှင့် လှူဒါန်းလိုသူများအနေဖြင့် ဆက်သွယ်နိုင်သည်။** (သတင်းစဉ်)

## မြန်မာ့အလင်း ပြည်တွင်းသတင်း အတိုအထွာ

### ကျောက်ဆည် ဇရပ်ဖြူကျေးရွာစာကြည့်တိုက်သို့ ရုပ်မြင်သံကြားနှင့် ငွေပဒေသာပင်လှူဒါန်း

**မန္တလေးတိုင်း ကျောက်ဆည်မြို့နယ် ဇရပ်ဖြူကျေးရွာ အားမာန်သစ်စာကြည့်တိုက်သို့ ရုပ်မြင်သံကြားပြစက်၊ စာအုပ်နှင့်ငွေပဒေသာပင် စိုက်ထူလှူဒါန်းပွဲ အခမ်းအနားကို မတ် ၂၉ ရက် မွန်းလွဲ ၁ နာရီက ရွာလယ်ဓမ္မာရုံတွင် ကျင်းပရာ အလှူရှင် ဦးထွန်းလင်း၊ ဦးအောင်စိုးမိသားစုတို့က ငွေကျပ် တစ်သိန်းတန်ဖိုးရှိ ၁၈လက်မ ရုပ်မြင်သံကြား ပြစက်တစ်လုံး၊ စေတနာရှင်ပြည်သူ ၂၀နှင့် ကျေးရွာ ပြည်သူများ စုပေါင်း၍ စာကြည့်တိုက် ငွေပဒေသာပင်အတွက် ငွေကျပ် ၁၉၇၈၀၀ ကိုစိုက်ထူလှူဒါန်းကြရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးညွန့်ရွှေနှင့် တာဝန်ရှိသူများက လက်ခံရယူကြသည်။** (ခရိုင် ပြန်/ဆက်)

### နမ္မတီးကျေးလက်ဈေး မီးဘေးကြိုတင်ကာကွယ်

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစန်းဝင်းနှင့် ဝန်ထမ်းများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ဧပြီ ၁ ရက်က အဖွဲ့ပိုင် နမ္မတီးကျေးလက်ဈေးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ကြကြောင်း သိရသည်။ **(၄၁၆)**

### တီဘီရောဂါ တိုက်ဖျက်ရေးနေ့အကြောင်း ဟောပြော

ကမ္ဘာ့တီဘီရောဂါ တိုက်ဖျက်ရေးနေ့အခမ်းအနားကို ဝိုင်းမော်မြို့နယ် ပြည်သူ့ဆေးရုံ ခန်းမဆောင်တွင် မတ် ၂၄ ရက် နံနက် ၈ နာရီက ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ခေတ္တဥက္ကဋ္ဌ ဒုတိယရဲမှူး သောင်းဖေနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်ဆရာဝန် ဒေါက်တာတင့်နိုင်နှင့် ဆေးရုံဝန်ထမ်းများ၊ လူမှုရေး အသင်းအဖွဲ့မှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြပြီး မြို့နယ်ဆရာဝန် ဒေါက်တာတင့်နိုင်က ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့အကြောင်း သိကောင်းစရာများ ဟောပြောကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

### တိုင်းရင်းဆေး အခမဲ့ကုသလှူဒါန်း

**မကွေးတိုင်း နတ်မောက်မြို့နယ် ငွေးကုန်းရွာတွင် မတ် ၇ ရက်က ရဟန်းသံဃာများနှင့် ကျေးရွာနေပြည်သူများအား “ဂမုန်းပွင့်” တိုင်းရင်းဆေးခန်း သမားတော် ဦးသိုက်ထွန်းက ဆေးဝါးအခမဲ့ ကုသလှူဒါန်းခဲ့ကြောင်း သိရသည်။** (က–ပ)

### ပတ်ဝန်းကျင်သန့်ရှင်းရေး ဟောပြော

တောင်ငူမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးထွန်းဇော်ချစ်သည် ကျန်းမာရေးမှူး (၂) ဦးမြတ်သူနှင့် တာဝန်ရှိသူများလိုက်ပါလျက် မတ် ၁၅ရက်က တောင်ငူမြို့နယ် ဆူးတပ် ကျေးရွာ၌ ပတ်ဝန်းကျင်သန့်ရှင်းရေးဆိုင်ရာ ဟောပြောပွဲနှင့် ကျေးလက်ရေပေးရေး လုပ်ငန်းများ ဆောင်ရွက်မှုတို့ကို ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။ **(က–ပ)**

### ပြင်ဦးလွင်၌ နွေရာသီအခြေခံအားကစားသင်တန်းများဆင်း

ပြင်ဦးလွင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက **ကြီးမှူးဖွင့်လှစ်သော ၂၀၀၇ ခုနှစ် နွေရာသီအခြေခံ အားကစားသင်တန်းများ ဆင်းပွဲအခမ်းအနားကို မတ် ၂၃ ရက်နံနက် ၉ နာရီက ပြင်ဦးလွင်မြို့ မိုးလုံလေလုံ အားကစားရုံ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအေးလွင်က သင်တန်းဆင်း အမှာစကားပြောကြားပြီး သင်တန်း သားများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်သည်။**

**အဆိုပါအားကစားသင်တန်းများသို့ သင်တန်းသားသင်တန်းသူ ၂၅၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ တစ်လကြာမြင့်ခဲ့ကြောင်း သိရသည်။** (ခရိုင် ပြန်/ဆက်)

### စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေး ဆွေးနွေး

စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေးဆွေးနွေးပွဲအခမ်းအနားကို ဧပြီ ၁ ရက် မွန်းလွဲ ၁ နာရီက မုံရွာခရိုင် ဘုတလင်မြို့နယ် ဒါန်းတိုင်ကျေးရွာ အောင်မြေ ရတနာကျောင်း၌ ကျင်းပရာ တိုင်းပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးတင်သန်းဝင်းက စာကြည့်တိုက်များ ဆက်လက်ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေး၊ ခိုင်မာသည့် စာကြည့်တိုက်များ ထူထောင်ရေး အကြောင်း အကျယ်တဝင့် ရှင်းလင်း ဆွေးနွေးပြီး ဒါန်းတိုင် ကျေးရွာ သုတမဥ္ဇူရီ စာကြည့်တိုက် အတွက် စာအုပ်များပေးအပ်လှူဒါန်းရာ စာကြည့်တိုက်အဖွဲ့နာယက ဦးသက်ဦးတင်က လက်ခံရယူသည်။ **(ခရိုင် ပြန်/ဆက်)**

*စာမျက်နှာ ၄ ဆောင်းပါးမှအဆက်*

## ဗီတာမင် ဒီ များသွားလျှင်

ဗီတာမင် ဒီ ခန္ဓာကိုယ်ထဲတွင်များနေလျှင် နေရောင်ခြည်ထဲရှိ UV-B ရောင်ခြည်သည် ဗီတာမင် ဒီ ပြုလုပ်ခြင်းကို အလိုအလျောက် ရပ်တန့်စေမည်ဖြစ်သည်။ သို့သော် **ဗီတာမင် ဒီ သောက်သုံးမှုများသွားလျှင်** ပျို့အန်ခြင်း၊ အစားအသောက်ပျက်ခြင်း၊ အားအင်ကုန်ခန်းခြင်း၊ ရေငတ်ခြင်း၊ ကိုယ်အလေးချိန်ကျခြင်း၊ ဝမ်းချုပ်ခြင်းတို့ ဖြစ်ပေါ်နိုင်ပါသည်။ ဗီတာမင် ဒီများလျှင် သွေးထဲတွင် ကယ်လ်ဆီယမ်များခြင်းကြောင့် စိတ်ရှုပ်ထွေးခြင်းနှင့် အမူအကျင့်ပြောင်းလဲခြင်းတို့ ဖြစ်နိုင်ပါသည်။

ယခုတိုးတက်ပြောင်းလဲလာသော ကမ္ဘာကြီးတွင် လူသားတို့သည် သဘာဝက ပေးထားသောအရာများကို လျစ်လျူရှုကာ မိမိတို့၏ နေထိုင်မှုပုံစံကို ခေတ်မီကိရိယာများဖြင့် အစားထိုး၍သက်သောင့်သက်သာ နေထိုင်တတ်ကြသည်။ သို့ဖြစ်၍ နေရောင်အထိမခံဘဲ နေ့စဉ် လေအေးပေးစက်များဖြင့် အခန်းတွင်းနေခြင်း၊ အဆီဓာတ်များပြားမှုကို ကြောက်၍ အဆီများ ရှောင်ကြဉ်စားသောက်ခြင်း၊ သဘာဝရေငန် ငါးများကို မစားသုံးဘဲ မွေးမြူရေးငါးများကိုသာ အမြဲစားသုံးခြင်း၊ နေ့စဉ်ပုံမှန် လေ့ကျင့်ခန်းမလုပ်ခြင်းတို့သည် လူတို့ကျန်းမာရေးအတွက် အရေးကြီးလိုအပ်နေသော ဗီတာမင် ဒီ ရရှိမှုကို နည်းပါးစေပါသည်။

အချုပ်အားဖြင့်ဆိုရလျှင် **လူတို့၏ အသက်အန္တရာယ်ကို ဖြစ်စေနိုင်သော ကင်ဆာရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါနှင့် ဆီးချိုရောဂါကဲ့သို့သော ရောဂါဆိုးကြီးများကို ကာကွယ်နိုင်ရုံသာမက လူကို နုပျိုရွှင်လန်းစေသော အာနိသင်ရှိသည့် ဗီတာမင် ဒီ ကို ကျွန်ုပ်တို့၏ ကမ္ဘာပေါ်ရှိ သဘာဝမှ ပေးထားသောနေရောင်ခြည် စွမ်းအင်နှင့် တိုက်ရိုက် ထိတွေ့စေခြင်းဖြင့် ရယူနိုင်ပါကြောင်း** အသိပေး နှိုးဆော်လိုက်ရပါသည်။ ။

# နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးမှုလွယ်ကူလျင်မြန်စေရေး နိုင်ငံတစ်ဝန်း လှုပ်ရှားမှုတစ်ရပ်အနေဖြင့် ဆောင်ရွက်သွားမည်

ရန်ကုန် ဧပြီ ၂၀

**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေသည် တာဝန်ရှိသူများ လိုက်ပါလျက် ဧပြီ ၁၈ ရက်နံနက် ၉ နာရီက မန္တလေးမြို့ မဟာအောင်မြေမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေး ဦးစီးဌာနက နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။**

## ရှင်းလင်းတင်ပြ

ရှေးဦးစွာ ဝန်ကြီးဗိုလ်ချုပ်မောင်မောင်ဆွေသည် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးနေသည့် မဟာအောင်မြေမြို့နယ် ဦးစီးဌာနရုံးသို့ ရောက်ရှိလာရာ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်သန်းနှင့် မန္တလေးတိုင်းဦးစီးဌာနမှူး ဦးဘိုရွှေတို့က မဟာအောင်မြေမြို့နယ်အတွင်း နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးပြီးစီးမှု အခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

## ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးသည် အသက် ၁၀ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြား လျှောက်ထားမှု၊ အသက် ၁၈ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြား လျှောက်ထားမှု၊ အသက် ၁၀ နှစ်မှ ၁၈ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြား လဲလှယ်ဆောင်ရွက်မှု၊ နိုင်ငံသားစိစစ်ရေးကတ်ပြား(ပျောက်ဆုံး/ပျက်စီး) မိတ္တူလျှောက်ထားမှုနှင့် စပ်လျဉ်း၍ ခရိုင်ဦးစီးဌာနမှူး ဦးမြသိမ်းနှင့် မြို့နယ်ဦးစီးဌာနမှူး ဦးသန့်ဇင်ကိုကိုနှင့် ဝန်ထမ်းများ၊ ရုံးချုပ်မှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ပေးနေမှုအခြေအနေများကိုကြည့်ရှုစစ်ဆေးပြီးလုပ်ငန်းလိုအပ်ချက်များကို တာဝန်ရှိသူများအား ဆွေးနွေးမှာကြားသည်။

## ဆွေးနွေးမှာကြား

ဆက်လက်၍ဝန်ကြီးသည် မြို့နယ်နှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ လူမှုရေး အသင်းအဖွဲ့များမှ တာဝန်ရှိသူများအား တွေ့ဆုံကာ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ဆွေးနွေးမှာကြားပြီး ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်သန်းက နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးရာတွင် ပါဝင်ကူညီပံ့ပိုးဆောင်ရွက်ပေးရမည့် လုပ်ငန်းများကို ရှင်းလင်းပြောကြားပြီး ဆက်လက်၍လည်း နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးရာတွင် လွယ်ကူလျင်မြန်စေရေး နိုင်ငံတစ်ဝန်းလုံး လုပ်ရှားမှုတစ်ရပ်အနေဖြင့် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ဝန်ကြီးသည် စိစစ်ပြီးသည့် နိုင်ငံသားစိစစ်ရေးကတ်ပြား ၃၀၅ ကတ်ကို သက်ဆိုင်ရာပြည်သူများထံ ပေးအပ်နေမှုများကို ကြည့်ရှုအားပေး၍ မြို့နယ်ရုံးအတွင်းရှိ မှတ်တမ်းအခန်းနှင့် ကွန်ပျူတာခန်းများကို ဝင်ရောက်ကြည့်ရှု စစ်ဆေးသည်။

## ပြင်ဦးလွင်သို့ရောက်ရှိ

ဆက်လက်၍ ဝန်ကြီးသည် ဧပြီ ၁၉ ရက်နံနက် ၉ နာရီတွင် ပြင်ဦးလွင်မြို့နယ်ရှိ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးနေသည့် ပြင်ဦးလွင်မြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးသို့ ရောက်ရှိလာရာ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်သန်းနှင့် မန္တလေးတိုင်း ဦးစီးဌာနမှူး ဦးဘိုရွှေတို့က ပြင်ဦးလွင်မြို့နယ်အတွင်း နိုင်ငံသားစိစစ်ရေး ကတ်ပြား ထုတ်ပေးပြီးစီးမှု အခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီ အစဉ်များကို ရှင်းလင်းတင်ပြကြသည်။

## လိုအပ်ချက်များမှာကြား

ထို့နောက်ဝန်ကြီးသည် အသက် (၁၀)နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြားလျှောက်ထားမှု၊ အသက် (၁၈)နှစ်ပြည့် နိုင်ငံသား စိစစ်ရေးကတ်ပြားလျှောက်ထားမှု၊အသက်(၁၀)မှ(၁၈)နှစ်ပြည့် နိုင်ငံသား စိစစ်ရေးကတ်ပြားလဲလှယ်ဆောင်ရွက်မှု၊ နိုင်ငံသားစိစစ်ရေးကတ်ပြား (ပျောက်ဆုံး/ပျက်စီး) မိတ္တူလျှောက်ထားမှုနှင့်စပ်လျဉ်း၍ ခရိုင်ဦးစီးဌာနမှူး ဦးစိုင်းဘုန်းတင့်နှင့် မြို့နယ်ဦးစီးဌာနမှူး ဦးခင်မောင်ရင်နှင့် ဝန်ထမ်းများ၊ရုံးချုပ်မှတာဝန်ရှိသူများကလုပ်ငန်းဆောင်ရွက်ပေးနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များကိုတာဝန်ရှိသူများအားဆွေးနွေး မှာကြားသည်။

## ကြည့်ရှုအားပေး

ဆက်လက်၍ဝန်ကြီးသည် မြို့နယ်နှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ လူမှုရေး အသင်းအဖွဲ့များမှ တာဝန်ရှိသူများအား တွေ့ဆုံကာနိုင်ငံသားစိစစ်ရေးကတ်ပြားနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ဆွေးနွေးမှာကြားပြီး ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်သန်းက နိုင်ငံသား စိစစ်ရေးကတ်ပြား ထုတ်ပေးရာတွင် ပါဝင်ကူညီ ပံ့ပိုးဆောင်ရွက်ပေးရမည့် လုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် ဝန်ကြီးသည် စိစစ်ပြီးစီးသည့် နိုင်ငံသားစိစစ်ရေး ကတ်ပြား ၃၁၅ကတ်အား သက်ဆိုင်ရာ ပြည်သူများထံ ပေးအပ်နေမှုကို ကြည့်ရှု အားပေးသည်။

ဆက်လက်၍ဝန်ကြီးသည်ယင်းနေ့ ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ရောက်ရှိလာပြီး ရန်ကုန်တိုင်း လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေး ဦးစီးဌာနတွင် ရန်ကုန်တိုင်းအတွင်းရှိ တိုင်းဦးစီးမှူး၊ ခရိုင်ဦးစီးမှူး၊ မြို့နယ် ဦးစီးဌာနမှူးများနှင့် တွေ့ဆုံရာ ရန်ကုန် တိုင်းဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးလှဒေါင်းက ရန်ကုန်တိုင်းအတွင်းရှိ နိုင်ငံသားစိစစ်ရေးကတ်ထုတ်ပေးနေမှုအခြေအနေနှင့် ထပ်မံလုပ်ဆောင်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

## လွယ်ကူလျင်မြန်ရေး

ဝန်ကြီးက မြို့နယ်အလိုက်လူဦးရေ စာရင်းနှင့် ကတ်ပြားများထုတ်ပေးနိုင်မှုအား စနစ်တကျ စာရင်းများပြုစု၍ မှန်ကန်မြန်ဆန်စွာဖြင့် ထုတ်ပေးနိုင်ရေး စီမံချက်ချ၍ ဆောင်ရွက်သွားရန်၊ ယခု ဧပြီလတွင်နှစ်ပတ်အတွင်း ထုတ်ပေးနိုင် ခဲ့သော နိုင်ငံသား စိစစ်ရေးကတ်ပြား ၁၆၄၈၀အတွက် အားရကျေနပ်မှုရှိကြောင်း၊ ယခုစနစ်အတိုင်း ဆောင်ရွက်သွားပါက အချိန်တိုကာလအတွင်း ပြည်သူလူထု အသီးသီးအတွက် နိုင်ငံသား စိစစ်ရေးကတ်ပြားများ ရရှိနိုင်မည်ဖြစ်ကြောင်း၊ယခုကဲ့သို့အရှိန်အဟုန် မကျစေရန် သက်ဆိုင်ရာ တာဝန်ရှိသူ အဆင့်ဆင့်က ကြပ်မတ်ဆောင်ရွက်သွားရန် လိုအပ်ကြောင်းနှင့် မြို့နယ်များအတွင်း ပြည်သူလူထုအား သက်ဆိုင်ရာ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အဖွဲ့ဝင်များ၊ ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီအဖွဲ့များ၊ လူမှုရေးအသင်း အဖွဲ့များနှင့် ပူးပေါင်းပြီး လွယ်ကူ လျင်မြန်စေရေး လှုပ်ရှားမှုတစ်ရပ်အနေ ဖြင့် ဆောင်ရွက်သွားကြရန် လိုအပ် ကြောင်း ရှင်းလင်းပြောကြားသည်။

**(သတင်းစဉ်)**



**ရန်ကုန်တိုင်း ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၄၂)ရပ်ကွက် ရန်အောင်မြင်ကျောင်းတိုက် ဝဋ်ကြွေးတော်ပြေ ဆရာတော် ဘဒ္ဒန္တ သိရီပါလ၏ သက်တော်(၄၅)နှစ်ပြည့် ဝိဇာတမင်္ဂလာနှင့် လောကသိရီသိမ် ပြာသာဒ် ထီးတော် အထွတ်တင်မင်္ဂလာအခမ်းအနားတွင် ဆရာတော် ဘဒ္ဒန္တ သိရီပါလ ဦးဆောင်၍ တပည့် ဒါယကာများ၊ ဧည့်ပရိသတ်များက ထီးတော်အား အထွတ်သို့တင်လှူပူဇော်ကြစဉ်။** (က-ပ)

**ဧပြီ ၂၀ ရက်က ဗြိတိသျှဘုရင်မကြီးမွေးနေ့အထိမ်းအမှတ် ညှိ့ခံပွဲသို့ တက်ရောက်လာသည့် နိုင်ငံခြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်နှင့် ဇနီးတို့အား ပြည်ထောင်စုမြန်မာနိုင်ငံဆိုင်ရာ ဗြိတိသျှသံအမတ်ကြီး H.E Mr. Mark Canning နှင့် ဇနီးတို့ ကြိုဆိုနှုတ်ဆက်ကြစဉ်။** (သတင်းစဉ်)

# ဓမ္မဗျူဟာ (သာယာဝတီ) အခြေခံပဋ္ဌာန်းကျင့်စဉ်သင်တန်း

**ရန်ကုန် ဧပြီ ၂၀**

ပဲခူးတိုင်း သာယာဝတီမြို့နယ် ဈေးလမ်းရှိ သမ္မာဆန္ဒဓမ္မာရုံကြီးတွင် ဓမ္မဗျူဟာသာသနမာမကအဖွဲ့လူပုဂ္ဂိုလ်များဆိုင်ရာ ဓမ္မစာပေသင်တန်းကျောင်း၏ သင်တန်းမှူး ဓမ္မဗျူဟာ ဒေါ်ခင်လှတင် (မဟာသဒ္ဓမ္မဇောတိကဓဇ) သည် ဧပြီ၂၁ ရက်နှင့် ၂၂ ရက်နံနက် ၇ နာရီမှ ၁၁ နာရီခွဲအထိ အခြေခံပဋ္ဌာန်းကျင့်စဉ် သင်တန်း ဓမ္မဒါနပို့ချမည်ဖြစ်ရာ စိတ်ဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်းသိရသည်။ **(က-ပ)**

# သီတဂူဆရာတော်၏ဒုတိယအကြိမ်မြောက် ရွှေနဒီဓမ္မသဘင်ကျင်းပမည်

**ရန်ကုန် ဧပြီ ၂၀**

စစ်ကိုင်းတောင်ရိုး သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၏အဓိပတိ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ (D.Litt) (Ph.D) သည် (၁၃၆၉ခုနှစ် ကဆုန်လဆန်း ၉ရက်) ဧပြီ ၂၄ ရက် (အင်္ဂါနေ့) ည ၇ နာရီ၌ ဦးထွန်းကြွယ်-(ဒေါ်တင်ညွန့်)၏ သားသမီးများဖြစ်သော ဒေါ်ခင်စန်း၊ ဦးခင်မောင်ဦး၊ ဒေါ်ခင်မာဝင်း၊ ဦးစိန်မြင့်ထွန်း (ရွှေနဒီခရီးသည်ပို့ဆောင်ရေး) တို့၏အလှူမင်္ဂလာ မဏ္ဍပ်ဖြစ်သော ရန်ကုန်တိုင်း လှည်းကူးမြို့နယ် မင်းကုန်း စံပြကျေးရွာဘောလုံးကွင်းတွင် တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

# မြန်မာ့အလင်း အင်တာနက် ဖောင်ပိတ်သတင်း

## ဧဝရက်တောင်ကို စံချိန်တင်တက်ကြသူများ

**ခတ္တမန္ဒူ ဧပြီ ၂၀**

နီပေါနိုင်ငံသား အပ်ပါးဆိုသူသည် ဧပြီ ၁၉ ရက်က ကမ္ဘာ့အမြင့်ဆုံး တောင်ထွတ်ဖြစ်သည့် ဧဝရက်တောင်သို့ စံချိန်တင်တက်ရောက်ရေး ကြိုးပမ်းမှု တစ်ရပ်အဖြစ် တက်ရောက်ရန် မြို့တော်ခတ္တမန္ဒူမှ ထွက်ခွာသွားပြီဖြစ်ကြောင်း ဧပြီ ၂၀ ရက်က အင်တာနက်သတင်းတွင် ဖော်ပြသည်။

တောင်တက်သမားအပ်ပါးသည် ပေပေါင်း ၂၉၀၃၅ပေမြင့်သည့် ဧဝရက် တောင်ထိပ်သို့ ၁၇ကြိမ်မြောက် စံချိန်တင်တက်ရောက်ရန် ထွက်ခွာသွားခြင်း ဖြစ်သည်။

### ပထမဆုံး

၎င်းသည် ဧဝရက်တောင်ကို ၁၉၈၉ ခုနှစ်က ပထမဆုံးအကြိမ် တက်ရောက်ခဲ့ခြင်းဖြစ်ကြောင်း ၎င်း၏ပြိုင်ဘက်တစ်ဦးသည် အဆိုပါတောင်ကို ၁၄ကြိမ် တက်ရောက်ထားကြောင်း သိရသည်။

ဧဝရက်တောင်ကို ၁၉၅၃ခုနှစ်က နယူးဇီလန်နိုင်ငံသား ဆာအက်ဒ်မန်ဟီလာရီနှင့်နီပေါနိုင်ငံသား တန်ထင်နော်ဂေးတို့သည် ပထမဆုံး တက်ရောက်ခဲ့ပြီးနောက် လူပေါင်း ၁၄၀၀ ကျော် တက်ရောက်ခဲ့ကြသည်။

### ကြိုးပမ်း

သို့သော်လည်း ယင်းတောင်ကိုတက်ရန် ကြိုးစားသည့် တောင်တက်သမား ၁၈၀ကျော်မှာ တောင်ပေါ်မှ ပြုတ်ကျ၍လည်းကောင်း၊ အခြားအကြောင်းတစ်စုံတစ်ရာကြောင့်လည်းကောင်း သေဆုံးခဲ့ရသည်ဟု ဆိုသည်။

အပ်ပါးနှင့်အတူ တက်ရောက်သည့် တောင်တက်အဖွဲ့ဝင်များတွင် လပ်ပါဂေလုဆိုသူသည် ဧဝရက်တောင်ကို ၁၂ကြိမ်မြောက် တက်ရောက်ထားသူဖြစ်သည်။ **(အင်တာနက်)**

**လပ်ပါဂေလုနှင့် အပ်ပါး(ယာ)တို့အား ဧဝရက်တောင်သို့ တက်ရောက်ရန် မထွက်ခွာမီ တွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)

## ဘဂ္ဂဒက်၌ကားဗုံးခွဲတိုက်ခိုက် အနည်းဆုံးကိုးဦးသေဆုံး

ဘဂ္ဂဒက် ဧပြီ ၂၀

**အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ ဂျဒရီယာအရပ်၌ ဧပြီ ၁၉ရက်က ကားဗုံးခွဲ တိုက်ခိုက်ခဲ့ရာ အနည်းဆုံး ကိုးဦးသေဆုံးပြီး၊ အခြား ၂၁ဦးဒဏ်ရာရရှိသွား ကြောင်း အီရတ်ပြည်ထဲရေးဝန်ကြီးဌာနမှတာဝန်ရှိသူတစ်ဦးက ပြောကြား သည်။**

**ထိုနေ့က ဘဂ္ဂဒက်မြောက်ဘက် ဆာကွတ်မြို့၌လည်း သေနတ်သမား များက လူရှစ်ဦးကို ပစ်သတ်သွားရာ အီရတ်ဒုတိယပြည်ထဲရေးဝန်ကြီး၏ သားနှစ်ယောက်လည်း သေဆုံးမှုတွင် ပါဝင်ကြောင်း သိရသည်။**

(အင်တာနက်)

# ဒေသတွင်း စိုက်ပျိုးရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက် မြို့သန့်ရှင်းသာယာလှပရေးနှင့် ဒေသဖွံ့ဖြိုးရေးဝိုင်းဝန်းကြိုးပမ်း

နေပြည်တော် ဧပြီ ၂၀

**ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ် အုန်းမြင့်သည် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ဧပြီ ၁၀ရက် နံနက် ၆နာရီခွဲက ဝိုင်းမော်မြို့နယ်ရှိ ဆဒုံး၊ ကန်ပိုက်တီး၊ ဝိုင်းမော်ကားလမ်းကူးချောင်း တံတားတည်ဆောက်ပြီးစီးမှုနှင့် ကတ္တရာလမ်းခင်းကျင်းထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လမ်းပိုင်းရေရှည်ခိုင်ခံ့ ကောင်းမွန်စေရေးအတွက် လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များ မှာကြားကာ ဆဒုံးမြို့စည်ပင်သာယာရေးဈေးအတွင်း ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံရောင်းချနေမှုများကို လှည့်လည်ကြည့်ရှုသည်။**

ထို့နောက် တိုင်းမှူးသည် ကန်ပိုက်တီးဒေသသို့ ရောက်ရှိပြီး ကချင်အထူး ဒေသ(၁)အဖွဲ့နှင့် နယ်မြေခံတပ်ရင်းများမှ တာဝန်ရှိသူများထံ စားသောက်ဖွယ်ရာများနှင့် အဝတ်အထည်များကို ထောက်ပံ့ပေးအပ်ကာ ကန်ပိုက်တီးဒေသ ဖွံ့ဖြိုးတိုးတက်ရေး အခြေအနေများနှင့် အမှတ်(၄)နယ်စပ်ကျောက်တိုင်နေရာသို့ လှည့်လည်ကြည့်ရှုသည်။

## ရှင်းလင်းတင်ပြ

ထိုမှတစ်ဆင့် တိုင်းမှူးသည် ထိန်ချုံး၊ ဆဒုံး၊ ကန်ပိုက်တီး၊ ဝိုင်းမော်ကားလမ်းပိုင်းအား ဆက်သွယ်ဖောက်လုပ်လျက်ရှိသည့် ကားလမ်းကူး ဥမင်လိုဏ်တူးဖော်မှုလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လမ်းဖောက်လုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများထံ စားသောက်ဖွယ်ရာနှင့် အဝတ်အထည်များကို ပေးအပ်ကာ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် တိုင်းမှူးသည် ထိန်ချုံး၊ ဆဒုံး၊ ကန်ပိုက်တီး၊ ဝိုင်းမော် ကားလမ်းသစ်ဖွင့်ပွဲ ပြုလုပ်မည့်နေရာသို့ သွားရောက် ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားသည်။

## တွေ့ဆုံ

ညနေ၃နာရီတွင် တိုင်းမှူးသည် ဆဒုံးမြို့နယ် အစည်းအဝေးခန်းမ၌ ဆဒုံးမြို့နယ်ဥက္ကဋ္ဌနှင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များကို တွေ့ဆုံရာ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်သူနှင့် တာဝန်ရှိသူများက ဒေသတွင်း လမ်းပန်းဆက်သွယ်ရေး၊ စိုက်ပျိုးရေး၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ ဆောင် ရွက်ထားရှိမှုများကို လည်းကောင်း၊ ဌာနဆိုင်ရာရုံးအဆောက်အအုံများ ဆောက်လုပ်ပြီးစီးမှုနှင့် ဝန်ထမ်းအင်အား အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး ပြည်နယ်အတွင်းရေးမှူး ဦးမောင်မောင်ဝင်းက ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

## ဝိုင်းဝန်းကြိုးပမ်း

ထို့နောက် တိုင်းမှူးက ဒေသတွင်း စိုက်ပျိုးရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရေး၊ ဒေသနှင့်ကိုက်ညီသည့် သီးနှံများ ဖြစ်ထွန်းအောင်မြင်ရေးအတွက် စနစ်တကျ ဆောင်ရွက်ရေး၊ မြို့သန့်ရှင်းသာယာလှပရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တက်ညီ လက်ညီ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရေး ရှင်းလင်းပြောကြားသည်။

## ထောက်ပံ့ပေးအပ်

ထို့နောက် တိုင်းမှူး ကိုယ်စား ပြည်နယ်အတွင်းရေးမှူးနှင့် တာဝန်ရှိသူများက တွေ့ဆုံပွဲ တက်ရောက်လာသည့် ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များအား အဝတ်အထည်နှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ ပေးအပ်ပြီး တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်သည်။

## ကြည့်ရှုစစ်ဆေး

ဆက်လက်၍ တိုင်းမှူးသည် ဆဒုံးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသစ်ဆောက်လုပ်မည့် နေရာသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်ချက်များမှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ညနေပိုင်းတွင်တိုင်းမှူးသည်ဆင်္ကါပါကျေးရွာသို့သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဒေသခံပြည်သူများအား အဝတ်အထည်များနှင့် စားသောက်ဖွယ်ရာများကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် ကျိုက္ကစံ ဆံတော်ရှင်စေတီတော် အရှေ့ဘက် သုမင်္ဂလာရာမ လယ်တီဝိပဿနာကျောင်းတိုက်ကြီး မူလပဓာနနာယက(အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ)ဘွဲ့တံဆိပ်တော်ရ ကျေးဇူးတော်ရှင် လယ်တီဆရာတော်ကြီးအား ရည်စူးကုသိုလ်တော်အဖြစ် ဥပသမ္ပဒမင်္ဂလာ ဒုလ္လဘရဟန်းခံ ပဗ္ဗဇ္ဇမင်္ဂလာ ရှင်သာမဏေပြုပွဲနှင့် သာသနာ့နွယ်ဝင် သီလရှင်ဝတ်ပွဲ သာသနာ့အမွေခံယူပွဲ အလှူတော် မင်္ဂလာအခမ်းအနားကို ဧပြီ ၁၈ရက်က ယင်းကျောင်းတိုက်ကြီး၌ ကျင်းပရာ ပဓာနနာယက ဆရာတော်ဘဒ္ဒန္တအာသဘ အရှင်သူမြတ်က ဒုလ္လဘတရားတော်များ ချီးမြှင့်တော်မူစဉ်။** (ဝ၅၂)

# ပျော်ဘွယ်မြို့ ကျောက်တိုင်ကျေးရွာ ရွှေဟောင်းစေတီ ထီးတော်တင် ကျောင်းဆောင်သစ်နှင့် ကျေးရွာချင်းဆက်လမ်း ဖွင့်ပွဲကျင်းပ

ရန်ကုန် ဧပြီ ၂၀

**ပျော်ဘွယ်မြို့နယ် ကျောက်တိုင်ကျေးရွာ ကျောင်းကြီးကုန်းကျောင်းတိုက်အတွင်း တည်ထားသော ရွှေဟောင်းစေတီတော်၏အရံထီး ၄၂ဆူ ထီးတော်တင်ပွဲ၊ ရွှေလမင်းကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် နှစ်မိုင်ရှည် ကျေးရွာချင်းဆက် လမ်းသစ်ဖွင့်ပွဲများကို မတ် ၃၀ရက် နံနက် ၉နာရီက ကျင်းပသည်။**

## တက်ရောက်

အခမ်းအနားသို့ ရပ်ဝေးရပ်နီး ကျောင်းတိုက်အသီးသီးမှ ဆရာတော်၊ သံဃာတော် ၁၀၈ပါး ကြွရောက်တော်မူကြပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်၊ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်လှမြင့်၊ ရမည်းသင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဦးခိုင်၊ ပျော်ဘွယ်မြို့နယ် ဥက္ကဋ္ဌ ဦးစန်းဦး၊ ပင်မအလှူရှင် ရွှေလမင်းပေါင်းနို့ဆီစက်ပိုင်ရှင် ဦးသိန်းအောင်-ဒေါ်တင်တင်မိုး မိသားစု၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအဖွဲ့အစည်းဝင်များ၊ ရပ်ကွက်နှင့် ကျေးရွာများမှ ပြည်သူများ တက်ရောက်ကြသည်။

## ဖွင့်လှစ်ပေး

အခမ်းအနားတွင် သာသနာရေးဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်နှင့် အလှူရှင် ဦးသိန်းအောင်တို့က ကျောင်းဆောင်သစ်နှင့် လမ်းသစ်ကို ဖွင့်လှစ်ပေးကြပြီး **(ဝဲပုံ)** အရံထီးတော်များကို ပင့်ဆောင်ကြသည်။

## ရေစက်သွန်းချ

ထို့နောက် ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြပြီး ရေစက်သွန်းချ အမျှပေးဝေကြသည်။ **(၂၅၀)**

# မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ရုံးအဆောက်အအုံသစ်ဖွင့်ပွဲ ကျင်းပမည်

**ရန်ကုန် ဧပြီ ၂၀**

မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို ဧပြီ၂၈ရက် နံနက် ၇နာရီတွင် မရမ်းကုန်းမြို့နယ် ဘုရင့်နောင်ပွဲရုံနယ်မြေ ယုဇနလမ်းနှင့် နွယ်သာဂီလမ်းထောင့် အမှတ်(၄-၁) မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များ အသင်းရုံး အဆောက်အအုံသစ်၌ ကျင်းပမည်ဖြစ်ပြီး မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း၏ ဒသမအကြိမ် အသင်းသားစုံညီ နှစ်ပတ်လည် အစည်းအဝေးကို ဧပြီ၂၈ရက် နံနက် ၁၀နာရီတွင် အမှတ်(၂၉) မင်းရဲကျော်စွာလမ်း လမ်းမတော်မြို့နယ်ရှိ ပြည်ထောင်စု မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် အစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်၍ အသင်းသားများ တက်ရောက်ရန် ဖိတ်ကြားထားကြောင်း သိရသည်။

**(သတင်းစဉ်)**

# မူးယစ်ကင်းစင် အလှဆင်

## လက်ခံယူ

**ပုဇွန်တောင်မြို့နယ် လမ်း(၅၀) အမှတ် (၈၉)နေ ဒေါ်စုမေနှင့်မိသားစုက ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန်(ကင်ဆာ) ဖောင်ဒေးရှင်း၊ အတွင်းလူနာ(ကင်ဆာ) ဗဟိုသို့ ငွေကျပ်နှစ်သိန်း ခြောက်သောင်း သုံးထောင်တန်ဖိုးရှိ ဆေးမျိုးစုံလှူဒါန်းရာ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ကိုယ်စား အုပ်ချုပ်ရေးမှူးချုပ် ဦးပြုံးက လက်ခံယူစဉ်။** (က-ပ)

# အပူဒဏ်အန္တရာယ်ကာကွယ်ရေး နှိုးဆော်

ယခုအခါတွင် နွေရာသီရောက်လာပြီဖြစ်သဖြင့် ရာသီဥတု ပူပြင်းလာပြီ ဖြစ်ပါသည်။ ထိုအပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိ ရေနှင့်ဓာတ်ဆားများ ဆုံးရှုံးမှုများပြားပါသည်။ ထိုသို့ ဆုံးရှုံးမှုကြောင့် မိတ်နှင့် ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီး ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ်စိုးရိမ်ရသော အခြေအနေအထိ ဖြစ်တတ်ပါသည်။

သို့ဖြစ်ပါ၍ အပူဒဏ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရန် အောက်ပါအချက်အလက်များကို လိုက်နာကြပါရန် နှိုးဆော်အပ်ပါသည်။

(၁) နံနက်(၁၀)နာရီမှ ညနေ(၅)နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေဆိပ်စသည်တို့တွင် ရေချိုးခြင်းမှ ရှောင်ကြဉ်၍ အရိပ်ရ အေးမြသောနေရာများတွင်နေပါ။
(၂) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။
(၃) နေပူထဲတွင် ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။
(၄) **အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကို ဖြစ်ပေါ် စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာ ခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်ပါသည်။**
(၅) နေ့ခင်းဘက် အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာ ရရှိနိုင်သည့် ထီး၊ ဦးထုပ်များ ဆောင်းပါ။
(၆) အလင်းရောင်ပြန်သော အဖြူရောင် သို့မဟုတ် အရောင်ဖျော့ဖျော့ အဝတ်အထည်များကို ဝတ်ဆင်ပါ။
(၇) ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။
(၈) **ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိ ရေနှင့်ဓာတ်ဆားဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည် သောက်ပါ။**
(၉) ကိုယ်အပူရှိန်တက်ပါက ရေအေးဖတ် နိုင်နိုင်တိုက်ပါ။
(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအနေဖြင့် နေ့လည် နေ့ခင်းတွင် အရိပ်ရ၍ လေဝင်လေထွက်ကောင်းသော နေရာမျိုး၌ နားနေပါ။
(၁၁) မိတ်ဖု၊ ယားနာများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။
(၁၂) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်ပါက နီးစပ်ရာကျန်းမာရေးဌာနတွင် ပြသပါ။

ကျန်းမာရေးဝန်ကြီးဌာန

# ရတနာပုံမြို့သစ် တည်ဆောက်ရေးလုပ်ငန်းကို ကော်မတီများဖွဲ့စည်းဆောင်ရွက် မြို့သစ်ကို စနစ်တကျ အကွက်ကျကျ ခေတ်မီသပ်ရပ်လှပစွာ တည်ဆောက်

**ကြည့်ရှုစစ်ဆေး**

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ရတနာပုံမြို့သစ် တည်ဆောက်ရေး လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။**

(သတင်းစဉ်)

■ **ရှေ့ဖုံးမှ**

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနနှင့် ပြင်ဦးလွင်တပ်နယ်တို့မှ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် နံနက် ၁၀ နာရီတွင် ရတနာပုံမြို့သစ် တည်ဆောက်ရေးလုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များအား စီမံကိန်းရှင်းလင်းဆောင်၌ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က ရှင်းလင်းတင်ပြရာတွင် ပြင်ဦးလွင်မြို့နယ်၌ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ရတနာပုံမြို့သစ် တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများကို သက်ဆိုင်ရာကော်မတီများ စနစ်တကျဖွဲ့စည်း၍ တည်ဆောက်လျက်ရှိပါကြောင်း။

## ဆောင်ရွက်

နိုင်ငံတော်အကြီးအကဲ ရတနာပုံမြို့သစ် တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိစဉ် မြို့သစ်အတွက် သောက်သုံးရေရရှိရေး၊ လျှပ်စစ်မီးရရှိရေး၊ စီမံကိန်းလုပ်ငန်းများအဆင့်လိုက် သတ်မှတ်ကာလအတွင်းပြီးစီးရေး၊ စီမံကိန်းဧရိယာ စိမ်းလန်းစိုပြည်ရေးအတွက် သစ်ပင်စိုက်ပျိုးရေးအပါအဝင် လမ်းညွှန်ခဲ့မှုများကို လုပ်ငန်းကိစ္စရပ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း။

## ရှင်းလင်းတင်ပြ

စီမံကိန်းဧရိယာအတွင်း ၂၄ ပေကျယ်သည့် ကွန်ကရစ်လမ်းများကိုလည်း ဖောက်လုပ်လျက်ရှိသကဲ့သို့ Tele-Port ပင်မအဆောက်အအုံ၊ Incubation အဆောက်အအုံ ဆောက်လုပ်ရေးလုပ်ငန်းများကို စနစ်တကျ အကောင်အထည်ဖော် တည်ဆောက်လျက်ရှိပါကြောင်းဖြင့် ရှင်းလင်းတင်ပြပြီး Tele-Port ပင်မအဆောက်အအုံ၌ တပ်ဆင်သွားမည့် ခေတ်မီစက်ပစ္စည်းကိရိယာများအခြေအနေ၊ တည်ဆောက်ရေးလုပ်ငန်းများနှင့် ဆောင်ရွက်ပြီးစီးမှုများ၊ ရတနာပုံမြို့သစ် တည်ဆောက်ရေးစီမံကိန်း၌ ပြည်တွင်း/ပြည်ပ IT ကုမ္ပဏီများ၏ စိတ်ဝင်စားမှုများနှင့် ရင်းနှီးမြှုပ်နှံဆောင်ရွက်သွားမည့်အခြေအနေများကို အသေးစိတ်ရှင်းလင်းတင်ပြသည်။

## ရေအရင်းအမြစ်

ထို့နောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦးက ရတနာပုံမြို့သစ်၌ သောက်သုံးရေရရှိရေးအတွက် စည်သာ ရေကူရေလှောင်တမံကို တည်ဆောက်လျက်ရှိပါကြောင်း၊ စီမံကိန်းဧရိယာအတွင်းဖြစ်နိုင်သည့် လျှိုများကိုပိတ်၍ လျှိုပိတ်ဆည်များလည်း တည်ဆောက်လျက်ရှိပါကြောင်း၊ ဆင်လမ်း ရေလှောင်တမံကိုရေ ပိုမိုသိုလှောင်နိုင်ရန်လည်း စီမံဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့အပြင် စီမံကိန်းဧရိယာအနီးရှိ ပြင်စာကျေးရွာပတ်ဝန်းကျင်၌ ချောင်းများကိုပိတ်၍ ရေရရှိရေးအတွက်လည်း ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ရှင်းလင်းတင်ပြပြီး ပြင်ဦးလွင်မြို့၌ သောက်သုံးရေ ယခုထက် ပိုမိုဖူလုံရေးအတွက် ပွေးကောက်ရေတံခွန်နှင့် ဓာတ်တော်ချိုင့်တို့မှ ရေအရင်းအမြစ်များ တိုးချဲ့အသုံးပြုနိုင်ရန် လေ့လာထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်က ပြင်ဦးလွင်မြို့နှင့် ရတနာပုံမြို့သစ်အတွက် သောက်သုံးရေဖြည့်ဆည်းပေးနိုင်မည့် ရေအရင်းအမြစ်နှင့် ရာသီဥတုအခြေအနေများကို ရှင်းလင်းတင်ပြပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ဖြည့်စွက်ရှင်းလင်း တင်ပြသည်။

ယင်းနောက် စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူး (အင်ဂျင်နီယာ)ဦးမြင့်ဦးက ရတနာပုံမြို့သစ်သို့ ရေပိုက်လိုင်းသွယ်တန်းရေး စီစဉ်ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

## လျှပ်စစ်ဓာတ်အား

ဆက်လက်၍ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာစန်းဦးက ရတနာပုံမြို့သစ်အတွက် လျှပ်စစ်ဓာတ်အား လုံလုံလောက်လောက်ရရှိစေရန် ဓာတ်အားခွဲဝေပေးသွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များအပေါ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက သောက်သုံးရေရရှိရေး၊ လျှပ်စစ်ဓာတ်အားရရှိရေး၊ အဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ထပ်မံစိစစ်မေးမြန်းပြီး ရတနာပုံမြို့သစ်ကို စနစ်တကျ အကွက်ကျကျ ခေတ်မီသပ်ရပ်လှပစွာ တည်ဆောက်သွားရန် မှာကြားသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ပြည်တွင်း ပြည်ပ IT ပညာရှင်များအား နှုတ်ဆက်ပြီး စီမံကိန်းရှင်းလင်းဆောင်ရှုရပ်မှ ရတနာပုံမြို့သစ် စီမံကိန်းဧရိယာကို ကြည့်ရှုသည်။ ဆက်လက်၍ Tele-Port ပင်မ အဆောက်အအုံ၊ Incubation အဆောက်အအုံ ဆောက်လုပ်နေမှုများ၊ ကွန်ကရစ်လမ်း ဖောက်လုပ်ပြီးစီးမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

**ဆေးသုတေသနလုပ်ငန်း၏ ပထမလုပ်ငန်းတာဝန်**

**ဆေးသုတေသနလုပ်ငန်း၌ တာဝန်ပိုင်းနှစ်ပိုင်းရှိကြောင်း။ အနောက်တိုင်း၏ ခေတ်မီဆေးသိပ္ပံပညာများနှင့် ဆေးဝါးများကို ဆန်းစစ်လေ့လာနားလည်သိရှိပြီး မိမိတို့နိုင်ငံ၌ လိုက်လျောညီထွေစွာ အခြားနိုင်ငံများနှင့် ရင်ပေါင်တန်း၍ အဆင့်မီ ဆေးပညာရပ်များကို လက်တွေ့အသုံးချသွားနိုင်ရန်၊ ခေတ်မီဆေးဝါးထုတ်လုပ်မှု နည်းစဉ်များကို လေ့လာသိရှိပြီးနောက် ယင်းဆေးဝါးများကို မိမိတို့ကိုယ်တိုင် ကျယ်ကျယ်ပြန့်ပြန့်၊ ထိထိရောက်ရောက် ထုတ်လုပ်သွားနိုင်သည့်အဆင့်အထိ တက်လှမ်းသွားရန်မှာ ပထမလုပ်ငန်းတာဝန်ပိုင်းဖြစ်၏။**

# ဒုတိယလုပ်ငန်းတာဝန်

**ဒုတိယလုပ်ငန်း တာဝန်ပိုင်းမှာ မိမိတို့ နိုင်ငံ၏ ရေမြေ ရာသီဥတုအခြေအနေ အရ ဒေသအလိုက်ဖြစ်ထွန်းလျက်ရှိသော သဘာဝ ဆေးဝါးပင်များ၊ ဆေးရွက်များ၊ ဆေးမြစ်များကို အသုံးချ၍ ဆေးစွမ်း ကောင်းများ ပေါ်ထွက်လာအောင် သုတေ သနပြုရန်ဖြစ်။**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဆေးသုတေသနဦးစီးဌာန (အထက်မြန်မာပြည်) တွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ထိုမှတစ်ဆင့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း ဆေးဝါး လုပ်ငန်းစက်ရုံ(ပြင်ဦးလွင်)သို့ ရောက်ရှိကြသည်။

ရှေးဦးစွာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များအား စက်ရုံခန်းမ၌ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းက ဆေးဝါးလုပ်ငန်း စက်ရုံ(ပြင်ဦးလွင်)စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှုများ၊ ခေတ်မီစက်ပစ္စည်းများ တပ်ဆင်ပြီးစီးမှုများ၊ ဆေးပြား၊ ဆေးတောင့်၊ ဆေးရည်၊ ဆေးမှုန့်၊ လိမ်းဆေးထုတ်လုပ်နေမှုများ၊ ထိုးဆေးနှင့် သွေးကြော သွင်းဆေးရည် ဆက်လက်ထုတ်လုပ်သွားမည့် အစီအစဉ်များ၊ နိုင်ငံတော် အကြီးအကဲ ၂၀၀၄ ခုနှစ် ဒီဇင်ဘာလတွင် ဤစီမံကိန်းသို့ ရောက်ရှိစဉ် လမ်းညွှန်ခဲ့မှုများအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှု အခြေ အနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် စက်ရုံမှူး ဒေါက်တာမြင့်စိန်က ဆေးဝါးလုပ်ငန်းစက်ရုံ (ပြင်ဦးလွင်)၌ ထုတ်လုပ်သွားမည့် ဆေးဝါးများနှင့် ဆေးဝါးများ၏ အရည်အသွေးများကို ရှင်းလင်းတင်ပြသည်။

## အမြဲမပြတ်လေ့လာ

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လမ်းညွှန်ရာတွင် **မိမိတို့စက်ရုံများမှ ထုတ်လုပ်သည့် ဆေးဝါးများ၏ အရည်အသွေး အဆင့်အတန်း အစဉ်မြင့်မားနေအောင် စနစ်ရှိရှိ ဆန်းစစ် သုံးသပ်ထုတ်လုပ်သွားရန်ဖြစ်ကြောင်း၊ ပြည်သူများအတွက် အားကိုး အားထားပြုရသည့် ခေတ်မီအဆင့်မီ ဆေးဝါးများဖြစ်အောင် တာဝန်ရှိသူများ အနေဖြင့် ဆေးဝါးများ၏ အကျိုးအာနိသင်နှင့် ဘေးထွက်အကျိုး သက်ရောက်မှုတို့ကို အမြဲမပြတ်လေ့လာညှိနှိုင်း ဆွေးနွေးရန် လိုကြောင်း။**

**အထူးသဖြင့် မိမိတို့နိုင်ငံ၌ အဖြစ်များသည့် ငှက်ဖျား၊ တီဘီ၊ ဆီးချို၊ သွေးတိုး၊ ဝမ်းကိုက်၊ ဝမ်းလျှောစသည့် ရောဂါတို့ကို ထိထိ ရောက်ရောက် ကုသနိုင်သည့် ကိုယ်ပိုင်ဆေးဝါးများ အမြန်ဆုံးထုတ်လုပ်နိုင် ရေး ကြိုးပမ်းသွားကြရမှာဖြစ်ကြောင်း။**

**ဆေးဝါးများထုတ်လုပ်ရေးအတွက် လိုအပ်သည့်ကုန်ကြမ်း ဆေးဝါး ပင်များကို စုဆောင်းစိုက်ပျိုးသွားရန် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်သွားကြရန်လိုကြောင်း**ဖြင့် မှာကြားသည်။

ဆေးဝါးလုပ်ငန်းစက်ရုံ(ပြင်ဦးလွင်)က ၂၀၀၅ ခုနှစ် မတ်လမှ စတင်၍ ဆေးပြား၊ ဆေးတောင့်များကို စမ်းသပ်ထုတ်လုပ်ခဲ့သည်။

## ထုတ်လုပ်ဖြန့်ဖြူး

၂၀၀၇ ခုနှစ် မေလတွင် စက်များပြည့်စုံစွာ တပ်ဆင်ပြီးစီးမည်ဖြစ်ရာ ဆေးပြား၊ ဆေးတောင့်၊ ထိုးဆေး၊ သွေးကြောသွင်းဆေးရည်၊ ဆေးရည်၊ လိမ်းဆေးနှင့် ဆေးမှုန့် အမယ်ပေါင်း၂၁၃မျိုးကို ဆေးဝါးလုပ်ငန်းစက်ရုံ (ပြင်ဦးလွင်) က ထုတ်လုပ်ဖြန့်ဖြူးပေးသွားနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် မွန်းလွဲ ၁၂ နာရီခွဲတွင် ကျန်းမာရေးဝန်ကြီးဌာန ဆေးသုတေသန ဦးစီးဌာန(အထက်မြန်မာပြည်)သို့ ရောက်ရှိကြရာ ရှေးဦးစွာ ရှင်းလင်းဆောင်၌ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က ဆေးသုတေသနဦးစီးဌာန (အထက် မြန်မာပြည်)သို့ နိုင်ငံတော်အကြီးအကဲ ရောက်ရှိစစ်ဆေးစဉ် လမ်းညွှန်ခဲ့မှုများအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ချက်များ၊ ဆောင်ရွက်လျက် ရှိသည့် သုတေသနလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

## အကောင်အထည်ဖော်

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လမ်းညွှန်မှာကြားရာတွင် **ကျန်းမာရေး လုပ်ငန်း၌ ပညာပေးမှုအပိုင်း၊ ရောဂါကာကွယ်ရေးအပိုင်း၊ ရောဂါကုသရေးအပိုင်းစသည်ဖြင့် အပိုင်းသုံးပိုင်းရှိရာ ယင်းအပိုင်းသုံးပိုင်းကို ဟန်ချက်ညီညီ အကောင်အထည်ဖော် ဆောင်ရွက်ကြရန် လိုကြောင်း။**

**ဆေးသုတေသနလုပ်ငန်းသည် ယင်းကျန်းမာရေးလုပ်ငန်းများကို အဓိက အရေးကြီးသောအခန်းကဏ္ဍမှ အထောက်အကူပြုလျက်ရှိကြောင်း။ ထို့ကြောင့် ဆေးသုတေသနလုပ်ငန်းများကို ရန်ကုန်မြို့၌သာမက မြန်မာနိုင်ငံ အလယ်ပိုင်းနှင့် အထက်ပိုင်းတို့၌ပါ ကျယ်ကျယ်ပြန့်ပြန့်၊ ထိထိရောက်ရောက် လုပ်ကိုင်ဆောင်ရွက်နိုင်ရန် ဆေးသုတေသနဦးစီးဌာန များကို တိုးချဲ့ဖွဲ့စည်းပေးခဲ့ခြင်းဖြစ်ကြောင်း။**

## ကျယ်ကျယ်ပြန့်ပြန့်

**ဆေးသုတေသနလုပ်ငန်း၌ တာဝန်ပိုင်းနှစ်ပိုင်းရှိကြောင်း၊ အနောက် တိုင်း၏ ခေတ်မီဆေးသိပ္ပံပညာများနှင့် ဆေးဝါးများကို ဆန်းစစ်လေ့လာ နားလည်သိရှိပြီး မိမိတို့နိုင်ငံ၌ လိုက်လျောညီထွေစွာ အခြားနိုင်ငံများနှင့် ရင်ပေါင်တန်း၍ အဆင့်မီ ဆေးပညာရပ်များကို လက်တွေ့အသုံးချသွားနိုင်ရန်၊ ခေတ်မီဆေးဝါး ထုတ်လုပ်မှု နည်းစဉ်များကို လေ့လာသိရှိပြီးနောက် ယင်းဆေးဝါးများကို မိမိတို့ကိုယ်တိုင် ကျယ်ကျယ်ပြန့်ပြန့်၊ ထိထိ ရောက်ရောက်ထုတ်လုပ်သွားနိုင်သည့်အဆင့်အထိ တက်လှမ်းသွားရန်မှာ ပထမလုပ်ငန်းတာဝန်ပိုင်းဖြစ်ကြောင်း။**

**ဒုတိယလုပ်ငန်း တာဝန်ပိုင်းမှာ မိမိတို့နိုင်ငံ၏ ရေမြေ၊ ရာသီဥတု အခြေအနေအရ ဒေသအလိုက်ဖြစ်ထွန်း လျက်ရှိသော သဘာဝဆေးဝါးပင်များ၊ ဆေးရွက်များ၊ ဆေးမြစ်များကိုအသုံးချ၍ ဆေးစွမ်းကောင်းများ ပေါ်ထွက်လာအောင် သုတေသနပြုရန်ဖြစ်ကြောင်း။**

## သုတေသနပြု

**မိမိတို့နိုင်ငံသည် ကွဲပြားခြားနားသော ရာသီဥတုအခြေအနေမျိုးစုံဖြင့် ပြည့်စုံနေသကဲ့သို့ ဆေးဖက်ဝင် ဆေးဝါးအပင်မျိုးစုံ ပေါက်ရောက်လျက်ရှိရာ ယင်းဆေးဝါးပင်များကို စနစ်တကျသုတေသနပြုပြီး တစ်မျိုးသားလုံး အတွက် အကျိုးရှိမည့် ဆေးဝါးအမယ်သစ်များ ပေါ်ထွက်လာအောင် သုတေသနပြုကြမှာ ဖြစ်ကြောင်း။**

**ယင်းသို့ သုတေသနပြုလုပ်ပြီး အများပြည်သူ ဝယ်ယူအသုံးပြုနိုင်သည့် အဆင့်အထိ ဆေးဝါးများကို ကျယ်ကျယ်ပြန့်ပြန့် ထုတ်လုပ်သွားနိုင်မှသာ အမျိုးသားကျန်းမာရေးအဆင့်အတန်းသည်လည်း ထိရောက် မြင့်မားသွားမှာ ဖြစ်ကြောင်း၊ အများပြည်သူတစ်ရပ်လုံး လွှမ်းခြုံသုံးစွဲသည့် အဆင့်အထိရရှိအောင် ကြိုးပမ်း လုပ်ဆောင်သွားရမှာ ဖြစ်ကြောင်း၊ သုတေသနလုပ်ငန်းများကို ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်သည့် နိုင်ငံများသည် ခေတ်မီဖွံ့ဖြိုးတိုးတက်လျက်ရှိကြသည်ကို လေ့လာတွေ့ရှိရကြောင်း။**

## ကြိုးကြိုးစားစား

**မိမိတို့နိုင်ငံ၌လည်း ဆေးသုတေသနလုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရန် လိုအပ်သည် များကို နိုင်ငံတော်အပိုင်းက ဖန်တီးပေးထားပြီးဖြစ်ကြောင်း၊ ထို့ကြောင့် ဆေးသုတေသနဦးစီးဌာနများမှ တာဝန်ရှိသူများ၊ ပညာရှင်များအနေဖြင့် မိမိတို့၏သုတေသနလုပ်ငန်းများကို ကြိုးကြိုးစားစား ဆောင်ရွက်သွားကြရန် ဖြစ်ကြောင်း**ဖြင့် မှာကြားသည်။

ယင်းနောက် ဆေးသုတေသနဦးစီးဌာန(အထက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းထွန်းက ဆေးသုတေသနလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုသည့် လိုအပ်သောပစ္စည်း ကိရိယာများ ဖြည့်ဆည်း ပေးနိုင်ရေး ရှင်းလင်းတင်ပြရာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

(သတင်းစဉ်)

စာမျက်နှာ ၃ မှ

ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးခင်မောင်ဆန်းသို့ လွှဲပြောင်းပေးအပ်သည်။ ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ကျောင်း ဆောင်သစ်ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါကျောင်းဆောင်သစ်ကို ရန်ကုန်တိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ဆောက်လုပ်လှူဒါန်းခြင်းဖြစ်ပြီး အလျားပေ ၁၀၀ အနံပေ ၃၀ ရှိပြီး စာသင်ခန်းငါးခန်း ပါရှိသော အုတ်ညှပ် တစ်ထပ်အဆောက်အအုံ ဖြစ်သည်။

## တံတားလေးစင်း

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ကော့မှူး မြို့နယ် မစန်းကျေးရွာသို့ ရောက်ရှိကြပြီး ကော့မှူး-ဝါးဘလောက်သောက် လမ်းပေါ်၌ ကျင်းပသည့် တံတားလေးစင်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြရာ ရှေးဦးစွာ ကော့မှူးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြင့်ဆွေက တံတားလေးစင်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် တံတား ပေါ်သို့ ဖြတ်သန်းကြည့်ရှုကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ဝါး ဘလောက်သောက်ကျေးရွာသို့ ရောက်ရှိကြပြီး ကော့မှူးမြို့နယ် ဝါးဘလောက် သောက် စံပြကျေးရွာဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားကို ဝါးဘလောက်သောက်စံပြကျေးရွာထိပ်၌ ကျင်းပရာ ရှေးဦးစွာ မုခ်ဦးကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ် အမှုဆောင် ရန်ကုန်တိုင်းတာဝန်ခံ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။ ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းက စံပြကျေးရွာဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး ဆိုင်းဘုတ်ကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

## ပြည်သူ့ဆေးရုံ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ဝါးဘ လောက်သောက်ကျေးရွာတိုက်နယ် ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြပြီး ဒုတိယ ဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ခံ ဆရာဝန် ဒေါက်တာဒေါ်မော်မော်အောင်က လိုက်လံရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် လူနာများအား ထောက်ပံ့ငွေများကို ပံ့ပိုးကူညီပေးအပ်ကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ဆေးရုံဝင်းအတွင်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

## စာကြည့်တိုက်

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ဝါး ဘလောက်သောက်စံပြကျေးရွာ လောကပြတင်းစာကြည့်တိုက်သို့ရောက်ရှိကြပြီး စာကြည့်တိုက်ကို ကြည့်ရှုစစ်ဆေးကာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက တာဝန်ရှိသူ များအား လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် မွန်းလွဲ ၂ နာရီတွင် ဝါးဘလောက်သောက်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည့် စံပြကျေးရွာ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။ အခမ်း အနားတွင် ကော့မှူးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြင့်ဆွေက စံပြဝါးဘလောက်သောက် စံပြကျေးရွာနှင့် စပ်လျဉ်း၍ ရှင်းလင်း တင်ပြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းက အမှာစကားပြောကြားရာ တွင် ကော့မှူးမြို့နယ် ဝါးဘလောက်သောက်ကျေးရွာကို စံပြကျေးရွာအဖြစ် မော်ကွန်းတင်နိုင်သည့်အတွက် ယနေ့သည် မင်္ဂလာအပေါင်းနှင့် ပြည့်စုံသည့် နေ့တစ်နေ့ဟု ပြောလိုကြောင်း၊ စံပြကျေးရွာတစ်ရွာ၌ ရှိသင့်ရှိထိုက်သည့် အင်္ဂါရပ်(၁၅)ရပ်ဖြစ်သော ကျေးရွာအုပ်ချုပ်ရေးရုံးနှင့် စာကြည့်တိုက်၊ အားကစား ကွင်းနှင့် ကျေးရွာဘုံမြေ၊ စာသင်ကျောင်း၊ ကျေးလက်ကျန်းမာရေး၊ လမ်းပန်း ဆက်သွယ်ရေး၊ ရေရရှိရေးနှင့် စိုက်ပျိုးရေး၊ လျှပ်စစ်မီးလင်းရေး၊ ဘုရားကျောင်းကန် သာသနိကအဆောက်အအုံများ၊ အိမ်ခြံစည်းရိုးများ၊ လုံခြုံရေးအဖွဲ့များနှင့် မီးကင်း၊ ရေကင်း၊ အရိပ်ရပင်နှင့် ထင်းစိုက်ခင်း၊ အစိုးရမဟုတ်သော လူမှုရေးအသင်း အဖွဲ့များ၊ ဈေးနှင့် ဈေးမြေနေရာ၊ ကျန်းမာသန့်ရှင်းရေးနှင့် သုသာန်အစရှိသော အင်္ဂါရပ်များဖြင့် ပြည့်စုံသည့်အတွက် ဝါးဘလောက်သောက်ကျေးရွာကို စံပြ ကျေးရွာအဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်ကြောင်း။

ယခုကဲ့သို့ စံပြကျေးရွာဖြစ်ထွန်း ပေါ်ပေါက်လာစေရန် ကျေးရွာတာဝန် ရှိသူများနှင့် ကျေးရွာသူ ကျေးရွာသားများ၏ စည်းလုံးညီညွတ်သည့် စွမ်းပကားကို အထူးပင် ဂုဏ်ယူမှတ်တမ်းတင်ပါကြောင်းဟူ၍ ပြောကြားသည်။

## ပေးအပ်လှူဒါန်း

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက စံပြကျေးရွာ စာကြည့်တိုက်အတွက် စာအုပ်စာတမ်းများကို ကျေးရွာအေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြကြည်သို့ ပေးအပ်သည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းက စံပြကျေးရွာတိုက်နယ်ဆေးရုံ ဆေးပဒေသာပင်အတွက် ငွေကျပ် ၁၀ သိန်းကိုလည်းကောင်း၊ ရပ်မိ ရပ်ဖများ လှူဒါန်းသည့် ငွေကျပ် ၃၄၀၀၀၀ ကို ရပ်မိရပ်ဖများကိုယ်စား ဦးတင်အောင်က လည်းကောင်း တိုက်နယ်ဆေးရုံ တာဝန်ခံသို့ ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဝါးဘလောက်သောက် စံပြကျေးရွာအခြေခံပညာ အထက် တန်းကျောင်းအတွက် ကွန်ပျူတာတစ်လုံးကို တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းထံ အားသစ်လယ်ယာသုံး စက်ကိရိယာ ထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေး ဒါရိုက်တာ ကိုယ်စား ကော့မှူးမြို့နယ် အရောင်းကိုယ်စားလှယ်က ပေးအပ်လှူဒါန်းသည်။

ထို့နောက် အမျိုးသမီးရေးရာအဖွဲ့ဝင် အဆိုပြုလွှာစောင်ရေ ၁၅၀ ကို ကျေးရွာအမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်လှလှမြင့်က မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ဝင် ဒေါ်အေးမြင့်ထံသို့လည်းကောင်း၊ မိခင်နှင့် ကလေး စောင့်ရှောက်ရေး အသင်းဝင် အဆိုပြုလွှာစောင်ရေ ၂၀၀ ကို အသင်းခွဲအတွင်းရေးမှူး ဒေါ်သန်းသန်းစိုး က ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ အတွင်း ရေးမှူး ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဦးလှမြင့်ထံလည်းကောင်း အသီးသီး ပေးအပ်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ညနေပိုင်းတွင် ပြန်လည် ထွက်ခွာသွားသည်။

(သတင်းစဉ်)

တရုတ်နိုင်ငံ ပေကျင်းမြို့၌ ကျင်းပသည့် ကုန်စည်ပြပွဲတွင် ပြသထားသော နောက်တွဲသုံးတွဲပါ ကျည်ဆန်ကားကို ဧပြီ၁၉ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

## မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

# ၂၀၀၇ ခုနှစ်၌ နာဆာမှ အာကာသယာဉ်လေးစင်း လွှတ်တင်မည်

ဝါရှင်တန် ဧပြီ ၂၀

**နာဆာအဖွဲ့အနေဖြင့် ၂၀၀၇ခုနှစ်တွင် အာကာသခရီးစဉ်ငါးခုပျံသန်းရန် ရည်ရွယ်ထားရာမှ လေးခုသာ ပျံသန်းတော့မည်ဖြစ်ကြောင်း နာဆာအရာရှိများက ဧပြီ ၁၇ ရက်၌ ပြောကြားသည်။**

ယခုနှစ်၌ ပျံသန်းမည့်အာကာသခရီးစဉ်လေးခုမှာ လာမည့်ဇွန်၈ရက်၌ အတ္တလန်တစ်အာကာသယာဉ် လွှတ်တင်မည့် အစီအစဉ်လာမည့် ဩဂုတ် ၉ ရက်၌ အင်ဒီဗာဗော့အာကာသယာဉ်လွှတ်တင်မှု၊ လာမည့် အောက်တိုဘာ ၂၀ရက်၌ ဒစ္စကာဗာရီအာကာသယာဉ်လွှတ်တင်မှု နှင့် လာမည့်ဒီဇင်ဘာ၆ ရက်၌ အတ္တလန်တစ်အာကာသယာဉ် လွှတ်တင်ရေးအစီအစဉ်များဖြစ်ကြောင်း သိရသည်။

ထို့အပြင် နာဆာအနေဖြင့် ၂၀၀၈ ခုနှစ်အစောပိုင်းကာလများတွင်အာကာသခရီးစဉ်နှစ်ခုကိုလည်း လွှတ်တင်ရန်စီစဉ်ထားသည်။ ၎င်းတို့မှာ ၂၀၀၈ခုနှစ်ဖေလင်တိုင်းနေ့တွင် အင်ဒီဗာဗော့အာကာသယာဉ်နှင့် အဆိုပါအာကာသယာဉ်လွှတ်တင်ပြီး နှစ်လအကြာ ဒစ္စကာဗာရီအာကာသယာဉ်ကို လွှတ်တင်မည်ဖြစ်သည်။

သို့သော်လည်း အဆိုပါအာကာသယာဉ်များ လွှတ်တင်မှုမှာ နေ့ရက်၊ အချိန် အပြောင်းအလဲ ဖြစ်နိုင်ကြောင်း နာဆာအဖွဲ့မှ အရာရှိများက ပြောကြားသည်။

နာဆာအဖွဲ့အနေဖြင့် ၂၀၀၇ ခုနှစ်အစောပိုင်းက ယခုနှစ်တစ်နှစ်လုံး တွင် အာကာသယာဉ် ငါးစင်းလွှတ်တင်ရန်စီစဉ်ခဲ့သော်လည်း ပထမဆုံးလွှတ်တင်မည့် အာကာသယာဉ်မှာ ပထမစီစဉ်ထားသလို မတ် ၁၅ ရက်၌ မလွှတ်တင်ဖြစ်ဘဲ ဇွန်လအစောပိုင်းရောက်မှသာ လွှတ်တင်ရန် ရက်ရွှေ့ပြောင်းလိုက်ရ၍ ဖြစ်ကြောင်း သိရသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

# တရုတ်အနောက်တောင်ပိုင်း၌ လေပြင်းတိုက်ခတ်၊ မိုးသီးကြွေ

**ချန်ဒူး ဧပြီ ၂၀**

တရုတ်နိုင်ငံ အနောက်တောင်ပိုင်း စီချွမ်ပြည်နယ်တွင် လေပြင်းတိုက်ခတ်ပြီး မိုးသီးကြွေမှုကြောင့် အိမ်များနှင့် လယ်ယာများ ပျက်စီးသည်အထိ ထိခိုက်ခဲ့ကြောင်း ဒေသအာဏာပိုင်များက ဧပြီ ၁၆ ရက်၌ ထုတ်ဖော်ပြောကြားခဲ့သည်။

စီရင်စု ၂၇ စု မြို့ကြီးများနှင့် စီချွမ်ပြည်နယ်ရှိ ခရိုင်များတွင် ဧပြီ ၁၄ ရက်က အလွန်အမင်းဆိုးရွားသော ရာသီဥတုကြောင့်အထိနာစေခဲ့ကြောင်း၊ လေပြင်းမှာ တစ်နာရီ ၁၀၀ ကီလိုမီတာရှိပြီး အကြီးဆုံးမိုးသီးမှာ အချင်းငါးစင်တီမီတာရှိကြောင်းပြည်နယ်သဘာဝဘေးအန္တရာယ် ကယ်ဆယ်ရေးရုံးမှ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

နောက်ဆုံး စာရင်းအင်းများအရ ယင်းဒဏ်ကို လူ ၁ဒသမ ၇၆ သန်းက ခံစားခဲ့ရကြောင်း၊ လူပေါင်း ၁၂၃၀၀၀ ကို ပြန်လည်နေရာချပေးခဲ့ရကြောင်း၊ အိမ် ၁၆၅၀၀၀နှင့် လယ်မြေပေါင်း ဟက်တာ ၃၈၀၀၀ ပျက်စီးခဲ့ရကြောင်း ၎င်းက ပြောကြားသည်။

စိုက်ပျိုးရေးကဏ္ဍတွင် အမေရိကန်ဒေါ်လာ သန်း၄၀ အပါအဝင် တိုက်ရိုက်စီးပွားရေးဆုံးရှုံးမှုခန့်မှန်းတန်ဖိုး အမေရိကန်ဒေါ်လာ ၄၇ ဒသမ ၅ သန်းရှိကြောင်း ၎င်းက ပြောကြားခဲ့သည်။

**အမ်အင်န်အေ၊ရိုက်တာ။**

# နိုင်ငံပေါင်းစုံမှ သံတမန်များအား အင်ဒိုနီးရှား၌သင်တန်းပေး

ဂျကာတာ ဧပြီ ၂၀

**အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ)နှင့် အခြားအာရှနိုင်ငံများအပြင် အာဖရိကနိုင်ငံများမှ သံတမန်များအတွက် အလုပ်ရုံဆွေးနွေးပွဲ သင်တန်းတစ်ခုကို အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၌ ဧပြီ ၁၆ ရက်က စတင်ဖွင့်လှစ်လိုက်သည်။**

အင်ဒိုနီးရှား နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ယူကျင်းပပေးသော အဆိုပါသင်တန်းသည် တစ်လတာမျှကြာမြင့်မည်ဖြစ်ပြီး အာဆီယံ၊ အာဖဂန်နစ္စတန်၊ ဘင်္ဂလားဒေ့ရှ်၊ တရုတ်၊ အီဂျစ်၊ ဂျပန်၊ ကင်ညာ၊ ပါပူရာနယူးဂီနီ၊ ဆီနီဂေါနှင့် ဗင်နွာတူ စသည့် နိုင်ငံများမှ သံတမန် ၂၁ဦးခန့် တက်ရောက်ကြကြောင်း အဆိုပါဝန်ကြီးဌာနမှ ထုတ်ပြန်သော သတင်းအချက်အလက်များ၌ ဖော်ပြသည်။

**အကူအညီပေး**

အဆိုပါ အစီအစဉ်သည် အာရှ-အာဖရိက ၂၀၀၅ ထိပ်သီးအစည်းအဝေးမှ နောက်ဆက်တွဲဖြစ်ပေါ်လာသော အစီအစဉ်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့်သံတမန်အရည်အသွေးတိုးတက်မြင့်မားစေရန် အကူအညီပေးခြင်းဖြစ်ကြောင်းအင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီးဟာဆင်ဝီရာဂျူဒါက ပြောကြားသည်။

ယခုကဲ့သို့ သင်တန်းတက်ရောက်မှုကြောင့် စီမံခန့်ခွဲမှုနှင့် ခေါင်းဆောင်မှု အရည်အချင်းများအပြင် သံတမန်ရေးရာ စကားပြောဆိုမှုနှင့် သတင်းပြန်ကြားမှုစသည့်အရည်အသွေးများရရှိနိုင်မည်ဟု သံတမန်တစ်ဦးက ပြောကြားသည်။

**အမ်အင်န်အေ၊ဆင်ဟွာ**

# တရုတ်-ပါကစ္စတန် သဘောတူညီချက်များ လက်မှတ်ရေးထိုး

ပေကျင်း ဧပြီ ၂၀

**တရုတ်နှင့် ပါကစ္စတန် နှစ်နိုင်ငံတို့သည် အာကာသ၊ ဆက်သွယ်ရေး၊ ပညာရေးနှင့် အခြားသော နယ်ပယ်ကဏ္ဍများတွင် စွမ်းအားပြည့် ပူးပေါင်းဆောင်ရွက်သွားကြရန်အတွက် သဘောတူညီချက်စာချုပ် ၁၃ခုကို ဧပြီ ၁၇ရက်၌ လက်မှတ်ရေးထိုးခဲ့ကြသည်။**

အဆိုပါ သဘောတူညီချက်များကို တရုတ်ဝန်ကြီးချုပ် ဝမ်ကြားပေါင်နှင့် တရုတ်နိုင်ငံသို့ အလည်အပတ်ရောက်ရှိနေသော ပါကစ္စတန်ဝန်ကြီးချုပ် ရှောကတ်အဇစ်တို့ တွေ့ဆုံဆွေးနွေးပြီးနောက် လက်မှတ်ရေးထိုးခဲ့ကြခြင်းဖြစ်သည်။ ထို့အပြင် နှစ်နိုင်ငံအနေဖြင့် စီးပွားရေးနှင့် ကုန်သွယ်ရေး ပူးပေါင်း ဆောင်ရွက်ရန်အတွက် ငါးနှစ်စီမံကိန်း တစ်ခုနှင့် တရုတ်-ပါကစ္စတန် လွတ်လပ်စွာ ကုန်သွယ်ရေး သဘောတူညီချက်တစ်ရပ်ရရှိရေးအတွက်လည်း နှစ်ဦးနှစ်ဖက်စလုံးက သဘောတူညီခဲ့ကြသည်။

**အားပေး**

တစ်ဖန် နှစ်နိုင်ငံတို့မှ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် အပြန်အလှန်ရင်းနှီးမြှုပ်နှံမှုများ အရှိန်အဟုန်မြှင့်ဆောင်ရွက်ကြရန်လည်း တိုက်တွန်းအားပေးသွားကြမည်ဖြစ်သည်။

**ပူးပေါင်း**

တရုတ်နှင့် ပါကစ္စတန်တို့သည် ယဉ်ကျေးမှုနှင့် လူသားချင်းစာနာထောက်ထားမှုများတွင်လည်း အပြန်အလှန်ရိုင်းပင်းကူညီကြရန် နယ်စပ်ဖြတ်ကျော်မှုခင်းများ ကာကွယ်တားဆီးရေးလုပ်ငန်းများတွင်လည်း ပူးပေါင်းလက်တွဲဆောင်ရွက်သွားကြမည်ဖြစ်သည်။

**အမ်အင်န်အေ၊ဆင်ဟွာ**

# ဂျော်ဒန်နျူကလီးယားစွမ်းအင် အသုံးပြုရေး အိုင်အေအီးအေ ထောက်ခံ

**အမ္မန် ဧပြီ ၂၀**

နျူကလီးယားစွမ်းအင်ကို မိမိနိုင်ငံအနေဖြင့် ငြိမ်းချမ်းရေးအတွက် ၌သာ အသုံးပြုမည်ဖြစ်ပြီး အခြားနိုင်ငံများအတွက် စံပြဖြစ်စေရမည်ဟု ဂျော်ဒန်ဘုရင်အဗ္ဗဒူလာ-၂က ဧပြီ ၁၅ရက်၌ ပြောကြားသည်ဟု ပီထရာသတင်းဌာနက သတင်းထုတ်ပြန်သည်။

ဂျော်ဒန်နိုင်ငံသို့ အလည်အပတ်ရောက်ရှိနေသော နိုင်ငံတကာအဏုမြူစွမ်းအင်အေဂျင်စီ (အိုင်အေအီးအေ) အကြီးအကဲ မိုဟာမက်အီလ်ဘာရာဒီနှင့် တွေ့ဆုံစဉ် ဂျော်ဒန်ဘုရင်ကအထက်ပါအတိုင်း ကတိပြုပြောကြားလိုက်ခြင်းဖြစ်သည်။ ဂျော်ဒန်နိုင်ငံသည် အိုင်အေအီးအေအဖွဲ့ဝင်တစ်နိုင်ငံဖြစ်သကဲ့သို့ နျူကလီးယား မပြန့်ပွားရေး(အင်ပီတီ) တွင်လည်း လက်မှတ်ရေးထိုးထားသော နိုင်ငံဖြစ်ရာ နျူကလီးယားစွမ်းအင်ကို ငြိမ်းချမ်းစွာ အသုံးပြုရေးတွင် အခြားနိုင်ငံများအတွက် စံပြဖြစ်စေရမည်ဟု အဗ္ဗဒူလာ-၂ က ပြောကြားခဲ့သည်။

ထို့အပြင် နျူကလီးယားစွမ်းအင်ကို နိုင်ငံတကာမှ သတ်မှတ်ထားသော စံချိန်စံနှုန်းများနှင့် ဥပဒေဘောင်များအတွင်း၌သာ အသုံးပြုသွားမည်ဖြစ်ကြောင်းလည်း ၎င်းက ဆက်လက်ပြောကြားသည်။

ဂျော်ဒန်နိုင်ငံ၏ ပင်လယ်သန့်စင်မှုနှင့် လျှပ်စစ်ဓာတ်အားတို့တွင် နျူကလီးယားစွမ်းအင်ကို အသုံးပြုရေး ကြိုးစားလုပ်ဆောင်မှုအပေါ် အိုင်အေအီးအေက ထောက်ခံခဲ့ကြောင်း ၎င်းက ပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

## ကမ္ဘာတစ်လွှား ထူးထူးခြားခြား

# ငှက်ပျောသီး မျှော်စင်

**ငှက်ပျောသီးများဖြင့် ပြုလုပ်ထားသော မျှော်စင်တစ်ခုကို တွေ့ရစဉ်။** (ယာပုံ)

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ တောင်ဘက် ယွန်ဂျင်မြို့တွင် ငှက်ပျောသီးအလုံးရေ ငါးထောင်ပါရှိသော ငှက်ပျောဖီးများဖြင့် မျှော်စင်တစ်ခုကို ပြုလုပ်ထားရာ အမြင့်ကိုးပေရှိကြောင်း သိရသည်။ **(အင်တာနက်)**

# စွမ်းရည်ပြနေသော ဝက်ဝံ

**မော်တော်ယာဉ်တစ်စီးကို ဆွဲပြနေသော ဝက်ဝံတစ်ကောင်ကို တွေ့ရစဉ်။** (ဝဲပုံ)

တရုတ်နိုင်ငံ ရှန်တုန်ပြည်နယ်ရှိ ကျီနန်တိရစ္ဆာန်ဥယျာဉ်တွင် ဝက်ဝံတစ်ကောင်က ၎င်း၏ခန္ဓာကိုယ်၌ ကြိုးချည်ကာ မော်တော်ယာဉ်တစ်စီးကို ဆွဲပြီး စွမ်းရည်ပြခဲ့ကြောင်း သိရသည်။

**(အင်တာနက်)**

# ပင်မဓာတ်အားခွဲရုံ (၂၃၀/၃၃/၁၁) ကေဗွီ ၁၀၀ အမ်ဗွီအေ ပန္နက်တော်တင်မင်္ဂလာအခမ်းအနား နေပြည်တော်၌ကျင်းပ

နေပြည်တော် မေ ၂၀

**အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်အောင်နှင့် တာဝန်ရှိသူများနှင့်အတူ ဧပြီ ၁၉ ရက် နံနက်ပိုင်းတွင် မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း (အလယ်ပိုင်း) ပင်မဓာတ်အားခွဲရုံများ တည်ဆောက်ရေးစီမံကိန်းမှ တည်ဆောက်မည့် နေပြည်တော် ပင်မဓာတ်အားခွဲရုံ(၂၃၀/၃၃/၁၁)ကေဗွီ ၁၀၀ အမ်ဗွီအေ ပန္နက်တော်တင်မင်္ဂလာ အခမ်းအနားသို့ တက်ရောက်သည်။**

### ပန္နက်တိုင်စိုက်ထူ

အစီအစဉ်အရ ဝန်ကြီးနှင့် တာဝန်ရှိသူများက ပန္နက်တိုင်များကို သယ်ဆောင်ကြပြီး မင်္ဂလာအချိန်တွင် ဝန်ကြီးနှင့် တာဝန်ရှိသူများက သတ်မှတ်နေရာများ၌ ပန္နက်တိုင်များကို စိုက်ထူကြပြီး အမွှေးနံ့သာများပက်ဖျန်းကာ အခမ်းအနား အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် မင်္ဂလာရွှေမိုး ငွေမိုးများ ရွာသွန်းကြသည်။

### လိုအပ်သည်များမှာကြား

ယင်းနောက် ရှင်းလင်းဆောင်၌ ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က နေပြည်တော် ပင်မဓာတ်အားခွဲရုံကို သတ်မှတ်ချိန်အတွင်း အမြန်ဆုံးပြီးစီးသွားအောင် တည်ဆောက်ရန်နှင့် အရည်အသွေး ပြည့်မီအောင် တည်ဆောက်သွားရန် လိုအပ်ကြောင်း မှာကြားသည်။

ဆက်လက်၍ ဓာတ်အားပို့လွှတ်ရေးစီမံကိန်း (အလယ်ပိုင်း) စီမံကိန်းညွှန်ကြားရေးမှူး ဦးတင်အောင်က နေပြည်တော် ပင်မဓာတ်အားခွဲရုံ တည်ဆောက်မှုကို အကွက်ချပုံစံများဖြင့် ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

### စစ်ဆေး

ထို့နောက် ဝန်ကြီးနှင့် အဖွဲ့သည် တပ်ကုန်းမြို့နယ် ရွှေမြို့ (၂၃၀) ကေဗွီ ပင်မ ဓာတ်အားခွဲရုံ ဆောက်လုပ်မည့်နေရာသို့ သွားရောက်စစ်ဆေးပြီး မြေညှိရှင်းလင်းထားမှုအပေါ် ဝန်ကြီးက လိုအပ်သည်များ မှာကြားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာဝေ ၂၀၀၇ ခုနှစ် ကမ္ဘာ့ကျန်းမာရေးနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ၌ ဆုရရှိသူတစ်ဦးအား ဆုချီးမြှင့်စဉ်။** (သတင်းစဉ်)

# ရန်ကုန်အနောက်ပိုင်းခရိုင်၌ ကျန်းမာရေးပညာပေးဟောပြောပွဲကျင်းပ

**ရန်ကုန် ဧပြီ ၂၀**

ရန်ကုန်အနောက်ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသော ၂၀၀၇ ခုနှစ် ကမ္ဘာ့ကျန်းမာရေးနေ့ အထိမ်းအမှတ် ကျန်းမာရေးပညာပေး ဟောပြောပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်အနောက်ပိုင်းခရိုင် စမ်းချောင်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း စံပယ်ခန်းမ၌ကျင်းပသည်။

### အဆိုပြုလွှာများ လက်ခံရယူ

ရှေးဦးစွာ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာဝေက အမှာစကားပြောကြားပြီး ရန်ကုန်အနောက်ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ထံမှ ရာသက်ပန်အသင်းဝင် အဆိုပြုလွှာများကို လက်ခံရယူသည်။

### ပေးအပ်ချီးမြှင့်

ထို့နောက် ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာဝေက ၂၀၀၇ ခုနှစ် ကမ္ဘာ့ကျန်းမာရေးနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ၌ ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိကြသူများအား ဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ကျန်းမာရေးဦးစီးဌာန ကျန်းမာပညာဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကျော်ကျော်က ကျန်းမာရေး ပညာပေးဟောပြောပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပထမအကြိမ် သက်ကြီးပူဇော်ပွဲ

**ရန်ကုန် ဧပြီ ၂၀**

ရန်ကုန်တိုင်း သန်လျင်မြို့နယ် ကညင်ပင်ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၏ စီစဉ်မှုဖြင့် ပထမအကြိမ်သက်ကြီးပူဇော်ပွဲကို မြန်မာနှစ်ဆန်းတစ်ရက်နေ့က ကျင်းပရာ အဘိုးအဘွား ၁၁၂ ဦးတို့အား တစ်ဦးလျှင်ငွေကျပ် ၈၀၀၀ ကျော် တန်ဖိုးရှိ လှူဖွယ်ပစ္စည်းတို့ဖြင့် လှူဒါန်းပူဇော်ကန်တော့ကြပြီး အဘိုးအဘွားများကိုယ်တိုင် ကံစမ်းမဲဖောက်၍ ကံထူးရှင်များ ရွေးချယ်ပေးခဲ့သည်။

ညပိုင်းတွင် နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓရုပ်ပွားတော်များကို ကျေးရွာအတွင်း လှည့်လည် အပူဇော်ခံ၊ အကြည်ညိုခံ ကောင်းမှုကုသိုလ်များ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။ **(က-ပ)**

# မြောက်ဥက္ကလာပ သွေးလှူရှင်များဂုဏ်ပြုပွဲ

**ရန်ကုန် ဧပြီ ၂၀**

မြောက်ဥက္ကလာပမြို့နယ် သွေးလှူရှင်အသင်း၏ ဒုတိယအကြိမ် သွေးလှူရှင် ဂုဏ်ပြုပွဲအခမ်းအနားကို မေ ၁၇ ရက်(ကြာသပတေးနေ့)နံနက် ၉ နာရီက မြို့နယ်ခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ ရပ်ကွက်အသီးသီးမှ သွေးလှူရှင်များသို့ ဖိတ်စာများပေးပို့လျက်ရှိကြောင်းနှင့် ဖိတ်စာမရရှိသူများအနေဖြင့် မိမိတို့၏ သွေးလှူရှင်ကတ်များကို ပြသလျက် မြောက်ဥက္ကလာပ အထွေထွေရောဂါကုနှင့်သင်ကြားရေးဆေးရုံကြီး သွေးလှူဘဏ်တွင် မေ ၄ ရက်(သောကြာနေ့)နောက်ဆုံးထား၍ ဖိတ်စာများထုတ်ယူကြရန် ဖိတ်ကြားနှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

# ရခိုင်မောင်မယ်တံမြက်စည်းလှည်းအသင်း သက်ကြီးပူဇော်ပွဲအခမ်းအနားကျင်းပ

**ရန်ကုန် ဧပြီ ၂၀**

ရွှေတိဂုံစေတီတော် ရခိုင်မောင်မယ် တံမြက်စည်းလှည်းအသင်း၏ (၁၆)ကြိမ်မြောက် ရခိုင်ရိုးရာသက်ကြီးပူဇော်ပွဲကို ဧပြီ ၁၇ ရက်က ရွှေတိဂုံစေတီတော် အရှေ့ဘက်မုခ် ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ ရခိုင်ပြည်နယ်ဓမ္မာရုံ၌ ကျင်းပသည်။

### ပူဇော်ကန်တော့

ရှေးဦးစွာ အခမ်းအနားကို ရခိုင်မင်္ဂလာစည်တော်ယွန်း၍ အောင်ခြင်းမင်္ဂလာသီချင်း သီဆိုဖွင့်လှစ်ပြီး အသင်းနာယကဦးဘရွှေနှင့် ဥက္ကဋ္ဌ ဦးညွန့်ရွှေမောင်တို့က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် ပူဇော်ပွဲ ဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးနုမောင်လှက ကျေးဇူးတင်စကား ပြောကြားပြီး အတွင်းရေးမှူး ဦးလှကျော်က ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားကာ အသင်းသူ အသင်းသားများက ကန်တော့ခံ သက်ကြီး အဘိုး၊ အဘွားများအား လှူဖွယ်ပစ္စည်းများဖြင့် ပူဇော်ကန်တော့ကြသည်။

### ဖျော်ဖြေ

ဆက်လက်၍ အဘိုးအဘွားများ ကိုယ်စား သဒ္ဓမ္မဇောတိကဓဇ ဦးစံသိန်း (သီဟဆွေ)က ဩဝါဒစကားပြောကြားပြီး အသင်းသူ အသင်းသားများက ရခိုင်ရိုးရာ အကများဖြင့် ဖျော်ဖြေတင်ဆက်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(မြန်မာ့အလင်း)**

# မိုးလေဝသအခြေအနေ ၂၁-၄-၂၀၀၇

**နေပြည်တော်**

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းမည်။

**ရန်ကုန်**

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်။

**မန္တလေး**

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းမည်။

# ကမ္ဘာ့ကျန်းမာရေးနေ့အခမ်းအနားကျင်းပ

**ရန်ကုန် ဧပြီ ၂၀**

ရန်ကုန်အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ်၌ 'အနာဂတ်ဘဝလုံခြုံဖို့ ကျန်းမာရေးအတွက် ရင်းနှီးစို့' ဆောင်ပုဒ်နှင့်အညီ ကမ္ဘာ့ကျန်းမာရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ဧပြီ ၇ ရက် နံနက် ၈ နာရီက မရမ်းကုန်းမြို့နယ် (အလက-၅) သစ္စာဆောင်ခန်းမ၌ ကျင်းပရာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဂရက်ချမ်းထံမှ ပေးပို့သော သဝဏ်လွှာကို ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်ကျော်ဝင်းကလည်းကောင်း၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် ပေးပို့သောသဝဏ်လွှာကို မြို့နယ် ကျန်းမာရေးဦးစီးမှူး ဒေါက်တာဒေါ်သီသီသိန်းကလည်းကောင်း ဖတ်ကြားကြပြီး တက်ရောက်လာကြသော အင်အား ၂၅၀တို့အား မြို့နယ်ကျန်းမာရေးဝန်ထမ်းများ၊ ကြက်ခြေနီ တပ်ဖွဲ့ဝင်များက ကျန်းမာရေးနှင့် စပ်လျဉ်း၍ သိကောင်းစရာများ ဟောပြောကြသည်။ **(၄၂၁)**

# MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၁-၄-၂၀၀၇

**(စနေနေ့နေ့)**

၇:၀၀ MRTV-4 အဖွင့် Logo
ယနေ့အစီအစဉ်
၇:၀၅ သေဘောဆင်ခြင် ကြိုကာပြင်
တရားတော်
(ဓမ္မဒူတ ဒေါက်တာအရှင်ပညိဿရ)
၈:၀၀ MRTV-4 Video Topics
(မဟာတံတားကြီးများ)
၈:၂၀ တေးဂီတအစီအစဉ်
၈:၂၅ တန်ခိုးတော်အနန္တ ပြည့်ဝမွန်းထုံ
ရွှေစည်းခုံ
၈:၃၅ တေးဂီတအစီအစဉ်
၈:၄၀ တစ်ပတ်အတွင်းအားကစား
သတင်း
၈:၅၅ ပြည်တွင်းသတင်းအကျဉ်း
၉:၀၅ အသည်းရောင်အသားဝါစီပိုး
ဆွေးနွေးမေးမြန်းခန်း အပိုင်း(၁)
(ပါမောက္ခ ခင်မောင်ဝင်း)
၉:၂၀ သီချင်းကောင်းကောင်း
သီချင်းတောင်း
၉:၄၅ နိုင်ငံတကာသတင်းအကျဉ်း
၉:၅၀ ဆန်းသစ်လှပ မြန်မာ့ကြေးဒေါင်းရွှေ
အလှ
၁၀:၀၀ တေးဂီတအစီအစဉ်
၁၀:၀၅ Celebrity Style
(ချစ်စနိုးဦးနှင့် တွေ့ဆုံခြင်း)
၁၀:၄၀ မိုးလေဝသခန့်မှန်းချက်
၁၀:၄၅ အကွက်ဆန်းထွင်တဲ့ ရက်ကန်းစင်
၁၀:၅၀ တေးဂီတအစီအစဉ်
၁၀:၅၅ စက္ကူလွှင်လွှင်ပန်းယဉ်ယဉ်
အလှဆင်စေချင်
၁၁:၀၅ တေးဂီတအစီအစဉ်
၁၁:၁၀ ကလေးတို့အတွက်လက်ဆောင်
(နှစ်သစ်ကူးဆုတောင်းကတ်ပြား)
၁၁:၃၀ ပြည်တွင်းသတင်းအကျဉ်း
၁၁:၄၀ စက်မှု(၁)ရဲ့စွမ်းပကားကျန်းမာ
ရေးအတွက်အလေးထား
(ပြင်ဦးလွင်ဆေးဝါးစက်ရုံ)
၁၂:၀၀ တေးဂီတအစီအစဉ်
၁၂:၀၅ ခိုင်တိုစန် နည်းပညာသစ်၊
အမှိုက်ထဲကရွှေဖြစ်
၁၂:၂၀ နိုင်ငံတကာသတင်းအကျဉ်း
၁၂:၂၅ တေးဂီတအစီအစဉ်
၁၂:၃၀ "ချစ်စရာ့အဖော်" Hamster
၁၂:၄၅ တေးဂီတအစီအစဉ်
၁၂:၅၀ သစ်သီးဝလံပေါပြည့်ဝေဆာ
တို့မြေမှာ(စိမ်းချိုသရက်သီး)
၁:၀၀ MRTV-4 အပိတ်Logo

**အထက်ပါ ခြောက်နာရီစာအစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိတစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီအထိ တစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိတစ်ကြိမ်၊ နံနက် ၁ နာရီမှ နံနက် ၇ နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄ နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။**

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

**English Premier League ဘောလုံးပွဲစဉ်များ**

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၅:၃၀ | ပွဲကြိုသုံးသပ်ချက် | 5-Sports (Live) |
| ၆:၁၀ | Tottenham-Arsenal | 5-Sports (Live) |
| ၈:၂၅ | Charlton-Sheffield | 5-Sports (Live) |
| | Liverpool-Wigan | 5-Series (Live) |
| | Bolton-Reading | 5-Cartoon (Live) |
| ၁၀:၄၀ | Man: Utd-Middlesbrough | 5-Series (Live) |
| ၁၁:၀၀ | West Ham-Everton | 5-Sports (SDD) |

# နာရေးကူညီမှုအသင်းသို့ အလှူငွေပေးအပ်လှူဒါန်း

**ရန်ကုန် ဧပြီ ၂၀**

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ လူမျိုးဘာသာမရွေး နာရေးကူညီစောင့်ရှောက်မှုအသင်းသို့ ဧပြီ ၁၇ ရက်က လားရှိုးမြို့ ရပ်ကွက်(၄) ရဲဘော်လမ်းနေ ဦးဒီပါးလ်-ဒေါ်မီးမီး မိသားစုမှ ငွေကျပ် ငါးသိန်း လှူဒါန်းပွဲကို အဆိုပါအသင်းရုံးခန်းမ၌ ကျင်းပရာ အသင်းနာယက ရဲမှူးကြီး (ငြိမ်း) ဦးကျော်မြင့်၊ အသင်းဥက္ကဋ္ဌ ဦးစိုင်းထွဏ်းတင်နှင့် အဖွဲ့ဝင်များမှ လှူဒါန်းငွေများကို လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ချီးမြှင့်ကြောင်း သိရသည်။

**(ပြည်နယ် ပြန်/ဆက်)**

# မြန်မာနိုင်ငံပြင်ပ၌ အင်အားပြင်းငလျင်လှုပ်

နေပြည်တော် ဧပြီ ၂၀

**ယနေ့ မြန်မာစံတော်ချိန် နံနက် ၈ နာရီ ၂၁ မိနစ် ၅၁ စက္ကန့်အချိန်တွင် ကမ္ဘာအေး မြေငလျင်စခန်း၏ အရှေ့မြောက်ဘက် မိုင် ၁၉၆၀ ခန့်ကွာဝေးသောနေရာ (မြန်မာနိုင်ငံပြင်ပ)ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၆ ဒသမ ၁ အဆင့်ရှိ အင်အားပြင်းထန်သော မြေငလျင်တစ်ခု လှုပ်သွားကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက တိုင်းထွာရရှိသည်။**

(သတင်းစဉ်)

# စာသင်သားများလက်ခံ

**ရန်ကုန် ဧပြီ ၂၀**

မင်္ဂလာဇေယျာ ပရိယတ္တိစာသင်တိုက် ရန်ကုန်တိုင်း တာမွေမြို့နယ် တာမွေကြီး(က၊ဂ)ရပ်ကွက် ၁၅၄ လမ်း ဖုန်း-၅၄၅၅၂၄ သို့ အသက် ၁၄ နှစ်အောက် တိုင်းရင်းသားပေါင်းစုံတို့အား ၁၃၆၉ ခုနှစ် ကဆုန်လဆန်း ၁၀ ရက် (ဧပြီ ၂၅ ရက်) ဗုဒ္ဓဟူးနေ့မှစတင်၍ စာသင်သားသံဃာသစ်များအား လက်ခံလျက်ရှိကြောင်း သိရသည်။ **(က-ပ)**

# အိုးထရက်ဖို့ဒ်ညချမ်းမှာ မန်ယူတို့ ပြုံးပန်းဝေနိုင်ပါမည်လော ဘင်နီတက်ဇ်နှင့် စီးချင်းထိုးမည့် မော်ရင်ဟိုတို့၏ ချန်ပီယံလိဂ်အကြိုဗိုလ်လုပွဲ

**သုံးသပ်ရေးသားသူ – မောင်ချစ်ကြည်**

ရန်ကုန် ဧပြီ ၂၀

**ကမ္ဘာ့ဘောလုံး ပရိသတ်တွေအတွက် ရင်ခုန်လှိုက်မောဖွယ်ရာ ရသတွေကိုပေးမယ့် ချန်ပီယံလိဂ် ပထမအကျော့ အကြို ဗိုလ်လုပွဲစဉ်တွင် ဧပြီ ၂၄ရက်နဲ့ ၂၅ရက်တွေမှာ ကစားကြပါတော့မယ်။**

## အင်္ဂလန်သုံးသင်း

ဒီနှစ်ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲတွေရဲ့ ထူးခြားချက်ကတော့ အင်္ဂလန်အသင်း သုံးသင်းအကြိုဗိုလ်လုပွဲ တက်ရောက်လာတာဖြစ်ပြီး အီတလီက အေစီမီလန်တစ်သင်းပဲတက်ရောက်နိုင်ခဲ့တာဖြစ်ပါတယ်။ ချန်ပီယံလိဂ်သမိုင်းကြောင်းကိုပြန်ကြည့်ရင်လည်း အီတလီအသင်းတွေ ဗိုလ်စွဲခဲ့တာ (၁၀) ကြိမ်ရှိခဲ့ပြီး ဒုတိယရရှိခဲ့တာ (၁၄)ကြိမ်ရှိခဲ့ပါတယ်။

## ခက်ခဲတဲ့ပုစ္ဆာ

အင်္ဂလန်အသင်းတွေကတော့(၁၀)ကြိမ်ဗိုလ်စွဲခဲ့ပြီး သုံးကြိမ်ဒုတိယရရှိခဲ့တာကိုတွေ့ရမှာဖြစ်ပါတယ်။ အင်္ဂလန်အသင်းတွေထဲမှာမှ လီဗာပူးအသင်းက ချန်ပီယံလိဂ်မှာအအောင်မြင်ဆုံးအသင်းတစ်သင်းအဖြစ် ရပ်တည်နေတာဖြစ်ပြီး လက်ရှိအကြိုဗိုလ်လုပွဲ တက်ရောက်လာတဲ့ အသင်းထဲမှာ ခြေအမှန်ဆုံးဖြစ်ပါတယ်။ ဒါပေမယ့် ချယ်လ်ဆီး၊ မန်ယူနဲ့အေစီမီလန်တို့ဟာလည်းလက်ရှိအနေအထားမှာ ခြေစွမ်းအထက်မြက်ဆုံး ဖြစ်နေတာမို့ ပွဲရလဒ်တွေကို ခန့်မှန်းဖို့ဆိုတာ ခက်ခဲတဲ့ပုစ္ဆာ တစ်ပုဒ်လို ဖြစ်နေတော့တာပါပဲ။ ဒါပေမယ့် ချန်ပီယံလိဂ်ရင်ခုန်သံခြင်း ညှိကြမယ်ဆိုရင် ...။

## မန်ယူနှင့် အေစီမီလန်

၁၉၉၉ ခုနှစ်က ရလဒ်တွေအတိုင်း ပြန်လည်ရရှိဖို့ ကြိုးစားနေပြီဖြစ်တဲ့ ဖာဂူဆန်ကတော့ အိုးထရက်ဖို့ဒ်မှာ အေစီမီလန်ကို ကောင်းကောင်းဧည့်ခံဖို့ ပြင်ဆင်နေပြီဖြစ်ပါတယ်။ မန်ယူဟာ ချန်ပီယံလိဂ်ကွာတားဖိုင်နယ် ဒုတိယအကျော့အဖြစ် အိမ်ကွင်း အိုးထရက်ဖို့ဒ်မှာ ရိုးမားကို ခုနစ်ဂိုးသွင်းအနိုင်ယူလိုက်တဲ့ ခြေစွမ်းသာပြန်ရရင်တော့ အေစီမီလန်တို့ မန်ယူသွင်းဂိုးတွေရင်မှာ ပိုက်ပြီးအိမ်ပြန်ရကိန်းဆိုက်သွားပါလိမ့်မယ်။

## အထက်မြက်ဆုံး

မန်ယူရဲ့ လက်ရှိခြေစွမ်းက အမြင့်မားဆုံးအချိန် ရောက်ရှိနေပါတယ်။ မန်ယူဟာ ရှေ့တန်းက ရွန်နေ၊ စမစ်တို့က ဂိုးတွေသွင်းယူနိုင်နေသလို အလယ်တန်းက စီရိုနယ်ဒို၊ ပေါလ်စခိုးလ်နဲ့ မိုက်ကယ်ကာရစ်တို့ကလည်း

ဂိုးတွေသွင်းယူနေကြပါတယ်။ နောက်တန်းက အီဗရာ၊ ဖာဒီနန်၊ ဟိန့်ဇ်နဲ့ အိုရှီးယားတို့ကလည်း အလယ်တန်းနဲ့ တိုက်စစ်ကို ပံ့ပိုးပေးနိုင်သူတွေဆိုတော့ မန်ယူရဲ့ ကစားအားဟာ တကယ့်အထက်မြက်ဆုံး အနေအထားကိုရောက်ရှိနေပါတယ်။

## ဂိုးမပြတ်အောင်

မန်ယူရဲ့တိုက်စစ်မှူးတွေ ဂိုးသွင်းခြေမြူးရင်တော့ ဒီပွဲမှာ အေစီမီလန်တို့ သရေတောင်ရနိုင်ဖို့ မလွယ်သလို ဂိုးမပြတ်အောင်သာ ကြိုးစားရမယ့် အခြေအနေပါပဲ။

မန်ယူနည်းပြ ဖာဂူဆန်ဟာ အေစီမီလန် အသင်းရဲ့ ကစားကွက်ကို သေသေချာချာ လေ့လာနေတယ်လို့ဆိုပါတယ်။ ၁၉၉၉ခုနှစ်က ဘိုင်ယန်မြူးနစ်ကို နှစ်ဂိုး–တစ်ဂိုးနဲ့ အနိုင်ယူခဲ့ပြီး ချန်ပီယံသရဖူကို ရယူခဲ့တဲ့ပွဲမှာ အနိုင်ဂိုးသွင်းခဲ့သူ ဆိုးလ်ရှားကိုလည်း အခု မန်ယူပွဲမှာ ဖာဂူဆန်ထည့်သုံးမှာပါ။ ဖာဂူဆန်အနေနဲ့ဒီပွဲကို အမာခံဘောလုံးသမားတွေ အကုန်သုံးနိုင်ရင်တော့ နိုင်ပွဲရမှာ သေချာနေပါတယ်။ မန်ယူရဲ့ အိမ်ကွင်းနောက်ဆုံးငါးပွဲရလဒ်ကလည်း အကုန်အနိုင်ရထားတာဆိုတော့ ဒီပွဲဟာ ဖာဂူဆန်အတွက်တော့ အိုးထရက်ဖို့ဒ်မှာ ပြုံးပန်းဝေဦးမယ့် ညချမ်းပါပဲ။

ဘင်နီတက်ဇ်

လီဗာပူး နည်းပြ ရာဖေးလ်ဘင်နီတက်ဇ်။

## သတိထား

ဒါပေမယ့် ၂၀၀၅ ချန်ပီယံလိဂ်မှာ ဗိုလ်လုပွဲအထိ တက်ရောက်ခဲ့ပြီး ဗိုလ်လုပွဲမှာ လီဗာပူးကို ပထမပိုင်းပွဲချိန်အတွင်းမှာ သုံးဂိုးသွင်းယူနိုင်ခဲ့ပေမယ့် ရှုံးခဲ့တဲ့ အေစီမီလန်ဟာ အခုအကြိုဗိုလ်လုပွဲမှာတော့ အင်္ဂလန်အသင်းတွေရဲ့အထာကို နည်းပြအန်ဆယ်လော့တီ ကောင်းကောင်းသတိထားမိနေပြီ ဖြစ်ပါတယ်။

## နိုင်ပွဲပါပဲ

အေစီမီလန်ရဲ့ ဂိုးသွင်းအားကောင်းတဲ့ ဂီလာဒီနိုနဲ့ ကာကာတို့က မန်ယူခံစစ်ကြောင်းကိုရအောင် ထိုးဖောက်ဂိုးသွင်းနိုင်ကြသူတွေပါ။ ခံစစ်ကြောင်းအားနည်းမှုကို ပြုပြင်လိုက်ရင် အေစီမီလန်ဟာ တောင့်တင်းခိုင်မာတဲ့အသင်းဖြစ် နေတာမို့ မန်ယူတို့ သတိကြီးကြီးထားပြီး မကစားရင် မမျှော်လင့်တဲ့ရလဒ်တွေရသွားနိုင်ပါတယ်။ ဒါပေမယ့် အေစီမီလန်ရဲ့ နောက်ဆုံးကစားခဲ့တဲ့ အဝေးကွင်း ငါးပွဲရလဒ်က နှစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ တစ်ပွဲရှုံးဆိုတော့ မန်ယူကို သရေလောက်ကလွဲပြီး အခြားရလဒ်ကို မျှော်မှန်းလို့တော့ မရနိုင်ပါဘူး။ မန်ယူတို့နိုင်ပွဲပါပဲ။

**အေစီမီလန်အတွက် အားထားရသော တိုက်စစ်မှူးကာကာ။**
(ဓာတ်ပုံ–အင်တာနက်)

## ချယ်လ်ဆီးနှင့် လီဗာပူး

ဒီနှစ်မှာ ချန်ပီယံလိဂ် သရဖူကို အရယူချင်ဆုံးပုဂ္ဂိုလ်ကတော့ ချယ်လ်ဆီးနည်းပြ မော်ရင်ဟိုပဲ ဖြစ်ပါတယ်။ ချယ်လ်ဆီးအသင်းကို အရှိန်အဟုန်ပြင်းပြင်းနဲ့ မောင်းနှင်နေတဲ့ မော်ရင်ဟိုဟာ ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲစဉ်မှာ လီဗာပူး အသင်းနဲ့ တည့်တည့်လာတိုးတာကလည်း ကံဆိုးခြင်း တစ်ရပ်ပါပဲ။

**မော်ရင်ဟို**

ချယ်လ်ဆီး နည်းပြ မော်ရင်ဟို။
(ဓာတ်ပုံ–အင်တာနက်)

## ခြိမ်းခြောက်မှု

လီဗာပူးဟာ၂၀၀၅ခုနှစ်က ချန်ပီယံလိဂ်ဗိုလ်လုပွဲမှာအေစီမီလန်ရဲ့ ဦးဆောင်ဂိုး သုံးဂိုးကို ဒုတိယပိုင်းပွဲချိန်ရဲ့ ခြောက်မိနစ်အတွင်းမှာ သုံးဂိုးစလုံး ပြန်ချေပြီး နိုင်ပွဲရအောင် ယူနိုင်ခဲ့တဲ့ မှတ်တမ်းဟာ ချယ်လ်ဆီးအတွက် ခြိမ်းခြောက်မှု တစ်ရပ်ပါပဲ။

## ထိပ်ဆုံးမှ ရပ်တည်နိုင်

ပြိုင်ပွဲရလဒ်ကို အချိန်တိုအတွင်း ပြောင်းလဲပစ်နိုင်တဲ့အချိန်ကိုက်လူစားထိုးမှုမှာတော့ လီဗာပူးနည်းပြ ဘင်နီတက်ဇ်ကို မီသူမရှိပါဘူး။ ဒီနှစ်ချန်ပီယံလိဂ်မှာ ဂိုးအများဆုံးသွင်းထားသူတွေထဲမှာ လီဗာပူးတိုက်စစ်မှူး ပီတာခရော့ချ်က ခုနစ်ဂိုးနဲ့ ထိပ်ဆုံးမှာ ရပ်တည်နေသူဖြစ်သလို ဂျရတ်ကလည်း သုံးဂိုးသွင်းထားနိုင်ပါတယ်။

## ခင်းကျင်းမှာ

လီဗာပူးဟာ ချန်ပီယံလိဂ် ကွာတားဖိုင်နယ်မှာ ပီအက်စ်ဗွီနဲ့ အဝေးကွင်း၊ အိမ်ကွင်းနှစ်ပွဲစလုံး ကစားတဲ့အခါ အဝေးကွင်းမှာ သုံးဂိုးပြတ်နဲ့ အနိုင်ရခဲ့သလို အိမ်ကွင်းမှာ တစ်ဂိုး–ဂိုးမရှိနဲ့ အနိုင်ရပြီး အကြိုဗိုလ်လုပွဲတက်ရောက်လာတာဖြစ်ပါတယ်။ ဒါကိုကြည့်ရင် လီဗာပူးဟာ ကွာတားဖိုင်နယ်မှာ ပေးဂိုးမရှိခဲ့ပါဘူး။ ဘင်နီတက်ဇ်ဟာ ခံစစ်အခြေပြုတိုက်စစ်ဆင် ကစားခဲ့တာမို့ အခုချယ်လ်ဆီးနဲ့ပွဲမှာလည်း ဒီဗျူဟာပဲ ခင်းကျင်းမှာ ဖြစ်ပါတယ်။

လီဗာပူးမှာ ပီတာခရော့ချ်၊ ဂါစီယာ၊ ဂျရတ်တို့က ဂိုးသွင်း နိုင်ကြသလို ဇန်ဒန်း၊ စီဆိုကို၊ ရီဆီနဲ့ ပင်နက်တို့က ကွင်းလယ်ကစားကွက်ကို ထိန်းချုပ်နိုင်ကာ တိုက်စစ်ကိုလည်း ပံ့ပိုးထိုးဖောက်ကစားနိုင်သူတွေဆိုတော့ စုစည်းညီညွတ်မှုအားနဲ့ ချယ်လ်ဆီးကိုရင်ဆိုင်မှာသေချာပါတယ်။

လီဗာပူးရဲ့ နောက်ဆုံးကစားခဲ့တဲ့ အဝေးကွင်းငါးပွဲရလဒ်ကတော့ နှစ်ပွဲနိုင် နှစ်ပွဲသရေ တစ်ပွဲရှုံးအနေအထားရှိတာမို့ ချယ်လ်ဆီးကို အားထည့်ပြီး ခြေကုန်ကစားသွားမှာ ဆိုတော့ ဒီပွဲကကြည့်ကောင်းမယ့်ပွဲပါပဲ။

## စွမ်းအားပြည့်

ဒါပေမယ့် ချန်ပီယံလိဂ်ဖလားကို အရယူဖို့ ရည်မှန်းချက်ရှိနေတဲ့ ချယ်လ်ဆီးဟာ အိမ်ကွင်းမှာ လီဗာပူးကို အနိုင်ရအောင် အပြင်းအထန်ကြိုးစား ကစားပါလိမ့်မယ်။ ချယ်လ်ဆီးတို့အားသာ

**အကောင်းဆုံး ဘောလုံးသမားဆု ရေပန်းစားနေသော မန်ယူတောင်ပံကစားသမား စီရိုနယ်ဒို။** (ဓာတ်ပုံ–အင်တာနက်)

ချက်က ဒီပွဲမှာ လူစုံပြန်ကစားနိုင်မှာဆိုတော့ မော်ရင်ဟိုက စွမ်းအားပြည့် ထုတ်သုံးတော့မှာပါ။

ချယ်လ်ဆီးတိုက်စစ်မှူး ဒရော့ဘာဟာ အခုနှစ်ချန်ပီယံလိဂ်မှာ ခြောက်ဂိုးသွင်းထားပြီး ရှက်ဗ်ချင်ကိုက သုံးဂိုးသွင်းထားပါတယ်။ နောက်ပြီးမိုက်ကယ်ဘောလက်ကလည်း ပုံမှန်ခြေစွမ်းတွေပြန်ရလို့ဂိုးပါသွင်းယူပြနေတာကြောင့် ချယ်လ်ဆီးရဲ့ဂိုးသွင်းအင်အား ကတော့ အပျံစားပါပဲ။

## ခက်ခက်ခဲခဲဖြတ်ကျော်

ချယ်လ်ဆီးရဲ့ အိမ်ကွင်းနောက်ဆုံးကစားခဲ့တဲ့ ငါးပွဲရလဒ်တွေကိုကြည့်ရင် ငါးပွဲစလုံးအနိုင်ရရှိထားသလို ဒီနှစ်ဘောလုံးရာသီအတွက် အိမ်ကွင်းမှာ ချယ်လ်ဆီးတို့ ရှုံးပွဲမရှိသေးပါဘူး။ ချယ်လ်ဆီးနောက်တန်း ခံစစ်ကြောင်းမှာ တယ်ရီတို့အုပ်စုက အမှားအယွင်းနည်းကြသလို ပီတာချက်ကလည်း သေချာပေါက်ဂိုးတွေကို တည်တည်ငြိမ်ငြိမ်နဲ့ လက်စွမ်းပြကာကွယ် နိုင်သူဆိုတော့လီဗာပူးတိုက်စစ်မှူးတွေခက်ခက်ခဲခဲဖြတ်ကျော်မှသာ ရပါလိမ့်မယ်။

## အနိမ့်ဆုံးသရေ

ဒါပေမယ့် ချန်ပီယံလိဂ်သမိုင်းမှာတော့ လီဗာပူးနဲ့ယှဉ်ရင် ချယ်လ်ဆီးက ချာတိတ်အဆင့်ပါပဲ။ ချန်ပီယံလိဂ်ရဲ့ ကံတရားအပိုင်းမှာ ချယ်လ်ဆီးတို့လီဗာပူးကို မမီပါဘူး။ လူတစ်ဦးချင်း၊ ကစားအား၊ စွမ်းရည်နဲ့ စုစည်းမှုအပိုင်းမှာတော့ ချယ်လ်ဆီးတို့က ပိုမိုသာလွန်နေတာမို့ ဒီပွဲဟာ ချယ်လ်ဆီးတို့အတွက်တော့ အနိမ့်ဆုံး သရေပွဲဖြစ်နိုင်ပါတယ်။

**"ကျွန်တော်လေးစားတဲ့ နည်းပြတွေထဲမှာ ဘင်နီတက်ဇ်ပါတယ်"**လို့ ဆိုထားတဲ့ ချယ်လ်ဆီးနည်းပြ မော်ရင်ဟိုဟာ ချန်ပီယံလိဂ်အကြို ဗိုလ်လုပွဲမှာ ဘယ်လိုနည်းဗျူဟာနဲ့ စီးချင်းထိုးမယ်ဆိုတာ ရင်ခုန်ဖွယ်ရာစောင့်ကြည့်ရမယ်ဆိုတဲ့အကြောင်း သုံးသပ်ဖော်ပြလိုက်ပါတယ်ခင်ဗျား။ ။

**(မြန်မာ့အလင်း)**

# ကမ္ဘာတစ်လွှား အားကစား

## အင်တာနက် အားကစားသတင်း အတိုအထွာ

* **ဘာစီလိုနာအသင်းသည် ဧပြီ ၁၈ရက်က စပိန်ဘုရင့်ဖလားအကြိုဗိုလ်လုပွဲ ပထမအကျော့ပွဲစဉ်တွင် ဂီတာဖေးလ်အသင်းကို ငါးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရလိုက်သည်။**

* မာဆေးအသင်းသည် ပြင်သစ်ဖလား အကြိုဗိုလ်လုပွဲအဖြစ် ဧပြီ ၁၈ ရက်က နန့်စ်အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့်နိုင်ပြီး ဗိုလ်လုပွဲသို့ တက်ရောက်လာရာ မေ ၁၂ရက်တွင် ဆိုးချောက်အသင်းနှင့် ဗိုလ်လုရမည် ဖြစ်သည်။

* **စတုဂတ်အသင်းသည် ဂျာမန်ဖလား အကြိုဗိုလ်လုပွဲတွင် ဝုလ်ဘတ်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရပြီး ဗိုလ်လုပွဲသို့ တက်ရောက်လာရာ မေ ၂၆ရက်တွင် နူရင်ဘတ်အသင်းနှင့် ဗိုလ်လုရမည်ဖြစ်သည်။**

* အေးဂျက်ဇ်အမ်စတာဒမ်အသင်းသည် ဧပြီ ၁၈ရက်က ဒတ်ချ်ဖလား အကြိုဗိုလ်လုပွဲအဖြစ် ယှဉ်ပြိုင်ကစားရာတွင် ပီကေစီအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရလိုက်၍ ဗိုလ်လုပွဲသို့ တက်ရောက်ခဲ့ရာ မေ ၆ ရက်တွင် အယ်လ်ကမာနှင့် အင်န်အေစီဘရီဒါအသင်းတို့ထဲမှ အနိုင်ရသည့်အသင်းနှင့် ဗိုလ်လုရမည်ဖြစ်သည်။ **(အင်တာနက်)**

စုစည်းတင်ပြသူ
မြင့်မောင်စိုး

အာဆင်နယ်နည်းပြ အာစင်ဝင်းဂါး။ (ဓာတ်ပုံ-အင်တာနက်)

## အာဆင်နယ်နည်းပြ ဝင်းဂါး အာဆင်နယ်၌သာ ဆက်နေမည်

**လန်ဒန် ဧပြီ ၂၀**

အာဆင်နယ်အသင်း နည်းပြ အာစင်ဝင်းဂါးသည် အသင်းဒုတိယဥက္ကဋ္ဌ ဒေးဗစ်ဒိန်း ထွက်ခွာသွားသော်လည်း အသင်း၌ ဆက်လက်နေလိမ့်မည်ဖြစ်ကြောင်း အာဆင်နယ်အသင်းဥက္ကဋ္ဌ ပီတာဟေးလ်ဝုဒ်က ပြောကြားလိုက်သည်။

**နုတ်ထွက်ခဲ့**

ဒေးဗစ်ဒိန်းသည် ၁၉၉၆ ခုနှစ်ကတည်းက အာစင်ဝင်းဂါးနှင့်အတူ အာဆင်နယ်၌ အလုပ်လုပ်ခဲ့သူဖြစ်သည်။ သို့သော်လည်း ၎င်းသည် ဧပြီ ၁၈ ရက်က ဘုတ်အဖွဲ့နှင့် အဆင်မပြေမှုများကြောင့် နုတ်ထွက်သွားခဲ့သည်။

**ဆက်ဆံရေးကောင်းဆဲ**

သို့သော်လည်း အာဆင်ဝင်းဂါးနှင့် ဘုတ်အဖွဲ့ဝင်များအကြား ဆက်ဆံရေးမှာ ကောင်းမွန်နေဆဲဖြစ်ကြောင်း ဟေးလ်ဝုဒ်က အာဆင်နယ် တီဗွီအွန်လိုင်းသို့ ပြောကြားသည်။

**စာချုပ်ထား**

၎င်းသည် အာဆင်နယ်အသင်းနှင့် ၂၀၀၈ခုနှစ်တိုင်အောင် စာချုပ်ထားကြောင်း၊ ယင်းစာချုပ် ကုန်ဆုံးပြီးနောက် ထပ်မံစာချုပ်လိမ့်မည်ဟူ၍လည်း ယုံကြည်ကြောင်း၊ အာစင်ဝင်းဂါးနှင့် ဒေးဗစ်ဒိန်းတို့သည် လွန်ခဲ့သော ၁၁နှစ်က အာဆင်နယ်အသင်းကို အောင်မြင်အောင် ကြိုးစားခဲ့သူများဖြစ်ကြောင်း ဟေးလ်ဝုဒ်က ပြောကြားသည်။ **(အင်တာနက်)**

## ချယ်လ်ဆီးနှင့်ပွဲ မိုက်ကယ်အိုဝင်ပါဝင်ရေး ၅၀ရာခိုင်နှုန်းသာရှိဟု နည်းပြပြောကြား

**လန်ဒန် ဧပြီ ၂၀**

နယူးကာဆယ်တိုက်စစ်မှူး မိုက်ကယ်အိုဝင်သည် တနင်္ဂနွေနေ့တွင် ချယ်လ်ဆီးအသင်းနှင့် ယှဉ်ပြိုင်ရာ၌ ပါဝင်မည်၊ မပါဝင်မည်ဆိုသည်မှာ ၅၀ ရာခိုင်နှုန်းစီရှိကြောင်း နယူးကာဆယ်နည်းပြ ဂလင်းရိုဒါက ပြောကြားသည်။

နယူးကာဆယ်တွင် ရာသီမကုန်မီ ပြန်ကစားတော့မည့် မိုက်ကယ်အိုဝင်။ (ဓာတ်ပုံ-အင်တာနက်)

မိုက်ကယ်အိုဝင်သည် ပြီးခဲ့သည့်နှစ် ဇွန်လက ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် အင်္ဂလန်အသင်းနှင့် ဆွီဒင်အသင်းတို့ယှဉ်ပြိုင်ကစားခဲ့စဉ် ဒူးခေါင်းဒဏ်ရာရခဲ့သဖြင့် ခွဲစိတ်ခံရပြီး ၁၀လကြာ ဘောလုံးကစားခြင်းမှ အနားယူနေခဲ့ရသည်။

**သတိပေး**

မိုက်ကယ်အိုဝင်အား နည်းပြရိုဒါက ရက်ဒင်းနှင့်ကစားမည့် ပွဲစဉ်အထိ စောင့်ဆိုင်းရန်အတွက် သတိပေးပြောကြားလိုက်သည်။

**လေ့ကျင့်**

ဧပြီ ၁၀ရက်က မိုက်ကယ်အိုဝင်သည် အသင်းလေ့ကျင့်ရေးကွင်းသို့ ပြန်လည်ပြီး လေ့ကျင့်နေပြီဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

## ဘာတစ္စတာ အာဆင်နယ်၌ မပျော်နိုင်

**လန်ဒန် ဧပြီ ၂၀**

အာဆင်နယ်ကစားသမား ဘာတစ္စတာက ၎င်းအနေဖြင့် ပရီမီယာလိဂ်တွင် ကစားရသည်မှာ ရုန်းကန်ကြိုးစားနေရကြောင်း ထုတ်ဖော်ပြောကြားခဲ့သည့်အတွက် အာဆင်နယ်အသင်း၌ ၎င်း၏အနာဂတ်နှင့် ပတ်သက်၍ မရေမရာဖြစ်နေခဲ့သည်ဟု ဆိုသည်။

**ရီးရဲမှငှား**

အသက် (၂၆)နှစ်ရှိ ဘာတစ္စတာသည် ရီးရဲမက်ဒရစ်အသင်းမှ ကာလရှည် အငှားလာရောက်ကစားခြင်းဖြစ်သလို ရီးရဲမက်ဒရစ်သို့ ရေးယက်စ်သည်လည်း ကာလရှည် သွားရောက်ကစားလျက်ရှိသည်။

အင်္ဂလန်ရာသီဥတုသည် မိမိကို အစဉ်ခြိမ်းခြောက်နေကြောင်း၊ ရက် ၃၀ တွင် တစ်ရက်မျှသာ နေသာပြီး မိုးအမြဲရွာနေကြောင်း ဘာတစ္စတာက ပြောကြားသည်။

**ဘာနေဗျူးပြန်လို**

ထို့အပြင် ပရီမီယာလိဂ်ပြိုင်ပွဲ ကစားရသည်မှာ အလွန်ခက်ခဲလာကြောင်း၊ ပြိုင်ပွဲမှာလည်း စဉ်းစားချိန်မရအောင် မြန်ဆန်နေကြောင်း၊ ရာသီအကုန်တွင် ဘာနေဗျူးသို့ ပြန်လိုကြောင်း ဘရာဇီးနိုင်ငံသား ဘာတစ္စတာက ပြောကြားသည်။ **(အင်တာနက်)**

မန်စီးတီးနောက်တန်းကစားသမား ရစ်ချတ်။ (ဓာတ်ပုံ-အင်တာနက်)

## အင်္ဂလန်နောက်တန်းလူ ရစ်ချတ် ယူရိုခြေစစ်ပွဲနှင့် လွဲမည်

**လန်ဒန် ဧပြီ ၂၀**

မန်စီးတီးနောက်တန်းလူ ရစ်ချတ်သည် လာမည့် ဇွန် ၆ ရက်တွင် အင်္ဂလန်အသင်း၏ ယူရို၂၀၀၈ ခြေစစ်ပွဲအဖြစ် အက်စ်တိုးနီးယားအသင်းနှင့် ယှဉ်ပြိုင်ကစားရာ၌ လွဲလိမ့်မည်ဖြစ်ကြောင်း ၎င်းကလပ်က ပြောကြားသည်။

**ကြွက်သားခွဲရန်လို**

အသက်(၁၈)နှစ်ရှိ ယာနောက်တန်း ကစားသမား ရစ်ချတ်သည် ခြေသလုံးကြွက်သား ခွဲစိတ်ရန် လိုအပ်ကြောင်း မန်စီးတီးမန်နေဂျာ စတုအတ်ပီယာ့စ်က ထုတ်ဖော်ပြောကြားလိုက်သည်။

**ကစားနိုင်မည်မဟုတ်**

၎င်းသည် မေ ၁၃ ရက် ပရီမီယာလိဂ် ရာသီကုန်ဆုံးချိန်အထိ ပြိုင်ပွဲများနှင့် လွဲမည်ဖြစ်သလို အင်္ဂလန်အသင်း၌လည်း ပါဝင်ကစားနိုင်လိမ့်မည်မဟုတ်ဟု ၎င်းကပြောကြားသည်။

**အနားယူနေရ**

ရစ်ချတ်သည် မတ်လက အင်ဒိုရာအသင်းနှင့် အင်္ဂလန်အသင်းတို့ ယှဉ်ပြိုင်ကစားရာတွင် ပါဝင်ကစားခဲ့ရာ ဒူးခေါင်းဒဏ်ရာရခဲ့၍ မကစားနိုင်ဘဲ အနားယူနေရသူဖြစ်သည်။ **(အင်တာနက်)**

## ရှက်ဖီးနှင့် ရက်ဒင်းအသင်းတို့အား အက်ဖ်အေက ဒဏ်ငွေများရိုက်

**လန်ဒန် ဧပြီ ၂၀**

ရှက်ဖီးယူနိုက်တက် အသင်းနှင့် ရက်ဒင်းအသင်းတို့ကို အက်ဖ်အေက ဇန်နဝါရီ ၂၀ရက်က ယှဉ်ပြိုင်ခဲ့သည့် ပွဲစဉ်တွင် စကားများရန်ဖြစ်ခဲ့၍ ဒဏ်ငွေများ အသီးသီးရိုက်ခဲ့သည်။

**ဒဏ်ငွေ**

အက်ဖ်အေက ရှက်ဖီးအသင်းကို ပေါင် ၁၀၀၀၀ရိုက်ပြီး ရက်ဒင်းအသင်းကို ပေါင် ၅၀၀၀တပ်ရိုက်လိုက်သည်။ ထို့အပြင် ရက်ဒင်းအသင်းနည်းပြ ဝေါလီဒေါင်းနက်စ်အားလည်း ပေါင် ၂၀၀၀ ဒဏ်ငွေရိုက်ခဲ့သည်။

**ထုတ်ပယ်ခဲ့**

အဆိုပါ ပွဲစဉ်တွင် ရက်ဒင်းကွင်းလယ်ကစားသမား စတီဗင်ဟွတ်၏ မျက်နှာကို ရှက်ဖီးအသင်းမှ ဂါလက်စပီက လက်ဖြင့် မသိမသာရိုက်ချခဲ့သဖြင့် ဒိုင်လူကြီးက ဂါလက်စပီအား အနီကတ်ပြ၍ ထုတ်ပယ်ခဲ့၍ နည်းပြနှစ်ဦးစလုံးက ယင်းတို့၏ ကစားသမားများကို အားပေးအားမြှောက် ပြုလုပ်ခဲ့သည်ဟု ဆိုသည်။ **(အင်တာနက်)**

ရီးရဲမက်ဒရစ်မှ လာရောက်ကစားသည့် အာဆင်နယ်ကစားသမား ဘာတစ္စတာ။ (ဓာတ်ပုံ-အင်တာနက်)

## ပရီမီယာလိဂ် ဂိုးခန့်မှန်းချက်

**လန်ဒန် ဧပြီ ၂၀**

ပရီမီယာလိဂ်ပွဲစဉ်(၃၅)ကို ဧပြီ ၂၁ရက်နှင့် ၂၂ရက် ညများတွင် ယှဉ်ပြိုင် ကစားကြမည်ဖြစ်ရာ အင်္ဂလန်ဘောလုံး ကျွမ်းကျင်ပညာရှင် လော်ရို၏ ဂိုးခန့်မှန်းချက်များကို ဖော်ပြလိုက်ပါသည်။

**စနေ**

| | | |
|---|---|---|
| တော့တင်ဟမ် | ၂ - ၂ | အာဆင်နယ် |
| ဘော်လ်တန် | ၂ - ၀ | ရက်ဒင်း |
| ချာလ်တန် | ၂ - ၁ | ရှက်ဖီး |
| ဖူလ်ဟမ် | ၂ - ၁ | ဘလက်ဘန်း |
| လီဗာပူး | ၂ - ၀ | ဝီဂန် |
| ဝက်ဖို့ဒ် | ၁ - ၁ | မန်စီးတီး |
| ဝက်စ်ဟမ်း | ၁ - ၂ | အဲဗာတန် |
| မန်ယူ | ၂ - ၀ | မစ်ဒယ်ဘရော့ |

**တနင်္ဂနွေ**

| | | |
|---|---|---|
| နယူးကာဆယ် | ၀ - ၂ | ချယ်လ်ဆီး |
| အက်စ်တွန်ဗီလာ | ၇ - ၁ | ပို့စ်မောက် |

(အင်တာနက်)

## ဖခင်အမည်မှန်

အထက(၁)၊ မရမ်းကုန်း၊ အဋ္ဌမတန်း ( A)တွင် ပညာသင်ကြားနေသော မဝင်းဝင်းထွန်းလှိုင်၏ ဖခင်အမည်မှန်မှာ ဦးအောင်ထွန်းကြည်ဖြစ်ပါသည်။

## အမည်ပြောင်း

ဦးညီညီလွင်၏သမီး မခင်စန္ဒာနွယ် ရွှေပြည်သာမြို့နယ် (Grade-8)အား မခင်စန္ဒာနွယ် (ခ) မအိအိစိုးစံဟု ပြောင်းလဲခေါ်ပါရန်။

**မခင်စန္ဒာနွယ်(ခ)မအိအိစိုးစံ။**

Golden Star
ချောင်းသာ နေ့စဉ်
ငွေဆောင် April 27,28
အမှတ်-၂၄၊ ၁၅၃လမ်း။ တာမွေ။
Ph:544383,09-5133640

## ဆုတောင်းပြည့် ကျိုက်ပွန်ဘုရား၏ (၅၃၂)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်

ပဲခူးမြို့ ဥသာမြို့သစ် ရပ်ကွက်ကြီး(၆)တွင် ဓမ္မစေတီမင်းကြီး တည်ထားကိုးကွယ်ခဲ့သော ဆုတောင်းပြည့်ကျိုက်ပွန်ဘုရား၏ (၅၃၂)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို အောက်ပါအစီအစဉ်အတိုင်း စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည် ဖြစ်ပါသည်။

၁။ ၁၃၆၉ ခုနှစ်၊ ကဆုန်ကဆန်း ၈ရက်မှ ၁၂ရက်အထိ ပဌာန်းဒေသနာများဖြင့် ရွတ်ဖတ်ပူဇော်ခြင်း။

၂။ ၁၃၆၉ ခုနှစ်၊ ကဆုန်လပြည့်နေ့ မွန်းလွဲ ၁ နာရီတွင် သံဃာတော် အရှင်သူမြတ် ၁၀၈ပါးတို့အား ဆွမ်းဆန်စိမ်းလောင်းလှူခြင်း။

၃။ ၁၃၆၉ ခုနှစ်၊ ကဆုန်လဆန်း ၁၂ရက်မှ လပြည့်ကျော် ၁ ရက်နေ့အထိ "မိုးမင်းဇာတ်သဘင်" အဖွဲ့ဖြင့် ကပြဖျော်ဖြေတင်ဆက်ပါမည်။

သို့ဖြစ်ပါ၍ လှူဒါန်းမှုအစုစုအတွက် လှူဒါန်းလိုသူများနှင့် ဈေးဆိုင်ခန်းလျှောက်ထားလိုသူများ ဂေါပကအဖွဲ့ရုံး ဖုန်း-၀၅၂-၂၄၃၉၄သို့ လာရောက်ဆက်သွယ်နိုင်ပါကြောင်း တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**ဆုတောင်းပြည့်ကျိုက်ပွန်ဘုရား ဂေါပကအဖွဲ့။**

## လက်ထပ်ပြီးစီးခြင်း

ဇရာဝတီတိုင်း၊ ပုသိမ်မြို့နေ
(ဦးအောင်မျိုး)-ဒေါ်စန်းအေးတို့၏ သားကြီး
**ဗိုလ်ကြီးအောင်လွင်မျိုး**
B.A(D.S.A 45th ၊ M1(YU) နှင့်
ကယားပြည်နယ်၊ လွိုင်ကော်မြို့နေ ဦးတင့်ကြူ (လက်ထောက်မြို့နယ်ပညာရေးမှူး၊ ငြိမ်း)-ဒေါ်ခင်ညို (ပညာရေး၊ ငြိမ်း)တို့၏ သမီးငယ်၊ ဦးဖုန်းမြင့်ဝင်း(လ/ထ ညွှန်မှူး)- ဒေါ်မီမီတင့်ညိုတို့၏ ညီမ
**မဂျူလိုင်တင့်ညို**
[B.C.Sc (Q),(Hons] M. C.Sc 1 (MDY)

တို့ကို နှစ်ဖက်သောမိဘများနှင့် ဂုဏ်သရေရှိလူကြီးမင်းများ ရှေ့မှောက်တွင် ၂၀-၄-၂၀၀၇ရက်တွင် နှင်းဆီကုန်းဘိုးဘွားရိပ်သာ၌ လက်ထပ်ပြီးစီးပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့် ဗိုလ်ကြီးအောင်လွင်မျိုး-မဂျူလိုင်တင့်ညို။**

မေ(၂၇)ရက် ညနေ(၅း၀၀)နာရီမှ မေ(၁)ရက် ညနေ(၆း၀၀)နာရီအထိ (၄)ညအိပ် (၅)ရက်ခရီး
မေလီခရီးစဉ် ၄၈၀၀၀/-လက်မှတ်ရောင်းပါပြီ
၁ သံတွဲ(အံတော်၊ ဆံတော်၊ နံတော်) ပြည်ဘုရားဖုံး ရွှေတောင်ရွှေမျက်မှန်၊ ပေါင်းတည်ရွှေစံတော်
၁ ရွှေဆက်တော်၊ လောင်ကြက်၊ မြောက်ဦး၊ ဝေသာလီ၊ မဟာမုနိ၊ စစ်တွေ(ကား/လေယာဉ်) ဟိုတယ်/ဈေး/Guide
၁ မြင်းဦးလှုင်၊ မန္တလေး(ဟိုတယ်/ဈေး)A/C Fully Bus ☎ : 505829 📱 : 09502149 8
ယမုံနာ (BGH) ခရီးသွားလုပ်ငန်း အမှတ် (၉)၊ အင်ပူလမ်းစမ်းချောင်း။

Multi-FOCAL တပ်ဆင်သူများကို
အထူးတလည်ဖိတ်ခေါ်အပ်ပါသည်။
ရုံမျက်မှန်
ဖုန်း-၂၄၇၂၄၇ ရွှေဘုံသာလမ်း(အထက်)။
ဖုန်း-၆၅၂၈၀၂ (၈)မိုင်လမ်းဆုံ။

## မွေးနေ့ဆုတောင်း

၂၁-၄-၂၀၀၇ရက်တွင် ကျရောက်သော ကိုအောင်တိုး (ခ) ကိုဘာဘူ (ခေတ္တ-မလေးရှား) ၏ ကျရောက်သော (၄၂)နှစ်ပြည့် မွေးနေ့မှစ၍ မွေးနေ့ပေါင်းများစွာကို ပိုင်ဆိုင်နိုင်ပြီး၊ ပျော်ရွှင်သော မိသားစုဘဝကို ပိုင်ဆိုင်နိုင်ပြီး နိုင်ငံ့အကျိုး၊ သာသနာ့အကျိုးကို ဆတက်ထမ်းပိုးတိုး၍ ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**မိခင်ကြီး ဒေါ်မူနီး**
**ဦးလေး ဦးစံမြင့်၊ တရားရုံးချုပ်ရှေ့နေ**
**(ခ)ရပ်ကွက်၊ သဃ်န်းကျွန်း။**

မှခင်းပညာပေး အစီအစဉ်အရ ဖော်ပြလိုက်တဲ့
မှုခင်း နှင့် သတင်းဂျာနယ်
ရှုထောင့် (၄၉) (၂၁-၄-၂၀၀၇)ထွက်ပြီ
- အင်းစိန်နဲ့ လသာမြို့နယ်မှာ လူနှစ်ယောက်ကိုသတ်ခဲ့တဲ့တရားခံရဲ့ ဝန်ခံထွက်ဆိုချက်သတင်းအပြည့်အစုံ(ဓာတ်ပုံများစွာဖြင့် ဖော်ပြပါသည်။)
- သဝန်တိုတဲ့ဒေါသကြောင့် အသေဆိုးနဲ့သေရတဲ့ မိန်းကလေး
- ကောင်မလေးတွေပါ အဖမ်းခံရတဲ့ သာကေတကဖဲဝိုင်း စတဲ့သတင်းနှင့် အခြားမှုခင်းသတင်းများ စုံလင်စွာပါရှိမည်။ ဖုန်း-၃၈၅၇၆၆
မြင်ကွင်း (A-14) (၂၂-၄-၂၀၀၇)ထွက်မည်
- အကျင့်ပျက်သူရဲ့ ဖျက်ဆီးမှုကိုခံရတဲ့မိန်းကလေး
- လူ(၇)ဦးနဲ့ လူ(၅)ဦးတို့ရဲ့ ဓားတုတ်နဲ့ ခုတ်ကြတဲ့ရန်ပွဲ
- အလုပ်ဆိုင်ဝန်းပြီး အနိုင်သန်းလုပ်စားနေသူတွေဖမ်းမိ စတဲ့သတင်းများနဲ့ အတူ အခြားမှုခင်းသတင်းများစုံလင်စွာပါရှိမည်။

## လက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့နေ
ဦးခင်မောင်ဇော် (မြို့နယ်ပညာရေးမှူး၊ငြိမ်း)-(ဒေါ်ခင်သန်းရီ)
ဒေါ်မွေးမွေး (ကျောင်းအုပ်ဆရာမကြီး၊ အမက-၂၄၊ သဃ်န်းကျွန်း)တို့၏
သားထွေး
**ဒေါက်တာဇော်ထွေး**
နှင့်
ဦးထွန်းအောင်ကျော်-ဒုတိယ ညွှန်ကြားရေးမှူး၊
အကျဉ်းဦးစီးဌာန(ငြိမ်း)နှင့်
ဒေါ်မိမိဆွေ အထက်တန်းပြဆရာမ(ငြိမ်း)တို့၏သမီးကြီး
**ဒေါက်တာဇင်နွယ်နွယ်ထွန်း**

တို့သည်နှစ်ဖက်မိဘများ၏ ခွင့်ပြုချက်အရ Stockton,USA တွင်(၁၉-၄-၂၀၀၇)ရက်၌ လက်ထပ်ပြီးစီးပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**ဒေါက်တာဇော်ထွေး - ဒေါက်တာဇင်နွယ်နွယ်ထွန်း။**

## အမွေပြတ်စွန့်လွှတ်ခြင်း

မောင်ထူးဝေဦး ၁၂/အစန(နိုင်) ၁၇၃၇၁၄သည် မိဘများကို ကိုယ်စိတ်နှလုံး ညှိုးနွမ်းအောင် အကြိမ်ကြိမ်လုပ်ဆောင်ခဲ့ပြီး ၁၆-၄-၂၀၀၇ရက်က ၎င်း၏ဆန္ဒအလျောက် နေအိမ်မှ ဆင်းသွားပါသဖြင့် ထိုနေ့မှစ၍ အမွေစားအမွေခံသားအဖြစ်မှ ရာသက်ပန်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စများကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

**ဖခင် ဦးဝေဇင် KTN ၀၇၈၆၇၅**
**မိခင် ဒေါ်ခင်မမ PDG ၀၇၂၁၇၅။**

## သမီးနှင့်သားအဖြစ်မှ စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်း၊ ကျားကွက်သစ်ရပ်ကွက်၊ ဓမ္မဝိဟာရလမ်း၊ အမှတ်(၅၁)နေ ကျွန်တော်၏သမီး မရတနာညီညီ ၁၂/တမန(နိုင်) ၁၁၃၂၂၇နှင့် သားဖြစ်သူ မောင်ပြည့်စုံညီညီ ၁၂/တမန(နိုင်) ၁၁၄၄၆၈မောင်နှမနှစ်ဦးသည် ဖခင်အပေါ် စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ခြင်း၊ ဖခင်၏ဆုံးမညွှန်ကြားမှုကို လိုက်နာခြင်းမရှိသည့်အတွက် သမီးနှင့်သားအဖြစ်မှ စွန့်လွှတ်လိုက်ကြောင်း၊ မရတနာညီညီနှင့် မောင်ပြည့်စုံညီညီတို့၏ ပတ်သက်သမျှကိစ္စအဝဝကို တာဝန်မယူပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
(မေးမြန်းစုံစမ်းခြင်းသည်းခံပါ။)

**ဖခင်-ဦးညီညီသိန်း။**

## ပြင်ဆင်ဖတ်ရှုပါရန်

၇-၄-၂၀၀၇ရက်ထုတ် ဤသတင်းစာ စာမျက်နှာ-၁၄တွင်ပါရှိသော ဦးအောင်မြင့်+၃ တို့နှင့်အများသိစေရန်၊ ရှေ့နေဦးလှသိန်း ကြော်ငြာတွင် Mother Land Group and Yadana Myaing Construction ဟုလည်းကောင်း၊ စာပိုဒ်အပိုဒ်ခွဲ၃ တွင် အထက်ဖော်ပြပါဥပစာဟုလည်းကောင်း၊ စာပိုဒ်အပိုဒ်ခွဲ၆တွင် ဒေါ်မြနွယ်သည် ထိုပစ္စည်းများပိုင်ဆိုင်ခွင့်သည်လည်း ကုန်ဆုံးသွားပြီးဖြစ်သည်ဟုလည်းကောင်း ပြင်ဆင်ဖတ်ရှုပါရန်။

## သင့်သွေးဖြင့် အသက်ကယ်ပါ

## ကြေးပိဋကတ် ဝိဘင်္ဂပါဠိတော်ကျမ်းအတွက် အလှူငွေများလှူဒါန်း

**ရန်ကုန် ဧပြီ ၂၀**

ကြေးပိဋကတ်တော် အဘိဓမ္မာ ပိဋကဝင်- ၂ကျမ်းမြောက် "ဝိဘင်္ဂပါဠိတော်ကျမ်း"အတွက် ဦးဆောင်ဆရာတော် ဘဒ္ဒန္တဉာဏ(အစိုးရဓမ္မာစရိယ၊မဟာဂန္ထဝါစကပဏ္ဍိတ) အရှင်မြတ်ထံသို့ လမ်းမတော်မြို့နယ် ဘုန်းကြီးလမ်း လမ်းသစ်ရိပ်သာ အခန်း(၁၁) တိုက်(၆)နေ ဒေါ်တင်တင်ဦးကောင်းမှု၊ သာကေတမြို့နယ် ထူပါရုံ- ၂လမ်းနေ ဒေါ်တင်ရီ(၇၉-နှစ်ပြည့်) မွေးနေ့အလှူ၊ ဗဟန်းမြို့နယ် ရွှေ၂ရပ်ကွက် ရွှေတောင်ကြားလမ်း အမှတ်(၁၄/ဆ)နေ ဒေါ်တင်မလေး (၅၆-နှစ်ပြည့်)မွေးနေ့အလှူ၊ အလုံမြို့နယ် ဌာနာလမ်း အမှတ်(၃၉)နေ နှစ်ဖက်သောမိဘများနှင့် ကိုစိုးမိုးအားရည်စူး၍ ဦးခင်-ဒေါ်တင်တင်မြင့် မိသားစုအလှူ၊ မြောက်ဒဂုံ၊ သိပ္ပံမောင်ဝလမ်း၊ အမှတ် (၄၂)နေ (ဦးလှမင်း)-ဒေါ်ကြင်မေသားသမီး တစ်စုကောင်းမှု၊ ရန်ကင်းမြို့နယ် ၁၃ရပ်ကွက် မြနန္ဒာလမ်း၊ အမှတ်(၃၁၀/ခ)နေ ဦးဝင်းနိုင်-ဒေါ်အေးသိန်း မိသားစုနှင့် နှစ်ဖက်သောမိဘများအားအမှူးထား၍ ဒေါက်တာသန့်ဇင်-မနှင်းပွင့်ဖြူမိသားစု ကောင်းမှု၊ မရမ်းကုန်းမြို့နယ် ၉ ရပ်ကွက် ကမ္ဘာအေးဝါယာလက် ၃လမ်း အမှတ်(၃၉၂)နေ နှစ်ဖက်သော မိသားများအားရည်စူး၍ ဦးအေးစိုး-ဒေါ်မေညွန့်၊ သားမောင်လှမျိုးသိမ်း၊ မောင်စိုးမြင့်သိမ်းနှင့်သမီး ဒေါက်တာစုစုထားမိသားစုကောင်းမှု၊ အင်းစိန်မြို့ တောင်သူကုန်းရပ်ကွက် မင်းကြီးလမ်း အမှတ်(၁၁)နေ ဖေဖေ ဦးမြသန်း-မေမေဒေါ်နုနုတို့အားအမှူးထား၍ သားမောင်ကျော်ဇော၊ မောင်လှိုင်မင်း၊ မောင်နိုင်ထွန်း၊ သမီးမခင်သန်းနု၊ မဝင်းမင်းသန်း မောင်နှမတစ်စုကောင်းမှု၊ စမ်းချောင်းမြို့နယ် မအူပင်လမ်း အမှတ်(၄၄)နေ နှစ်ဖက်သော အဘိုးအဘွားများအားရည်စူး၍ (ဦးတိုင်းဇော်)-ဒေါက်တာမေလှနွယ်၊ သားမောင်ကျော်လင်းဟန် မိသားစုနှင့် ဦးတိုင်းဇော်အားရည်စူး၍ ဒေါက်တာမေလှနွယ်၊ သား မောင်ကျော်လင်းဟန် မိသားစု၊ အမိအဖနှင့်အစ်မကြီးများအားရည်စူး၍ ဒေါက်တာမေလှနွယ်မိသားစုတို့က ကြေးပြားတစ်ချပ်စီ လာရောက်လှူဒါန်းသွားကြသည်။

### ဆက်သွယ်လှူဒါန်းနိုင်

အလှူရှင်များအနေဖြင့် ကြေးပြားတစ်ချပ်လျှင် အလှူငွေကျပ် နှစ်သောင်းငါးထောင်ဖြင့် ဦးဆောင်ဆရာတော် ဘဒ္ဒန္တဉာဏ မင်္ဂလာတိုက်ကျောင်း ကျောင်းတော်ရာရွှေကျင်တိုက် ကိုယ့်မင်းကိုယ့်ချင်းလမ်း ဗဟန်းမြို့နယ် (လမ်းညွှန်- ရေခဲဆိုင်မှတ်တိုင်အနီး၊ ရွှေကောင်းပေါ်ပေါ်နှင့် မျက်နှာချင်းဆိုင်) ဖုန်း-၅၄၈၈၀၅၊ ၀၉-၅၁-၉၅၂၀၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

**မြန်မာနှစ်ဆန်းနှစ်ရက်နေ့က ဗဟန်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့်မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့ပူးပေါင်း၍ နှင်းဆီကုန်း ဘိုးဘွားရိပ်သာတွင် ဥက္ကဋ္ဌ ဒေါ်နိုင်နိုင်အောင်ဦးဆောင်၍ ဘိုးဘွားများအား ခေါင်းလျှော်၊ခြေသည်းလက်သည်းညှပ်ခြင်းတို့ ဆောင်ရွက်ပြီး တိုင်းရင်းဆေးဝါးများနှင့်ဆွမ်းပဒေသာပင်အတွက် ငွေကျပ် ၈၀၀၀၀ ပေးအပ်လှူဒါန်းစဉ်။** (က-ပ)

## မြန်မာ့ရုပ်မြင်သံကြား

**၂၁-၄-၂၀၀၇ရက် (စနေနေ့)**

**နံနက်ပိုင်း**

- ၇း၀၀ ၁။ အဘိဓေ အဂ္ဂမဟာသဒ္ဓမ္မဇောတိကတောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
- ၇း၅၀ ၅။ အတီးပြိုင်ပွဲ
- ၈း၀၀ ၆။ ရေလှောင်တမံရဲနွယ်
- ၈း၁၅ ၇။ တေးဂီတအစီအစဉ်
- ၈း၃၀ ၈။ International News
- ၈း၄၅ ၉။ Grammar Made Easy
- ၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

**နေ့လယ်ပိုင်း**

- ၁၁း၀၀ ၁။ စစ်သည်တေး
- ၁၁း၁၅ ၂။ တေးဂီတအစီအစဉ်
- ၁၁း၃၀ ၃။ ပြည်တွင်းသတင်း
- ၁၁း၄၀ ၄။ ချစ်စရာအရွယ်ကစားကြမယ်
- ၁၂း၀၅ ၅။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
- ၁၂း၄၅ ၆။ လောကနီတိ(အပိုင်း-၃) **"အမေ့သား"** မင်းမော်ကွန်း၊ ပြေတီဦး၊ စိုးမြတ် နန္ဒာ၊ စန်းစန်းဝင်း (ဒါရိုက်တာ-ခင်ဇော်)
- ၁၃း၃၀ ၇။ အကပြိုင်ပွဲ
- ၁၃း၄၀ ၈။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၁၄း၀၅ ၉။ ပန်းလှိုင်တံတား
- ၁၄း၁၀ ၁၀။ အတီးပြိုင်ပွဲ
- ၁၄း၂၀ ၁၁။ **"သတိနဲ့ယှဉ်အသိနဲ့ပြင်" (အပိုင်း-၁)** ဝါးခယ်မရဲမောင်၊ ဘုန်းလျှန်၊ မြတ်ကေသီအောင်၊ ရတနာခင်၊ ဟန်နီထွန်း၊ ပြည့်ဖူးခိုင်၊ နီနီရွှေရည်၊ ဆောင်းနှင်းဝေ၊ ဝိုင်းစုခိုင်သိန်း၊ အိုင်းရစ်လေပြေဦး (ဒါရိုက်တာ-မင်းအုပ်စိုး)
- ၁၄း၃၀ ၁၂။ အရေးပြိုင်ပွဲ
- ၁၄း၄၀ ၁၃။ ချောင်းမငယ်ရေလှောင်တမံ
- ၁၄း၄၅ ၁၄။ International News
- ၁၅း၀၀ ၁၅။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၁၆း၀၀ ၁။ စစ်ချီတေး စစ်သည်တေး
- ၁၆း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆း၃၀ ၃။ English For Every-day Use
- ၁၆း၄၀ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ် (ဓာတုဗေဒအထူးပြု) [ဓာတုဗေဒ]
- ၁၆း၅၅ ၅။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
- ၁၇း၀၅ ၆။ အယူတော်မင်္ဂလာစိန်မြင့်အောင် (မြင်းခြံ)ဆိုင်းအဖွဲ့ ဖျော်ဖြေခြင်း
- ၁၇း၂၀ ၇။ တေးဂီတအစီအစဉ်
- ၁၇း၃၀ ၈။ ရသပေါ်လွင် သရုပ်ဆောင်လွင်ပြင်
- ၁၈း၀၀ ၉။ ညနေခင်းသတင်း
- ၁၈း၃၀ ၁၀။ မိုးလေဝသ အခြေအနေ
- ၁၈း၃၅ ၁၁။ အလှရှာမယ်လှကမ္ဘာဝယ်
- ၁၉း၀၀ ၁၂။ မြန်မာမှုပန်းဆယ်မျိုး (ပန်းယွန်း)
- ၁၉း၁၀ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **"သမားတော်"** (အပိုင်း-၁၈)
- ၂၀း၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်ပန်းနှင်းဆီ"** (အပိုင်း-၉)
- ၁၈။ နောက်တစ်နေ့အစီအစဉ်
- ၁၉။ အစီအစဉ်ပြီး၏။

## မြို့တော်ဂေါက်ကွင်း၌ တစ်ချက်တည်းကျင်းဝင်ခဲ့

**ရန်ကုန် ဧပြီ ၂၀**

ဦးကျော်ကျော် (COSMO)သည် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မြို့တော်ဂေါက်ကွင်း မြကန်သာကွင်း၌ ဧပြီ ၁၉ရက် နံနက် ၉ နာရီက ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ် (၂)ကို ကိုက် ၁၃၀အကွာမှ Nike Golf Ball အား Iron No .8 Precept တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားခဲ့သည်။ ထိုအချိန်တွင် ကစားဖော်များဖြစ်ကြသော ဦးလှမြင့် (Huaqing တာယာ၊ ဘုရင့်နောင်)၊ ဦးသန်းထွန်း (တောင်ကြီး)၊ ဦးစောကျော်လင်း King Metal အလူမီနီယံ)၊ ဦးစိုင်းယီ (Sanyo ကြွေပြား)တို့နှင့်အတူ ကစားခဲ့ကြကြောင်း သိရသည်။ **(က-ပ)**

## မိုး သတိပြုပါ

## အပူချိန် ၂၀-၄-၂၀၀၇

| | |
|---|---|
| | နေပြည်တော် |
| ၄၂ | ဒီဂရီစင်တီဂရိတ် |
| | သီပေါ |
| ၃၃ | ဒီဂရီစင်တီဂရိတ် |
| | အမ်း |
| ၃၇ | ဒီဂရီစင်တီဂရိတ် |
| | ဇန်းမော် |
| ၃၈ | ဒီဂရီစင်တီဂရိတ် |
| | ကလေးဝ |
| ၃၉ | ဒီဂရီစင်တီဂရိတ် |
| | ရန်ကုန်(ကမ္ဘာအေး) |
| ၄၀ | ဒီဂရီစင်တီဂရိတ် |
| | မြင်းခြံ၊ သာယာဝတီ |
| ၄၁ | ဒီဂရီစင်တီဂရိတ် |

## မီးလောင်မှုသတင်း

**ရန်ကုန် ဧပြီ ၂၀**

ရန်ကုန်တိုင်း အင်းစိန်မြို့နယ် ဖော့ကန်ရပ်ကွက် ဓနသိဒ္ဓိလမ်း၌ ဧပြီ ၁၅ ရက် ညနေ ၅ နာရီခွဲခန့်တွင် မီးလောင်မှုဖြစ်ပွားရာ အိမ်တစ်လုံး မီးလောင်ဆုံးရှုံးခဲ့ပြီ လူခြောက်ဦး အိုးမဲ့အိမ်မဲ့ဖြစ်ကာ လူနှစ်ဦးဓာတ်လိုက်ခံရသဖြင့် ဆေးရုံတင်ပို့ခဲ့ရသည်။

### မြင်းမူ

စစ်ကိုင်းတိုင်း မြင်းမူမြို့ ခွက်ခွင်းကျေးရွာအုပ်စု၌ ဧပြီ ၁၇ ရက် ညနေ ၃ နာရီခန့်တွင် မီးလောင်မှုဖြစ်ပွားရာ အိမ်ရှစ်လုံး မီးလောင်ဆုံးရှုံးခဲ့ပြီး အိမ်ထောင်စုရှစ်စု အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ရသည်။

### ဆင်ပေါင်ဝဲ

မကွေးတိုင်း ဆင်ပေါင်ဝဲမြို့နယ် အင်းမကျေးရွာအုပ်စု သာဝတ္တိကျေးရွာ၌ ဧပြီ ၁၈ ရက် ည ၈ နာရီခန့်တွင် မီးလောင်မှုဖြစ်ပွားရာ အိမ်ခုနစ်လုံး မီးလောင်ဆုံးရှုံးခဲ့ပြီး အိမ်ထောင်စုခုနစ်စု အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အမျိုးသားရေးအားမာန်ကို ဖော်ညွှန်းပြသနေသော ဖျာပုံတံတား

မိုးထက်မြင့်
(မြစ်ဝကျွန်းပေါ်)

ဖျာပုံမြစ်ထဲတွင် တံငါလှေငယ်က မျောဆင်းနေသည်။ ဒီရေတက်သော ဤဒေသအတွက် ဘုတ်မက အီနေသည်။ ရေကျနောက်စိုက်နှင့် နွေစပါးများ ဝင်းမှည့်၍ ရိတ်သိမ်းနေသည်။ ရေကျနောက်စိုက် လယ်ထဲတွင် ဗျိုင်းဖြူတစ်အုပ် ပျံသန်းလာသည်။ ဗျိုင်းသည် တောင်သူလယ်သမားများ၏ မိတ်ဆွေဖြစ်ပါသည်။ ဥသြပျံတေးဆိုသည့် နွေရက်များမှာ မြန်မာတို့ သီးထပ်ရိတ်သိမ်းနေကြသည်။ ပဲကောက်သော ကညာပျိုဖြူတို့ လယ်ယာခွင်မှာ ပြည့်နေသည်။ ဘာပဲစိုက်စိုက် မတ်ပဲသီးညှပ်စိုက်ဆိုသော မူအရ မြန်မာ့နွေကို တောင်သူလယ်သမားတို့ အလုဆင်နေပါသည်။

ဒီရေတောနှင့် လတာပြင်တွင် ငါး၊ ပုစွန်တို့ ကျက်စားရာမှ ရွှံ့နွံတောတွင် ကဏန်းတို့က ယက်ကန်ယက်ကန် ဆော့ကစားနေကြသည်။ ငါး၊ ပုစွန်၊ ကဏန်း၊ ငါးပိငါးခြောက်၊ ဖျာပုံပေါ်ဆန်းမွှေး၊ လမု၊ ကနစို-မဒမနှင့် မီးသွေးတို့ထွက်ရှိရာ ဧရာဝတီတိုင်းအတွင်းသို့ စာရေးသူရောက်ရှိနေခဲ့ပါသည်။ မြန်မာနိုင်ငံတွင် ဓနိအများဆုံး ထွက်ရှိပါသည်။ ကောက်ပင်ပျို စိမ်းမြမြက ယိမ်းသမကဟန် ဆောင်နေပါသည်။

ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသဖြစ်၍ နုံးတင်မြေနုများ ပေါများကာ မြေဩဇာကောင်းမွန်ပြီး ပင်လယ်ကမ်းခြေသည် ဧရာဝတီတိုင်းကို တစ်ဝက်ကျော်ကျော်ခန့် ဝန်းပတ်ကာရံထားသည်။ ကုန်းတွင်းပိုင်းတွင် မြစ်ချောင်း၊ အင်း၊ အိုင်များ ပေါများသည်။ ယခင်က အဓိကဆက်သွယ်ရေးလမ်းကြောင်းများမှာ ရေလမ်းခရီးဖြစ်သည်။

ယခု ဧရာဝတီတိုင်း၏ အရှေ့တောင်ဘက်တွင် ရန်ကုန်တိုင်းတည်ရှိသည်။ အရှေ့မြောက်အရပ်နှင့် မြောက်ဘက်တို့တွင် ပဲခူးတိုင်းတည်ရှိသည်။ အနောက်မြောက်တွင် ရခိုင်ပြည်နယ်၊ အနောက်တောင်တွင် ဘင်္ဂလားပင်လယ်အော်နှင့် တောင်ဘက်တွင် ကပ္ပလီပင်လယ်အော်တို့ ဝန်းရံထားသည်။

ဧရာဝတီတိုင်း၏ တောင်ဘက်အရပ်သည် ပင်လယ်ထွက်ပေါက်တံခါးဝသဖွယ် ဖြစ်နေပါသည်။ မြစ်ဝတို့တွင် ကျွန်းကြီး၊ ကျွန်းငယ်များနှင့် ပင်လယ်ရေတိမ်များရှိသည်။ အထင်ရှားဆုံးကျွန်းများမှာ ဟိုင်းကြီးကျွန်း၊ သမီးလှကျွန်းခေါ် လိပ်ကျွန်းနှင့် ဖြုန်းမွှေးကျွန်း၊ မိန်းမလှကျွန်းတို့ဖြစ်သည်။ အနောက်ဘက်ကမ်းရိုးတန်းသည် ကွေ့ကောက်ပြတ်တောက်မှုများသည်။ ယခုအခါ ဧရာဝတီတိုင်းအတွင်း မြို့နယ်ပေါင်း (၂၆)မြို့နယ် ခွဲခြားသတ်မှတ်ထားသည်။

ရှေးဟောင်းမှတ်တမ်းများအရ သာသနာသက္ကရာဇ် (၂၁၈)နှစ်ခန့်က ဧရာဝတီတိုင်းကို အတိသဋ္ဌနဂရတိုင်းဟု ခေါ်တွင်ခဲ့ကြသည်။ ထိုစဉ်က သီရိဓမ္မာသောကမင်း၏ သာသနာပြန့်ပွားရေးဆိုင်ရာ အဆောက်အအုံများကိုလည်း တွေ့ရှိရပါသည်။ သက္ကရာဇ် (၆၀၀)ကျော်တွင် သမုဒ္ဒဃောသမင်းနှင့် ကြင်ဖက်တော် မိဖုရား ဥမ္မာဒန္တီတို့၏ သာသနာပြုလက်ရာ ကောင်းမှုတော်တို့ကို ဖူးတွေ့ရပါသည်။

ဧရာဝတီတိုင်းသည် ပုသိမ်၊ မြောင်းမြ၊ ဟင်္သာတ၊ မအူပင်နှင့် ဖျာပုံ ခရိုင်ဟူ၍ ခရိုင်ငါးခုဖြင့် ဖွဲ့စည်းထားပါသည်။

ဖျာပုံမြို့သည် မြစ်ဝကျွန်းပေါ်တွင် ခရိုင်ရုံးစိုက်ရာမြို့ဖြစ်ပြီး ဖျာပုံမြစ်၏ လက်ယာဘက်ကမ်းပေါ်တွင် တည်ရှိသည်။ ဖျာပုံမြစ်ဆိုသည်မှာ တိုးမြစ်မှ ခွဲထွက်လာသော ကျိုက်လတ်မြစ်၏ အောက်ပိုင်းပင်ဖြစ်သည်။ ဧရာဝတီမှ ခွဲထွက်လာခဲ့သော တိုးမြစ်သည် အောက်ပိုင်းတွင် မြစ်မွှားများ ခွဲထွက်၍ မြေနုကျွန်းပေါ်ဒေသများကို ဖန်တီးပေးထားသည်။ ရန်ကုန်မြို့အပါအဝင် မြစ်ဝကျွန်းပေါ်ဒေသရှိ မြို့များနှင့် ဖျာပုံမြို့သည် ရေလမ်းအားဖြင့် ဆက်သွယ်လျက်ရှိသည်။ အထူးသဖြင့် ကျိုက်လတ်၊ ဘိုကလေး၊ ဒေးဒရဲ၊ မအူပင်၊ ညောင်တုန်း၊ မော်လမြိုင်ကျွန်း စသောမြို့များနှင့် ယခင်က ရေလမ်းခရီးအတိုင်း နေ့ချင်းပေါက်သွားနိုင်ပါသည်။ ဖျာပုံမြို့နှင့် မုတ္တမပင်လယ်ကမ်းရိုးတန်းသည် ၁၂မိုင် ဝေးပါသည်။

ဖျာပုံမြို့သည် ကုန်းဘောင်ခေတ်အလယ်တွင်မှ မြို့အဖြစ် တည်ရှိလာခဲ့ပါသည်။ ရာမညတိုင်း၊ မွန်သုံးရပ်ဒေသတွင် ပါဝင်ခဲ့၍ ရှေးမွန်တို့နေထိုင်ခဲ့ကြပါသည်။ မွန်ဘာသာဖြင့် "ဖျာပုင်"ဟု ခေါ်ခဲ့ရာမှ မြန်မာတို့က "ဖျာပုံ"ဟု မြန်မာလေသံဖြင့် ခေါ်ခဲ့ကြခြင်း ဖြစ်ပါသည်။ မွန်ဘာသာ "ဖျာပုင်"၏ အဓိပ္ပာယ်မှာ "ထမင်းဈေးရပ်"ဖြစ်သည်။ ရှေးမွန်တို့သည် ထမင်း ရောင်းလေ့ရောင်းထ မရှိသော်လည်း ဖျာပုံမြစ်နှင့် ချောင်းကြီးချောင်းငယ်တို့ဆုံရာ အရပ်ဖြစ်၍ ခရီးသွားများ ထမင်း ချက်ပြုတ်စားသောက်ရင်း ဒီရေအတက်အကျကို စောင့်ဆိုင်းစခန်းချလေ့ ရှိခဲ့ပါသည်။ ထိုအချိန်က တဲစုလေးများအဖြစ် စတင်နေထိုင်ခဲ့ရာမှ ရွာဖြစ်လာခဲ့သည်။ မြို့အဖြစ် တိတိကျကျ ဖြစ်လာခဲ့သည်မှာ ကုန်းဘောင်ခေတ် ပုဂံမင်း လက်ထက်တွင် ဖြစ်သည်။ ပဲ့နင်းကြီး ဦးရွှေပေါ် ဦးဆောင်၍ ရွာအဖြစ်မှ မြို့အဖြစ် တည်ထောင်ခဲ့သည်။ ၁၈၇၅ခုနှစ်တွင် သုံးခွခရိုင်(ယခင် မအူပင်ခရိုင်)မှ ခွဲထွက်၍ ဖျာပုံအဖြစ် ဖွဲ့စည်းကာ ခရိုင်ရုံးစိုက်ရာ မြို့ဖြစ်လာခဲ့ပါသည်။ ဖျာပုံမြို့၏ ကျက်သရေဆောင် စေတီတော်မှာ "သက်လွတ်ချမ်းသာစေတီ" ဖြစ်သည်။ ကုသိုလ်ရှင်မှာ ဟံသာဝတီဘုရင် သုရှင်တကာရွတ်ပိ၏ မိဖုရား တလဗရောသမီဖြစ်သည်။ မိဖုရား တလဗရောသမီသည် ယခု ဖျာပုံမြို့ဖြစ်လာမည့် အရပ်တွင် ခိုအောင်း နေထိုင်ခဲ့သည်။ အသက်ဘေးမှ ချမ်းသာရာရရှိခဲ့သော ဒေသဖြစ်၍ ဘုရားတည်ထားခဲ့ခြင်း ဖြစ်သည်။ ထိုဘုရားကို မွန်ဘာသာဖြင့် "ကျိုက်ကမ်ရွှန်"ဘုရားဟု ခေါ်တွင်ခဲ့သည်။ အရပ်သူ၊ အရပ်သားများက ဘုရားတည်ရှိရာ ဖျာပုံမြို့၏ အနောက်ဘက် လိပ်ဥကုန်းအရပ်ကို အစွဲပြု၍ လိပ်ဥကုန်းဘုရားဟု ခေါ်ကြသည်။

ကြက်ပျံမကျ စည်ကားလှသော ဖျာပုံခရိုင်မြို့တော်ကြီး၏ ဂုဏ်ထူးဝိသေသ မြင့်မားစွာဖြင့် ကျက်သရေဆောင် ကျိုက်ကမ်ရွှန် စေတီတော်ကြီးအား ကြည်ညိုသဒ္ဓါပွားခဲ့၍ ဖျာပုံကမ်းနားဈေးဆီသို့ စာရေးသူတို့ကားလေးကို မောင်းနှင်လာခဲ့ပါသည်။

ဖျာပုံတံတားသစ်ကြီးပေါ်သို့ စာရေးသူတို့ ကားလေးထိုးရပ်လိုက်ပါသည်။ ဖျာပုံမြစ်၏ လေနုအေးသည် နွေးထွေးစွာ ခံစားလိုက်ရပါသည်။ စာရေးသူ၏ အတွေးများ စီးမျောလျက် ရှိနေပါသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားတည်ဆောက်ရေးစီမံကိန်း အထူးအဖွဲ့(၇)က တာဝန်ယူ တည်ဆောက်ပြီးစီးသွားသော ဖျာပုံတံတားဖွင့်ပွဲ အခမ်းအနားကို ၂၀-၃-၂၀၀၇ရက်နေ့တွင် အဆိုပါ တံတားအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှုဗဟိုအဖွဲ့ဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် တက်ရောက်၍ အမှာစကားပြောကြားခဲ့သည်။

ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာတွင်-

**ငွေကြေး အကုန်အကျများပြီး နည်းပညာစွမ်းရည်မြင့်မားသော မြစ်ကူးချောင်းကူးတံတားကြီးများ၊ ဆည်မြောင်းတာတမံကြီးများကို ပြည်ပအထောက်အပံ့မပါဘဲ မိမိတို့ နိုင်ငံသူ၊ နိုင်ငံသား ပညာရှင်များ၏ စွမ်းအားဖြင့် တည်ဆောက်နိုင်ခြင်းသည်လည်း လွန်စွာမြင့်မားသည့် အမျိုးသားရေးအားမာန်ကို ဖော်ညွှန်းပြဆိုနေခြင်း ဖြစ်ကြောင်း။**

**ယခုဖွင့်လှစ်သည့် ဖျာပုံတံတားအပါအဝင် နောက်ပိုင်းကာလတွင် တည်ဆောက်သည့် မြစ်ကူးချောင်းကူးတံတားများသည် မြန်မာအင်ဂျင်နီယာများ၏ နည်းပညာစွမ်းအားသာမက မြန်မာ့စက်ရုံ၊ အလုပ်ရုံများက ထုတ်လုပ်သည့် သံမဏိသံပေါင်များ၊ ဆက်စပ်ပစ္စည်းများကိုသာ အသုံးပြု တည်ဆောက်ထားခြင်းဖြစ်သည်မှာလည်း များစွာ ဂုဏ်ယူဖွယ်ပင်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။**

ဖျာပုံမှတစ်ဆင့် အနောက်ဘက် ဘိုကလေးမြို့ဘက်သို့ သွားနိုင်သကဲ့သို့ ရန်ကုန်-ညောင်တုန်း-မအူပင်၊ ကျိုက်လတ်-ဖျာပုံ-ဒေးဒရဲ-ကွမ်းခြံကုန်း-တွံတေး-ရန်ကုန်လမ်း ကွန်ရက်ပတ်လမ်းသည် (Road Network Loop)လည်း ကျယ်ဝန်း ပေါက်မြောက် သွားရောက်နိုင်ခဲ့ပြီး ဖြစ်ပါသည်။ ပင်လယ်ကမ်းစပ်ဒေသများဖြစ်သည့် ကျုံကဒန်း၊ မြို့ကုန်း၊ ဒေါ်ညိမ်း၊ ဆိပ်မ၊ နောက်မီး၊ အမာမြို့များအထိ အတိုဆုံးခရီးဖြင့် လမ်းများပွင့်သွားခဲ့ပြီ ဖြစ်ပါသည်။

ဖျာပုံတံတားသည် သံမဏိသံပေါင် အမျိုးအစားဖြစ်ပြီး တံတားအောက် အုတ်မြစ်သည် သံကူကွန်ကရစ်အမျိုးအစား ဖြစ်သည်။ ပင်မတံတား အပါအဝင် တံတား၏စုစုပေါင်းအရှည်မှာ ၃၉၃၃ ပေ ဖြစ်သည်။ ဤတံတားကြီးသည် ၁၉၈၈ ခုနှစ်နောက်ပိုင်း တည်ဆောက်ဖွင့်လှစ်သည့် ပေ ၁၈၀ နှင့်အထက် တံတားကြီးများ၏ ၂၀၃ စင်းမြောက် တံတားဖြစ်သည်။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက နှစ်စင်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာနက ခုနစ်စင်း၊ တပ်မတော်က ၁၁ စင်း အပါအဝင်ဆိုလျှင် ၂၂၃ စင်းရှိခဲ့ပြီ ဖြစ်ပါသည်။ ဧရာဝတီတိုင်းအတွင်း၌ ၄၃ စင်းမြောက် တံတားဖြစ်ပါသည်။ ဖျာပုံတံတားကို ၂၀၀၃ ခုနှစ် ဧပြီလက စတင်တည်ဆောက်ခဲ့ပြီး ၂၀-၃-၂၀၀၇ ရက်နေ့တွင် အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ခြင်း ဖြစ်ပါသည်။

ဖျာပုံတံတားသည် ဧရာဝတီတိုင်း ဒေးဒရဲမြို့နယ် အုန်းပင်ကျေးရွာနှင့် ဖျာပုံမြို့ (၁)ရပ်ကွက်တို့ကို ဆက်သွယ် တည်ဆောက်ထားသည့် တံတားကြီးဖြစ်ပါသည်။ ဧရာဝတီတိုင်း ၂၆ မြို့နယ်အတွင်းရှိ ကျေးရွာ ၁၁၇၀၁ ရွာတွင် အကြားအလပ်မရှိ တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးရွာချင်းဆက်လမ်းများ၊ ကျေးရွာနှင့် မြို့ပြဆက်သွယ်ရေးလမ်းများ ပြည်ထောင်စုလမ်းမကြီးနှင့် ဆက်သွယ်သည့်လမ်းများကိုလည်း ဖောက်လုပ်ခဲ့ပြီး ဖြစ်ပါသည်။

ဖျာပုံတံတားသည် ရန်ကုန်တိုင်းအတွင်း တည်ဆောက်ထားသည့် ပန်းလှိုင်တံတား၊ တွံတေးတံတားတို့နှင့် ဧရာဝတီတိုင်းရှိ ဒေးဒရဲတံတားကတစ်ဆင့် ရန်ကုန်-ညောင်တုန်း- မအူပင်-ကျိုက်လတ်-ဖျာပုံ-ဒေးဒရဲ-ကွမ်းခြံကုန်း-ဒလ ကွန်ရက်ပတ်လမ်းကို ဆက်စပ် ဖြစ်ပေါ်စေခဲ့ပါသည်။

ဧရာဝတီတိုင်းအတွင်း၌ ၁၉၈၈ခုနှစ် မတိုင်မီက ကားလမ်းမိုင် ၄၀၀ ကျော်သာရှိခဲ့ရာမှ ယနေ့ဆိုလျှင် ကားလမ်းမိုင် ၁၃၀၀ ကျော်ရှိလာခဲ့ပါသည်။ ယခုဆိုလျှင် ရန်ကုန်မြို့မှ ဘုရင့်နောင်တံတား၊ ဗိုလ်မြတ်ထွန်းတံတားတို့ကတစ်ဆင့် ဓနုဖြူ-ဇလွန်-ဟင်္သာတဘက်-ပန်းတနော်-အိမ်မဲ-ပုသိမ်ဘက်တို့ကို နေ့ချင်းပြန် ခရီးပေါက်ခဲ့ပြီး ဖြစ်ပါသည်။ တိုင်းကြီး နှစ်တိုင်း၏ မြို့တော်နှစ်ခုသည်လည်း နေ့ချင်းပေါက်ခဲ့ပါပြီ။

အမျိုးသားရေးအားမာန်ကို ဖော်ညွှန်းပြသနေသော ဖျာပုံတံတားကြီး တည်ဆောက် ဖွင့်လှစ်နိုင်ခဲ့ခြင်းအတွက် ဧရာဝတီတိုင်းအတွင်း၌ ညောင်တုန်း၊ ပန်းတနော်-ဝါးခယ်မ-မော်လမြိုင်ကျွန်း-ဘိုကလေး-ဖျာပုံ တောက်လျှောက်လမ်းပေါက်ရန် ဆောင်ရွက်နေခြင်းကြောင့် ဖျာပုံ-ဒေးဒရဲလမ်းမှတစ်ဆင့် နောက်ထပ် ကွန်ရက်ပတ်လမ်းတစ်ခု ဖြစ်ပေါ်လာနေပြီ ဖြစ်ပါကြောင်း၊ ဧရာဝတီတိုင်းသည် အခြားပြည်နယ်၊ တိုင်းများနည်းတူ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့ပြီး တည်ငြိမ်အေးချမ်း ဖွံ့ဖြိုးလျက်ရှိပါကြောင်း ရေးသားဖော်ပြလိုက်ရပါသည်။ ။

## ဖျာပုံတံတား

**ဧရာဝတီတိုင်းအတွင်း ၄၃စင်းမြောက် တံတားဖြစ်လာသော ဒေးဒရဲမြို့နယ် အုန်းပင်ကျေးရွာနှင့် ဖျာပုံမြို့ (၁)ရပ်ကွက်တို့ကို ဆက်သွယ် တည်ဆောက်ထားသည့် ဖျာပုံတံတားကို ဤသို့ တွေ့ရသည်။**

(မြန်မာ့အလင်း)

21-4 (15) 1 4/21/07, 1:54 PM

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း(မူလကျောင်းဟောင်း)အနောက်ဘက် တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိက အဆောက်အအုံများ ဆောက်လုပ်ရန်အတွက် (ဗုဒ္ဓဂယာ) အောင်ချမ်းသာ ဘုရားဖူးအဖွဲ့အမှတ် ၁၅/၂၀၀၆မှ ဦးသိန်းနိုင်–ဒေါ်ကြည်ကြည်ထွေး၊ ဦးအောင်သန်း–ဒေါ်တင်တင်ဝင်း၊ ဒေါ်စန်းစန်းမြင့်၊ ဒေါ်အေးအေးစမ်း၊ ဒေါ်ရီရီရှိန်၊ ဦးအောင်ဇေယျ–ဒေါ်အေးသွယ်၊ ဦးဉာဏ်ထွန်း–ဒေါ်အုန်းကြည်၊ ဒေါ်နန်းငွေကြည်၊ ဒေါ်နန်းမွန်၊ ဒေါ်ဥ၊ ဒေါ်လှသက်ထား၊ ဒေါ်သီသီဝင်း၊ ဦးကျော်–ဒေါ်အုန်းတင်မိသားစုတို့က အလှူငွေကျပ် နှစ်သိန်းနှစ်သောင်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် (ဂမုန်းပွင့်ဘေးလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း အမှူးဆောင်ဆရာတော် (ပြည်တော်သာ)အရှင်စန္ဒန (ဓမ္မာစရိယ)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က–ပ)

## သံဖြူဇရပ်မြို့ ပျိုးဥယျာဉ်၌ ပန်းအလှပင်များ ပျိုးထောင်

**သံဖြူဇရပ် ဧပြီ ၁၅**

သံဖြူဇရပ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်တွင် ပန်းအလှပင်များ ပျိုးထောင်ထားရှိမှုကို မတ် ၃၀ရက်က မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင်မောင်လွင်နှင့်အဖွဲ့ ကြည့်ရှုစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်မောင်သန်းက လုပ်ငန်းဆောင်ရွက်မှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

**နှစ်ဖက် မိဘများ ဖြစ်ကြသော ဦးကျန်–ဒေါ် ညွန့် ယုံ၊ ဦးလှ–ဒေါ်စုတို့အား ရည်စူး၍ ရန်ကုန်တိုင်း လှိုင်မြို့နယ် (၈) ရပ်ကွက် မယ်ဇီကုန်းလမ်းအမှတ် (၄၄–က) နေ ဦး သန်း လွင်–ဒေါ်စိန်စိန်၊ သားသမီး၊ မြေးတစ်စုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ် ကျောင်းတော်ကြီးအတွက် အလှူငွေကျပ် ငါးသိန်းကို ဒွိပိဋကဆရာတော် ဘဒ္ဒန္တဇဋိလထံ ရေစက်ချ အနုမောဒနာတရား နာယူပြီး တိ=နိ(ရန်ကုန်ဌာန) လက်ထောက်အုပ်ချုပ်ရေးမှူး ဦးထိန်ဝင်းထံ ပေးအပ်လှူဒါန်းစဉ်။** (က–ပ)

## ချမ်းအေး ဓမ္မစာဆိုပညာရှင်ကြီးများ ပူဇော်ပွဲနှင့် ဓမ္မစာပေဆုပေးပွဲ ကျင်းပမည်

**ရန်ကုန် ဧပြီ ၂၀**

မြတ်ဗုဒ္ဓ၏စစ်မှန်သော ထေရဝါဒသာသနာတော် အရှည်တည်တံ့ပြန့်ပွားစေရန် ရည်သန်လျက် ချမ်းအေးဆရာတော် အရှင်နာဂသေနာဘိဝံသမထေရ်၏ ဦးဆောင်မှုဖြင့် ကျင်းပသော (ကောဒသမ) အကြိမ်မြောက် ချမ်းအေးဓမ္မစာဆိုပညာရှင်ကြီးများ ပူဇော်ပွဲနှင့်စတုတ္ထအကြိမ်မြောက် ကိုယ်ကျင့်သီလပဓာနခေါင်းစဉ်ဖြင့် ကျင်းပသော ချမ်းအေးဓမ္မစာပေပြိုင်ပွဲတွင် ဆုရရှိကြသော ပါဠိပါရဂူဦးချမ်းသာ ပထမဆု၊ ဦးဟန်ဌေး(သုတေသန) ဒုတိယဆု၊ ဘိုကလေး အရှင်ပဏ္ဍိတ တတိယဆု၊ ခိုင်မြဝါ အထူးဆုနှင့် ဦးငွေအောင်မွန် အထူးဆု ရရှိသူများအား ဆုများချီးမြှင့်ပွဲ အခမ်းအနားကို ဧပြီ၂၂ (တနင်္ဂနွေနေ့)တွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက် လှရတနာ ကျောင်းဆောင်၌ ကျင်းပမည်ဖြစ်ရာ ဆုရသူများသည် ဥက္ကဋ္ဌ ချစ်ဦးညို ဖုန်း–၂၉၉၇၇၃နှင့် အတွင်းရေးမှူး အရှင်ဝိလာသ (ဝေမိုး–ကျွန်းလှ) ဖုန်း–၅၇၂၁၀၆ တို့သို့ ဆက်သွယ်ရန် နှိုးဆော်ထားကြောင်း သိရသည်။ **(က–ပ)**

**ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် (၅)ရပ်ကွက် တကောင်းလမ်းအမှတ် ၅၇၇နေ ဘိုးဘွားများနှင့် ဖခင် ဦးစိန်မြင့် – မိခင်ဒေါ်အုန်းကြည်၊ ကိုကြီး သန့်ဇင်ဦးနှင့် မောင်နှမများအမှူးထား၍ မောင်နေထွန်းလင်းက ဧရာဝတီတိုင်း မြန်အောင်မြို့ ပရဟိတ မြို့ရွှေကျောင်းတိုက် မြန်အောင်သမ္ဗုဒ္ဓေ စေတီရံ နဂါးရုံဘုရားတစ်ဆူအတွက် အလှူငွေကျပ် တစ်သိန်းနှစ်သောင်း လှူဒါန်းရာ သာသနာပြုဆရာတော်က ဂုဏ်ပြုလွှာ ချီးမြှင့်တော်မူစဉ်။** (က–ပ)

## တိုက်ကြီး တဘူး–ရေသိုး ကျေးရွာချင်းဆက်လမ်းဖွင့်

**တိုက်ကြီး ဧပြီ ၈**

ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် တဘူး–ရေသိုး ကိုယ့်အားကိုယ်ကိုး ကျေးရွာချင်းဆက် လမ်းသစ်ဖွင့်ပွဲကို မတ် ၂၁ရက်က အဆိုပါလမ်းသစ်မုခ်ဦး၌ ကျင်းပသည်။

အခမ်းအနားသို့ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးဝင်းမောင်၊ ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးဟန်စိန်၊ မြို့နယ်ရဲတပ်ဖွဲ့ ဒုတိယရဲမှူး စိန်ဝင်းနှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများ တက်ရောက်ကြသည်။

ထို့နောက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးတင်ဝင်း၊ လမ်းတံတားအလှူရှင် ဦးဖိုးတူနှင့် လမ်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

အဆိုပါလမ်းမှာ မြေသားလမ်း လေးမိုင်နှစ်ဖာလုံ၊ ဂဝံလမ်းတစ်မိုင်နှင့် ၃၆ပေX၁၂ပေ အုတ်ခုံခံသစ်သားတံတား တစ်စင်းတို့ကို စည်ပင်သာယာရေးအဖွဲ့ရန်ပုံငွေကျပ်သိန်း ၁၂၀၊ ပြည်သူများထည့်ဝင်ငွေကျပ် ၁၉၁ ဒသမ၂၅သိန်းဖြင့် အကုန်အကျခံကာ ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သည်။

**(မြို့နယ် ပြန်/ဆက်)**

## မြို့နယ် သတင်းများ

## ဝမ်းတွင်းမြို့နယ် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့် စာကြည့်တိုက်နှင့်ပတ်သက်သော စာရွက်စာတမ်းများ လွှဲပြောင်းပေးအပ်

**မိတ္ထီလာ ဧပြီ ၁၂**

မန္တလေးတိုင်း မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ညောင်ပင်သာကျေးရွာတွင် ဖွင့်လှစ်ထားရှိသော သော်တာလင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အဆောက်အအုံသစ်လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို မတ် ၃၁ရက် နံနက် ၁၁နာရီက အဆိုပါ စာကြည့်တိုက်တွင် ကျင်းပသည်။

**ဖွင့်လှစ်**

ရှေးဦးစွာ တိုင်းပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးနှင့် မြို့နယ် ဒုတိယဦးစီးမှူး ဦးဝင်းမောင်တို့က သော်တာလင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ထို့နောက် တိုင်းပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးက စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ကျေးရွာဥက္ကဋ္ဌ ဦးကျော်နေလင်းက စာကြည့်တိုက် ဖြစ်ပေါ်လာပုံကို ရှင်းလင်းတင်ပြသည်။

**လှူဒါန်း**

ဆက်လက်၍ ခရိုင်ဦးစီးမှူးက ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အတွက် သုတ၊ရသစာအုပ် ၁၀၀ကို ပေးအပ်လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌက လက်ခံရယူသည်။

**လွှဲပြောင်းပေးအပ်**

ထို့နောက် ကျေးရွာပြည်သူများကိုယ်စား မကြည်ကြည်မြင့်က စာပေဖတ်ရှုရခြင်း အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားပြီး ကျေးရွာဥက္ကဋ္ဌက စာကြည့်တိုက်နှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို မြို့နယ်ဦးစီးမှူး ဦးဝင်းမောင်သို့ လွှဲပြောင်းပေးအပ်သည်။ **(ခရိုင် ပြန်/ဆက်)**

## နမ္မတီးကျေးလက်ဈေး ယင်လုံဆန်ခါဖြင့် ရောင်းချ

**မိုးကောင်း ဧပြီ ၁၀**

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် နမ္မတီးကျေးလက်ဈေး သန့်ရှင်းသပ်ရပ်ရေး၊ ယင်နှင့်အနံ့အသက်ဆိုးများ ကင်းရှင်းရေးအတွက် အသား၊ ငါးအရောင်းဆိုင်များ၌ ယင်လုံဆန်ခါဖြင့် ရောင်းချမှုကို ဧပြီ၃ ရက်က အမှုဆောင်အရာရှိ ဦးစန်းဝင်း ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(၄၁၆)**

**မတ် ၁၁ရက်က အမက(၃) အလုံကျောင်းတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးခင်က သူငယ်တန်းမှ မောင်ရဲမာန်အောင်အား ပညာရည်ချွန် ပထမဆု ချီးမြှင့်စဉ်။** (ပညာရေး)

## မြန်မာ့အသံ နားဆင်စရာ

**၁၃၆၉ ခုနှစ် ကဆုန်လဆန်း ၇ ရက်**
**၂၂–၄–၂၀၀၇ (တနင်္ဂနွေနေ့)**

**နံနက်ပိုင်း**

- ၀၇း၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ ဝဋ္ဋသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

**နေ့လယ်ပိုင်း**

- ၁၀း၀၀ သုတစုံစွာသိမှတ်စရာ (ကျန်းမာရေးအကြောင်း သိကောင်းစရာ–သိပ္ပံမှူးတင်)
- ၁၁း၁၅ စက်မှုစွမ်းအား ခေတ်ကျော်လွှား (ကျောက်ဆည်စက်မှုဇုန်မှ ဘိလပ်မြေစက်ရုံ၏ ထုတ်လုပ်မှုများအကြောင်း)
- ၁၁း၃၀ မေတို့တွက်တာ အလုကမ္ဘာ (မိန်းကလေးတိုင်းရဲ့ အလှတရားကို ဖြည့်ဆည်းပေးမှာ)
- ၁၁း၄၅ ခံစားနားဆင် မြန်မာတေးသံစဉ်
  (၁) မမေ့သည်သာ (နုနုလွင်)
  (၂) ချစ်လက်ဆောင် (ကိုမြသိန်း)
  (၃) ချစ်သူ့နယ်မြေ (မြို့တော် ဝင်းဝင်းမြတ်)
- ၁၂း၀၀ ကလေးများ၏ ပုံပြောပြိုင်ပွဲ (မြရတနာ)
- ၁၂း၃၀ ဇာတ်လမ်းပမာနားဆင်စရာ (အတိတ်ကံ)
- ၁၃း၁၀ ယဉ်ကျေးမှု အနုပညာ (အပူငွေ့နှင့် ပွင့်သောပန်း)

**ညနေပိုင်း**

- ၁၆း၁၀ နေ့စဉ်သုံး အီဒီယမ်
- ၁၇း၀၀ သူ့လက်သံ (လှိုင်ဝင်းမောင် မကွေး၏ စောင်းလက်သံ)
- ၁၇း၁၅ မြန်မာ့မူဟန်ဇာတိမာန် ဟောပြောချက် (မင်းကောင်း အနော်ရထာ–ဒေါ်ထားကြည်–ဘီအေ)
- ၁၇း၃၀ တေးသံရှင်အကြိုက် (ရွှေရည်ဝင်းလတ်)
- ၂၀း၃၀ အင်္ဂလိပ်စကားပြောသင်ခန်းစာ (ဒေါ်နှင်းရည်)
- ၂၀း၄၀ ခံစားနားဆင်မြန်မာတေးသံစဉ်
  (၁) ဇရာ (ကိုမင်းနောင်)
  (၂) ရွက်စိမ်း (ခင်ညွန့်ရီ)
  (၃) ချစ်သူရှေ့မှောက် ရောက်လေသောအခါ (တင်မောင်ကြည်)

## ကြည့်ရှုစစ်ဆေး

ဧပြီ၁၉ ရက်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ဆေးဝါးလုပ်ငန်းစက်ရုံ (ပြင်ဦးလွင်) တွင် ကြည့်ရှုစစ်ဆေးစဉ်။

(သတင်း-ရှေ့ဖုံး)

(သတင်းစဉ်)

# ပိမိဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအကျဆုံးဖြစ်သည့် လမ်းပန်းဆက်သွယ်မှုကောင်းမွန်အောင် အကောင်အထည်ဖော်နိုင်ခဲ့ ကျောင်းဆောင်သစ်များ ဆောက်လုပ်ပေးနိုင်ခြင်းသည် မွန်မြတ်မြင့်မားလှသည့် 'နှလုံးလှ'လုပ်ငန်းစဉ်များဖြစ်

**ရန်ကုန် ဧပြီ ၂၀**

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်လှရွှေဝင်းနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာလာပြီး လှိုင်သာယာ-တွံ့တေးကားလမ်းနှင့် တမာတကော-ထိန်ကုန်း-ဝါးရုံဆိပ်လမ်းဆုံသို့ရောက်ရှိကြရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

***စာမျက်နှာ ၃ ကော်လံ ၁*** ❒

### နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကို လည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေးဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး



### စက်ရေတွင်းများ စစ်ဆေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ကော့မှူးမြို့နယ်၏ မြို့ရေပေးဝေရေး စက်ရေတွင်းများကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

# NLD ပါတီသည် နိုင်ငံနှင့်လူမျိုး ဒုက္ခရောက်စေမည့် ထိပ်တိုက်ရင်ဆိုင်တွေ့ဆုံရေးလုပ်ရပ်ကိုသာ ရွေးရှုဆောင်ရွက်နေ ပါတီအပေါ် ယုံကြည်မှုမရှိ၍ ဘိုကလေးမြို့နယ်မှ ပါတီဝင် ၂၂ဦးနုတ်ထွက်

**ရန်ကုန် ဧပြီ ၂၀**

ဧရာဝတီတိုင်း ဖျာပုံခရိုင် ဘိုကလေးမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော ကျီးစုကျုံဖားကျေးရွာမှ ဦးဖိုးထူးလေး(ခ)ဦးတင်အောင်ဝင်း၊ ဦးကျော်၊ ဦးဇော်ထွန်း၊ ဒေါ်ခင်သိန်း၊ ဒေါ်သန်းရီ၊ သပြေကုန်းကျေးရွာမှ ဦးငွေနိုင်၊ အထက်မြင့်တန်းကျေးရွာမှ ဦးသီလ၊ ဘုရားသုံးဆူကျေးရွာမှ ဦးလှမြင့်၊ ဦးအောင်ကျော်သူ၊ တမန်ကွဲကျေးရွာမှ ဦးလှမိုး၊ အောက်မြင့်တန်းကျေးရွာမှ ဦးစိန်မြင့်၊ လင်းတိုင်ကျေးရွာမှ ဦးသန်းဝင်း၊ ခနောင်ရွာမှ ဦးဖိုးငို၊ ဦးငြိမ်းမောင်၊ ကနီကြီးကျေးရွာမှ ဦးလှဦး၊ ဦးစံဝင်း၊ စိန်ဟိုင်းကျေးရွာမှ ဦးသော်၊ ဦးလှရီ၊ ဦးကျော်မိုး၊ ဘိုကလေးမြို့မှ ဦးတင်မောင်ဝင်း၊ သူဇာကျေးရွာမှ ဦးလှကြည်နှင့် ဦးတက်တိုးတို့ ၂၂ဦးသည် မတ်၂၂ရက်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီမှနုတ်ထွက်ကြောင်း ၎င်းတို့၏ ဆန္ဒအလျောက် နုတ်ထွက်လွှာများ ရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ဌာနချုပ်နှင့် သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်းများသို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

ဘိုကလေးမြို့နယ် ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ခွဲသို့ပေးပို့သော နုတ်ထွက်လွှာများတွင် NLD ပါတီသည် ပါတီနိုင်ငံရေးသန့်သန့်ကိုသာ ဆောင်ရွက်နေခြင်းမျိုးမဟုတ်ဘဲ နိုင်ငံနှင့်လူမျိုး ဒုက္ခရောက်စေမည့်ထိပ်တိုက် ရင်ဆိုင်တွေ့ဆုံရေး လုပ်ရပ်များကိုသာ ရွေးရှုဆောင်ရွက်နေသဖြင့် NLD ပါတီ၏ လုပ်ရပ်များအပေါ် စိတ်ပျက်လာပြီး ပါတီဝင်အဖြစ် ဆက်လက်ရပ်တည်လိုစိတ်မရှိတော့ကြောင်း၊ ပါတီနှင့် ပါတီခေါင်းဆောင်များအပေါ် ယုံကြည်မှုမရှိတော့သဖြင့် ၎င်းတို့၏ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ **(သတင်းစဉ်)**